The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 28 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 1 , 2016

ဆန်ချောနဲ့ ဆန်ကြမ်း (ရှယ်) တွေ အဝယ်လိုက်

|pmrsu ESF- 4|

ပြည်ပသို့ရေထွက်ကုန် တင်ပို့ရာ၌ အရည်အသွေး ထောက်ခံချက်မပါလျှင် အရေးယူမည်

|pmrsu ESF- 6|

မုံရွာ ဆီထွက်သီးနှံ ဈေးကွက် နှမ်းဈေးမော့လာ

|pmrsu ESF- 6|

နယ်စပ်ကုန်သွယ်မှုအရ အရေးပါသည့် မူဆယ် (၁၀၅) မိုင်တွင် မော်ဒွန်ရွှေလီကုန်သွယ်မှုဇုန်ဟိုဒ္ဒနကို အောင်မြင်စွာဖွင့်လှစ်

|pmrsu ESF- 15|

# အရှေ့အနောက်ပင်လယ်ပေါင်းကူး ( သို့ ) မောတောင်




မောတောင်ဆိုတာ မြိတ်မြို့ရဲ့ အရှေ့ဘက် ၁၁၈ မိုင်အကွာ၊ တနင်္သာရီ မြို့နယ် သိန်ခွန်းကျေးရွာအုပ်စုမှာရှိတဲ့ ထိုင်းနယ်စပ်က မြန်မာရွာလေး တစ်ရွာပါ။ မောတောင်နဲ့ကပ်လျက် နယ်နိမိတ်ချင်း ထိစပ်နေတာကတော့ ထိုင်းပင်လယ်ကွေ့၊ ကရာကျွတ်ကရီ ရန်ခရိုင်မှာရှိတဲ့ ဗန်ကောက်-ရနောင်း ကားလမ်းနဲ့ ၁၅ မိုင် အကွာက ဒန်ဆင်ခွန်း ထိုင်းရွာလေးပဲ ဖြစ်ပါတယ်။ မောတောင်-ဒန်ဆင်ခွန်းဆိုတဲ့ နှစ်နိုင်ငံနယ်စပ်ဒေသလေးဟာ အနောက်ဘက် ကပ္ပလီပင်လယ် မြိတ်ဒေသနဲ့ အရှေ့ဘက် ထိုင်းပင်လယ်ကွေ့ (ကရာကျွတ်ကရီရန်ဒေသ) တို့ကို ပေါင်းကူးဆက်သွယ်ပေးထားတဲ့ နယ်စပ်ဖြတ်သန်းနေရာလေးဖြစ်ပြီး အနောက်ဘက်ရှိ တနင်္သာရီဒေသရဲ့ စီးပွားရေးအချက်အချာကျတဲ့ မြိတ်မြို့ကို ကားနဲ့ လေးနာရီခရီး၊ မြောက်ဘက် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ကို ငါးနာရီခရီးနဲ့

|pmrsu ESF- 17|



## ဟင်းသီးဟင်းရွက်များသည်စားသုံးရန်သင့်တော်ပါသလား

Vegetable ဟူသော အသုံးအနှုန်းသည် အင်္ဂလိပ်စကားလုံး အဖြစ် ၁၅ရာစုတွင် စတင်သုံးစွဲခဲ့ပြီး ပြင်သစ်စာမှ မွေးစားစကားလုံး ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်အမျိုးအစားခွဲခြားရာတွင် သစ်သီး (Fruits) နှင့် ဟင်းသီးဟင်းရွက် (Vegetable) ကို အမေရိကန် Supreme Court တရားရုံးတွင် ၁၈၉၃ ခုနှစ်က ခွဲခြားခဲ့ဖူးသည်ဟု ဖတ်ရသည့်အခါ လေးစားမိပါသည်။ အသီးနှင့် ဟင်းသီးဟင်းရွက်ကို ခွဲခြားဖော်ပြရသည့် အခြေခံအကြောင်းရင်းမှာ အခွန်အတုတ်ကြောင့်ဖြစ်ကြောင်း သိရပါသည်။

|pmrsu ESF- 12|

## စားသောက်ကုန်ပစ္စည်းများနှင့် ဓါတုပစ္စည်းများ၏ အန္တရာယ်

လူသားများ၏ နေ့စဉ်ဘဝ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော စားဝတ်နေရေး ဟူသည့် အဓိကအရေးကြီး သုံးပါးတွင် ပထမဆုံးနေရာတွင်ရှိနေသော စားရေးဖြစ်သည့် အစားအစာသည် လူသားတို့ အသက်ရှင်သန်ရေးအတွက် အရေးကြီးဆုံး ဖြစ်ပါသည်။

|pmrsu ESF- 30|




KBZ BANK
STRENGTH OF MYANMAR
ဘဏ်ခွဲပေါင်း
၄၀၀
ကျော်
နေရာတိုင်း ...
သင်နှင့် အနီးဆုံးဘဏ်
01-2306219
/Kanbawzabank
kbzbank.com


လိုငွေကူညီ
မြဝတီ
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
ချေးငွေအမျိုးအစား
ကောက်ခံသည့်အတိုးနှုန်းများ
ထုတ်ချေးနိုင်သောလုပ်ငန်းများ
ချေးယူနိုင်သူများ
အာမခံ
မြဝတီဘဏ် (ရုံးချုပ်)
Tel : (01) 230 1367, 230 1368, 230 1452, 230 1378, 230 1401, 230 1410
Fax : (01) 230 1395, 230 1450, 230 1402, 230 1418
Email : mwdbankygn@mptmail.net.mm
မြဝတီဘဏ် (နေပြည်တော်)
Tel (067) 421 441, 421 581, 421 582
Fax (067) 421 442, 421 443
Email : mwdbankhpt@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်ပြည်ထောင်စု၊ တက္ကဆတ်ပြည်နယ် ရထားပို့ဆောင်ရေး ကော်မရှင်ဥက္ကဋ္ဌ Mr. David Porter အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၂၅ ရက်၌ အမေရိကန်ပြည်ထောင်စု၊ တက္ကဆတ် ပြည်နယ်၊ ရထားပို့ဆောင်ရေးကော်မရှင် ဥက္ကဋ္ဌ Mr. David Porter ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသည့်ကဏ္ဍများ၊ လယ်ယာစိုက်ပျိုးရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ အပင်နှင့် ပိုးမွှားရောဂါကင်းစင်ရေး (SPS) နှင့် သယ်ယူပို့ဆောင်ရေး (Logistics) ဆိုင်ရာ ကိစ္စရပ်များတွင် ကူညီထောက်ပံ့ပေးနိုင်ရေး၊ နှစ်နိုင်ငံဆက်ဆံမှုတွင် အစိုးရ အချင်းချင်းသာမက၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အချင်းချင်း ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၌ လိုအပ်သည့်ကဏ္ဍများတွင် အမေရိကန်နိုင်ငံမှ ကူညီ ထောက်ပံ့ပေးနိုင်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဝန်ကြီးဖြစ်သူ H. E. Mr. Mark Garnier ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင် စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဝန်ကြီးဖြစ်သူ H. E. Mr. Mark Garnier ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ဇူလိုင် ၂၇ ရက်တွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှုကို အရှိန်မြှင့်တင်ရန်နှင့် ပို့ကုန်သုံးဆတိုးမြှင့်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME) ကဏ္ဍများအား အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကဏ္ဍများတွင် ဗြိတိန်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီးများအား ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အခွင့်အလမ်းများအဖြစ် ဖန်တီးသွားနိုင်ရေး ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝပြီး သာယာလှပသော နိုင်ငံဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာများစွာ ရှိပါကြောင်း၊ ဗြိတိန်နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များသည်လည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိရာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင် နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် ကဏ္ဍများအပေါ် အကြံပြု ဆွေးနွေးပြီး နိုဝင်ဘာလအတွင်း လန်ဒန်မြို့၌ ကျင်းပပြုလုပ်မည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ညီလာခံသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ပေးရေးတို့ အပါအဝင် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်ပြည်ထောင်စု၊ Michigan State University၊ Georgetown University နှင့် မြန်မာနိုင်ငံ Renaissance Institute တို့မှ ပညာရှင်များအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၂၈ ရက်၌ အမေရိကန်ပြည်ထောင်စု၊ Michigan State University ၊ Georgetown University နှင့် မြန်မာနိုင်ငံ Renaissance Institute တို့ မှ ပါမောက္ခနှင့် ပညာရှင်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပုံမှန် ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့တွင် ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် ကြန့်ကြာနေမှုများအား အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ ပို့ကုန်၊ သွင်းကုန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှု တိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အပါအဝင် ကုန်သွယ်မှုနှင့် ဆက်နွယ်နေသည့် ဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရေးတို့အား အကြံပြုဆွေးနွေးခဲ့ရာ ပြည်ထောင်စု ဝန်ကြီးနှင့် ဌာနအကြီးအကဲများမှ ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.28 Monday August 1 2016

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပိုမိုတင်ပို့

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၂၁၁၃ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၃၂၀၀၊ ဧည့်မထဆန် တန် ၁၃၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန် ဆန် ၁၅၄ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၄၅၉ တန်ကျော် အသီးသီး တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လဆန်းပိုင်း ပထမပတ်က ဆန် တန်ချိန် တစ်သောင်းခွဲကျော် တင်ပို့နိုင် သော်လည်း ဒုတိယ၊ တတိယ၊ စတုတ္ထ ပတ်များမှာ ဆန်တင်ပို့မှု ဆက်တိုက်ကျ ဆင်းလာရာ ယခုတစ်ပတ်တင်ပို့မှုမှာ လည်း ယခင်တစ်ပတ်ထက် ၈၆၃ တန် လျော့နည်းခဲ့ပါတယ်။ ကုန်သွယ်ရေး စခန်းများမှ ယခုတစ်ပတ် အမေရိကန် ဒေါ်လာ သုညဒသမ ၃၃၉ သန်း တန်ဖိုး ရှိ ဆန်ကွဲ ၁၀၄၃ တန်ကို မူဆယ်(၁၀၅) မိုင်မှ တန် ၉၇၀၊ လွယ်ဂျယ်မှ ၇၃ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန်၆၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၂ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၁၉၀၀ ကို တရုတ်နဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါ တယ်။ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၁၃၀၀၊အီးယူနိုင်ငံများသို့ ဧည့်မထ ဆန် တန် ၂၀၀ နဲ့ ပေါင်းဆန်တန် ၄၀၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် ပင်လယ် ရေကြောင်း ကုန်သွယ်မှုမှ တန် ၁၈၂၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ပိုမို တင်ပို့နိုင်သော်လည်း ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု လျော့နည်းခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၉ သန်းဖိုးရှိ ဆန်ကွဲ ၅၆၅၀ တန် ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင် တစ်ပတ်တင်ပို့မှုထက် ၂၇၂၅ တန် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ချောနဲ့ ဆန်ကြမ်း(ရှယ်) တွေ အဝယ်လိုက်



ယခုတစ်ပတ်အတွင်းရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်မှာ ဆန်ချော (ရှယ်) နဲ့ ဆန်ကြမ်း(ရှယ်) ကြီးတွေ အဝယ်လိုက်လို့ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ မူဆယ် ဆန်ဈေးကွက်ကတော့ ဆန်ကားတွေအဝင်နည်းပြီး အရောင်း အဝယ်လည်း ပါးနေတယ်။ အရောင်းအဝယ်ပြန်ဖြစ်တာ တစ်ပတ်လုံးမှာ နှစ်ရက်လောက်ပဲရှိသေးတယ်လို့ မူဆယ် ဆန်ဈေးကွက်မှ သိရှိရပါတယ်။

ဇူလိုင် ၂၈ ရက် ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းအရ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၅၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ် ၃၇၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၅၀၀၊ နယ်စုံပေါ်ဆန်းထိပ်စ တစ်အိတ် ကျပ် ၃၅၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၂၅၀၀နဲ့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေသော်လည်း ဆန်ချော (ရှယ်) ကြီးတွေကတော့ အဝယ်လိုက်လို့ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။

ဧည့်မထဆန်က ထိပ်စတစ်အိတ် ကျပ် ၂၃၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၁၅၀၀၊ နွေသီးထပ်ရှယ်က တစ်အိတ် ကျပ် ၁၉၀၀၀မှ ကျပ် ၁၉၈၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၅၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၆၀၀၀မှ ကျပ် ၂၇၀၀၀၊ အိတ်စပို့ဧည့်မထဆန် တစ်အိတ် ကျပ် ၁၇၂၀၀ မှ ကျပ် ၁၇၅၀၀ နဲ့ ဆန်ဈေးများ ဈေးငြိမ်နေပါတယ်။ ဆန်ကြမ်း(ရှယ်) တွေလည်း ဒီတစ်ပတ်အတွင်းမှာ အဝယ်လိုက်နေတယ်လို့ ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင် ၂၉ ရက်ဈေးနှုန်းအရ ဧည့်မထ ၅ မှတ်၊ မှော်ဘီတစ်အိတ် ၁၄၃ မှ ၁၄၆ ယွမ်၊ စူပါတစ်အိတ် ၁၄၆ မှ ၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်၊ မှော်ဘီတစ် အိတ် ၁၃၈ မှ ၁၄၁ ယွမ်၊ စူပါတစ်အိတ် ၁၄၄ မှ ၁၄၅ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၄၅ မှ၁၄၇ ယွမ်၊ ငစိန် ၂၅ မှတ်တစ် အိတ် ၁၃၀ မှ ၁၃၄ ယွမ်ရှိပြီး ဧည့်မထဆန်မှာ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပါတယ်။ ငစိန် ၂၅ မှတ်ကတော့ တစ်အိတ် ကို ၆ယွမ်ခန့်ဈေးကျသွားပါတယ်။

ယခုတစ်ပတ်လည်း မူဆယ်ကို ဆန်ကားတွေအဝင် နည်းတယ်။ မြစ်ရေကြီးပြီး မိုးကောင်းနေတာကြောင့် သွား လာရေး အခက်အခဲဖြစ်တဲ့အတွက် အရောင်းအဝယ် သိပ်မ ဖြစ်ဘူး။ ဒီတစ်ပတ်အတွင်းမှာ အရောင်းအဝယ် စကောင်းတာ နှစ်ရက်၊ သုံးရက်လောက်ပဲရှိသေးတယ်လို့ မူဆယ်ဆန်ဈေး ကွက်မှသိရှိရပါတယ်။ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ မူဆယ် ကုန်စည်ဒိုင်သို့ နယ်စုံမှ နေ့စဉ်ပြည်တွင်းဆန်ပျမ်းမျှအဝင် ၆၃၁ တန်ခန့်ရှိပြီး ယွမ်ဈေးနှုန်းကတော့ ဇူလိုင် ၂၉ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၇ ကျပ်နဲ့ ဈေးပိတ်ခဲ့တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်မြို့နှင့် ပေါင်းတည်မြို့တို့တွင် ရက် ၉၀ မျိုးစပါးများ ရောင်းချ

ပြည်မြို့ရှိ လယ်တော်ကြီး ဆန်စက်နှင့် ပေါင်းတည်မြို့ ပြည့်စုံအောင် ဆန်စက်တို့တွင် အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သည့် ပျိုးထောင်ရက်အပါအဝင် ရက် ၉၀ သက်တမ်းတိုးစပါးမျိုးများကို တစ်တင်းခွဲ ၆၉ ပေါင်တစ်အိတ် လျှင် ကျပ် ၁၆၅၀၀ ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရပါတယ်။

၎င်းစပါးမျိုးများမှာ ကြိတ်ခွဲပြီး ဆန်သား၏ (Grain Size) အနေဖြင့် အလျား ၆ ဒသမ ၅ မှ ၇ ဒသမ ၅ မီလီမီတာခန့်၊ အနံ ၂ ဒသမ ၃ မှ ၂ ဒသမ ၆ မီလီမီတာခန့်၊ အထူမှာ ၂ ဒသမ ၂ မီလီမီတာခန့်ရှိပါသည်။ ဆန်ထွက်နှုန်းကောင်း၍ တစ်ဧကလျှင် စပါးတင်း ၈၀ နှင့် ၁၀၀ ကြားထွက်ရှိကာ ပေါင်းစပါးပြုလုပ်ရာတွင်လည်း လူကြိုက်များသော စပါးမျိုးဖြစ်ကြောင်း သိရှိရပါသည်။

မျိုးသန့်ခြံများအနေဖြင့် တောင်ငူခရိုင်တွင် ဧက ၂၀၀၊ ပြည်ခရိုင်၊ ပြည်မြို့ လယ်တော်ကြီးတွင် ဧက ၆၀ စိုက်ပျိုးထားရှိပြီး စမ်း သပ်ကွင်းအနေဖြင့် ပေါင်းတည်မြို့၊ ကြူတောကန်ရွာတွင် နှစ်ဧက၊ လယ်သမားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။

**ထွန်းမင်းထွန်း-ပြည်**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၇-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၉ | ၄၅၉ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၃ | ၄၄၃ | □ | ၃၇၄ | ၃၇၄ | □ | ၃၉၅ | ၃၉၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၇ | ၃၆၇ | □ | - | - | - | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၂၅% | ၄၂၅ | ၄၂၅ | □ | ၃၃၇ | ၃၃၇ | □ | ၃၆၀ | ၃၆၀ | □ | ၃၈၀ | ၃၈၀ | □ |
| ပေါင်းဆန် | ၄၆၂ | ၄၆၂ | □ | - | - | - | ၃၉၅ | ၃၉၅ | □ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၉-၇-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၄၀၀၀ | □ | ၇၉၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၅၅၀ | □ | ၂၁၀၀၀ | □ | ၇၁၀၀ | □ | ၃၁၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၁၉၀၀ | □ | ၃၇၅၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၇၈၀ | □ | ၂၁၅၀၀ | □ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၀၀၀၀ | △ | - | - | ၃၇၀၀၀ | △ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | △ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပဲခူးတိုင်း(အနောက်)တွင် တိုင်းဆန်ကုန်သည်ကြီးများအသင်း ဖွဲ့စည်း

ပဲခူးတိုင်း (အနောက်) ၁၄ မြို့နယ်ရှိမြို့နယ်ဆန်ကုန်သည်ကြီးများ အသင်း ကိုယ်စားလှယ်များသည် ဇူလိုင် ၂၄ရက်က နတ်တလင်းမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမတွင် ပဲခူးတိုင်း(အနောက်) ဆန်စပါးကုန် သည်အသင်းအား နာယကအဖွဲ့ ၃ဦး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ ၂၁ဦး တို့ဖြင့် တိုင်းကိုယ်စားပြု အသင်းဖွဲ့စည်းခဲ့ကြောင်း သိရပါသည်။

အဆိုပါ တိုင်းဆန်ကုန်သည် အသင်းတွင် အသင်းဥက္ကဋ္ဌအဖြစ် ဦးဇော်လွင်ဦး (နေကြယ်ဦး ကုမ္ပဏီ)၊ အတွင်းရေးမှူးအဖြစ် ဦးတင်စိုး (သန်းမိသားစုဆန်စက်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးသန်းထိုက် (ဇမ္ဗူဝင်းဆန် စက်)၊ စာရင်းစစ်အဖြစ် ဦးအောင်မြင့်သိန်း (ဆန်စပါးရောင်းဝယ်ရေး) တို့ကို ရွေးချယ်ခဲ့ပါသည်။

ဆက်လက်၍ အသင်းရန်ပုံငွေအဖြစ် ဆန်စပါးကုန်သည်အသင်း ရွေးချယ်ရေးအဖွဲ့ဗဟိုမှ အလှူငွေကျပ် သုံးသိန်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ဆန်စပါးကုန်သည်အသင်း ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ၁၃သိန်း မတည်ခဲ့ကြောင်း သိရှိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၇-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၇ | ၂၉/၇ | ပြောင်းလဲမှု | ၂၂/၇ | ၂၉/၇ | ပြောင်းလဲမှု | ၂၂/၇ | ၂၉/၇ | ပြောင်းလဲမှု | ၂၂/၇ | ၂၉/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၅၀ | ၂၇၂၇ | ▼ | ၂၇၅၀ | ၂၆၃၃ | ▼ | ၂၅၀၀ | ၂၄၅၀ | ▼ | ၂၇၀၀ | ၂၅၉၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၂၉၆ | ၂၂၂၉ | ▼ | - | - | - | ၂၃၀၀ | - | - | ၂၁၉၀ | ၂၁၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၄၇၆ | ၁၄၅၀ | ▼ | ၁၃၉၅ | ၁၄၄၇ | ▲ | ၁၂၆၅ | ၁၂၆၅ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၂၁၅၀ | ၂၁၀၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၀၀ | ▲ | ၁၀၅၀ | ၁၀၀၃ | ▲ | - | - | - | ၁၃၁၅ | ၁၃၉၅ | ▲ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၆၀ | ■ | ၀၇၁ | - | - | - | ၆၁၆ | - | ၅၉၀ | ၆၀၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၇-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၁/၇ | ၂၀/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၀/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၀/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၆၀ | ၁၄၂၀ | ▼ | ၁၄၂၉ | ၁၃၇၂ | ▼ | ၁၅၆၃ | ၁၃၄၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၅၀ | ၁၁၃၀ | ▼ | ၁၂၃၅ | ၁၁၇၀ | ▼ | ၁၂၇၂ | ၁၂၂၄ | ▼ |
| ၃ | ပဲတီစိမ်း | ၀၂၅ | ၇၇၀ | ▼ | ၇၀၉ | ၇၃၁ | ▼ | ၀၆၃ | ၀၂၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၂၃၀ | ■ | ၁၂၉၅ | ၁၂၀၀ | ▼ | ၁၂၆၅ | ၁၁၉၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၆.၇.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၃.၇.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၃.၇.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၄၀၁ | ၂၀၅၀ | ၃၆၆၂၄၀ |
| ပဲတီစိမ်း | ၁၈၁၉ | ၁၉၆၉ | ၁၃၄၀၆၇ |
| ပဲစင်းငုံ | ၅၁၂၁ | ၃၆၅၉ | ၁၆၇၉၀၅ |
| ကုလားပဲ | ၁၅၁၆ | ၃၂၄၀ | ၂၂၀၈၀ |
| ပဲလွန်းဖြူ | ၃၆၀ | ၆၀၀ | ၁၄၀၀၄ |
| မြေထောက်ပဲ | ၃၁၃ | ၂၇၂ | ၀၂၀၄ |

### ၂၅-၇-၂၀၁၆ မှ ၂၉-၇-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 353 | 25,799,252.886 |
| 2 | Form D | 45 | 3,450,674.760 |
| 3 | Form E | 81 | 2,622,991.130 |
| 4 | Korea GSP | 3 | 225,285.880 |
| 5 | Form AK | 118 | 4,089,636.395 |
| 6 | Form AJ | 7 | 449,064.240 |
| 7 | Form AI | 83 | 3,482,340.300 |
| 8 | Form AANZ | 1 | 27.500 |
| 9 | Form DFTP | - | - |
| Grand Total | | 691 | 40,119,275.091 |

# မုံရွာကုန်စည်ဒိုင် ဇူလိုင် စတုတ္ထပတ်ပဲဈေးကွက် ငုံနီဈေးဆက်လက်ကျဆင်းလာ



မုံရွာကုန်စည်ဒိုင်ရဲ့ ဇူလိုင် စတုတ္ထပတ်ပဲဈေးကွက်မှာ ကုလားပဲမျိုးစုံ၊ ပဲတီစိမ်းနဲ့မတ်ပဲတို့ ဈေးငြိမ်နေပေမယ့် ငုံနီကတော့ တစ်တင်းကျပ် ၄၂၀၀၀ အထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့တာတွေ့ ရပါတယ်။ ပေါက်ဈေးအရ ဝယ်လက် နှစ်သက်ဖွယ်ဖြစ်ခဲ့ပေမယ့် ရောင်းလိုအားရှားတဲ့အတွက် တစ်ရက်အိတ် ၃၀၀၊ ၄၀၀ ဝန်းကျင်သာ အရောင်းအဝယ် ဖြစ်နိုင်တယ်လို့ ဈေးကွက်မှ သိရပါတယ်။

ကုလားပဲဈေးကွက်ကတော့ ယခုတစ်ပတ်မှာလည်း အမြင့်ဈေးမှာ ငြိမ် ခဲ့ကာ V2 တစ်တင်း ကျပ် ၄၂၄၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၄၀၇၀၀ နဲ့ 929 တစ်တင်း ကျပ် ၄၀၂၀၀ အသီးသီး ပေါက်ဈေးဖြစ်ခဲ့ပြီး ပဲမျိုးစုံတစ်ရက် အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ သိရပါတယ်။ စိမ်းကြီးဈေးကွက်မှာလည်း နယ်အဝင်နဲ့ ဝယ်လက်မျှနေပေမယ့် ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၇၅၀၀ အထိအမြင့်ဈေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၃၀၀၊ ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။ ယခုတစ်ပတ်မတ်ပဲဈေးကွက်ကတော့ နယ်အဝင်နည်းပေမယ့် ဝယ်လိုအားနဲ့ မျှနေလို့ ယခုတစ်ပတ်မှာ မတ်ပဲ (အသစ်) ကျပ် ၄၉၀၀၀၊ အဟောင်း တစ်တင်း ကျပ် ၅၂၀၀၀ နဲ့ ဈေးငြိမ်ခဲ့ပြီး တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ကျန်ပြည်တွင်းသုံးလက်လီပဲဈေးတွေအနေနဲ့ တစ်တင်း ကျပ် ၂၀၀ မှ ကျပ် ၅၀၀ ကြား အတက်/အကျ ရှိနေခဲ့ရာ စွန်တာနီတစ်တင်းကျပ် ၁၄၅၀၀၊ ကျပ် ၁၅၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၁၅၀၀၊ ပဲကြီး တစ်တင်း(ကြီး) ကျပ် ၂၆၀၀၀၊ (သေး) ကျပ် ၂၂၅၀၀၊ ပဲနီ လုံးကြား ကျပ် ၁၅၃၀၀၊ ပဲပုပ်စေ့ တစ်တင်း ကျပ် ၁၇၅၀၀၊ ပဲယင်းဝါ ကျပ် ၁၅၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၁၇၅၀၀နဲ့ မြေထောက်ပဲတစ်တင်း ကျပ် ၁၉၀၀၀၊ ကျပ် ၁၈၀၀၀ အသီးသီး ပေါက်ဈေး ဖြစ်ပေါ်ခဲ့ပြီး၊ ပဲတစ်မျိုး အိတ်၁၀၀မှ၂၀၀ကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေ တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

■

# ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ ဇူလိုင်လကုန်ပတ် ဈေးနှုန်းများအရ ပြည်တွင်းပြည်ပ ဝယ်လက်ပဲအားလုံးလိုလို ဈေးငြိမ်နေခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ပြည်ပဝယ်လက် မတ်ပဲသီးနှံ ဈေးလျော့ အရောင်းအဝယ်ဖြစ်နေပြီး ပဲစင်းငုံသီးနှံ ယခင်တစ်ပတ်က ဈေးလျော့ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ဈေးပြန်လည်လှုပ်လာသလို ကုလားပဲသီးနှံမှာ ဈေးအမြင့်နဲ့ ဈေးဆက်ငြိမ်နေကာ ပဲကြီးသီးနှံကတော့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။

ပဲဝင်ရောက်မှုအနေဖြင့် မတ်ပဲသီးနှံ၊ ကုလားပဲနဲ့ ပဲကြီးသီးနှံများ နေ့စဉ်အဝင်ရှိနေသလို အရောင်းအဝယ်ကလည်း ပုံမှန်ဖြစ်နေခဲ့ပါတယ်။ ကျန်ပဲများကတော့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများအား လက်လီသမားများနဲ့ ပုံမှန်အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ တစ်ရက်ကို အိတ် ၂၀၀ ကျော် ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲများလည်းရှိခဲ့တာကြောင့် ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုလကုန်ပတ်အတွင်း တစ်ရက် အိတ် ၄၀၀ ကျော် ၅၀၀ ရောင်းချတင်ပို့ခဲ့ပြီး ပဲဈေးကတော့ တစ်တင်း ၅၂၅၀၀ ကျပ်ဖြင့် လဆန်းရက်က အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးအတိုင်း ဈေးပြန်အေးနေတယ်လို့ သိရပါတယ်။

ယခုလအတွင်း မတ်ပဲသီးနှံဈေးမှာ လလယ်က ဈေးပြန်လှုပ်လာလို့ တစ်တင်း ၅၆၀၀၀ ကျပ်ခန့်အထိ ပြန်လည် ရရှိလာပေမယ့် လကုန်မှာ ပဲဈေးက ဈေးအေးနေတာကြောင့် ယခင် ဇွန်လကုန်ဈေးထက်လည်း လျော့နည်းနေခဲ့ ပါတယ်။ ဇွန်လကုန်က မတ်ပဲသီးနှံဈေးမှာ တစ်တင်း ၅၇၅၀၀ ကျပ်အထိရရှိပြီး ဇူလိုင်လဆန်းတွင် ဈေးလျော့နည်းသွားခဲ့ကြောင်း သိရပါတယ်။ မတ်ပဲသီးနှံအား တချို့လှောင်လက်နှင့် တောင်သူတချို့က ပဲဈေးအေးနေလို့ ယခုလအတွင်း ထုတ်ရောင်းချမှုသိပ်မရှိဘဲ ဈေးကောင်းဆက်မျှော်ကာ လက်ဝယ်သို့လှောင်ထားရှိခဲ့ကြပါတယ်။ ယခင်နှစ်က ဇူလိုင်လကုန်အတွင်း မတ်ပဲဈေးမှာ တစ်တင်း ၄၁၅၀၀ ကျပ် ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ကထက် ပိုမိုရရှိနေပေမယ့် ပဲသစ်ပေါ်စအချိန်ကဈေးထက် ဈေးသိသိသာသာ ပိုကောင်းမလာတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲ အနည်းငယ်ရှိနေလို့ ရက်ခြားသာ ရန်ကုန်ဝယ်လက်မှ ဝယ်ယူခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုပမာဏမှာ တစ်ခါအရောင်းအဝယ်ဖြစ်လျှင် အိတ် ၂၀၀၊ ၃၀၀ ကျော် ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၄၄၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းနေခဲ့ကာ တစ်တင်း ၅၀၀ ကျပ်ခန့်သာ ဈေးပိုရလာခဲ့ပါတယ်။ ယခုဇူလိုင်လအတွင်း လဆန်းရက်မှစ၍ လလယ်အထိပဲဈေးမှာ တစ်တင်း ၄၉၃၀၀ ကျပ်အထိ ဈေးကောင်းနေသော်လည်း တတိယပတ်မှစ၍ ပြည်ပဝယ်လက်ပဲများ ဈေးလျော့နည်းလာခဲ့တဲ့အတွက် ပဲစင်းငုံသီးနှံလည်း ဈေးလျော့သွားခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ တစ်ရက် အိတ် ၁၅၀ ကျော်၊ ရွှေတောင်၊ ကြို့ပင်သဲ၊ မင်းတုန်း၊ ကံမဘက်မှ နေ့စဉ်ဝင်ရောက်နေသလို ခွဲစက်သမားများ နေ့တိုင်းအဝယ်ရှိလို့ တစ်ရက် အိတ် ၂၅၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ၄၂၈၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြတာကို တွေ့ရပါတယ်။ ကုလားပဲဈေးက ဒေသတွင်းသာ အရောင်းအဝယ် ဖြစ်မှုများပေမယ့် ယခုလအတွင်း ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံ သီးနှံဈေးများ အေးနေသော်လည်း ကုလားပဲသီးနှံကတော့ ဈေးမြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်းဝယ်လက် ပဲများထဲမှာတော့ ကုလားပဲသီးနှံက ဈေးကောင်းရတဲ့နှစ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံမှာ ပဲအဝင်နည်းပေမယ့် လက်ကျန်ပဲများ ထုတ်ရောင်းချခဲ့ကြလို့ အိတ် ၁၅၀ ကျော် ၂၀၀ အရောင်းအဝယ်ဖြစ်ပြီး ပဲလှော်ဖိုသမားများ နေ့စဉ် ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ ယခုလအတွင်း ဈေးအတက်အကျ မဖြစ်ခဲ့ဘဲ ဈေးငြိမ်လျက်ရှိတာကြောင့် (ရွှေကျွန်း) တစ်တင်း ၂၈၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ကာ ယခင်နှစ်က ဇူလိုင်လဈေးနှင့်လည်း ကွာခြားမှု မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပို့ကုန်များနှင့် ကုန်သွယ်မှု စဉ်ဆက်မပြတ် မြှင့်တင်ရေးဆိုင်ရာ နိုင်ငံတကာ ဈေးကွက်လေ့လာ ဆန်းစစ်ခြင်း နည်းလမ်းများ သင်တန်းဖွင့်လှစ်

အာရှဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနနှင့် ပူးပေါင်း၍ ဒေသအဆင့် နည်းပညာအကူအညီပေးရေး စီမံချက်ဖြစ်သော မဲခေါင်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပို့ကုန်များနှင့် ကုန်သွယ်မှုစဉ်ဆက်မပြတ်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံတကာ ဈေးကွက် လေ့လာဆန်းစစ်ခြင်း နည်းလမ်းများသင်တန်း Training of Trainers Workshop ကို ရန်ကုန်မြို့ UMFCCI ၌ ဇူလိုင် ၂၅ ရက် မှ ၂၈ ရက် အထိ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ Mr. Mathieu Lamolle က Trade Map Tool ( www.trademap.org) ကို အသုံးပြု၍ မိမိတို့ ကုန်စည်များနှင့် ပတ်သက်၍ လက်ရှိဝယ်ယူနေသည့် ဈေးကွက်များ၊ ဈေးကွက်ဝေစု အများအပြား ရရှိနေသော အလားအလာရှိသည့် ဈေးကွက်များကို ဝင်ရောက်လေ့လာခြင်း၊ ပြိုင် ဘက်ဈေးကွက်နိုင်ငံများနှင့် ပတ်သက်၍ သတင်းအချက်အလက် ရှာဖွေနိုင်မှုများကိုလည်းကောင်း၊ သွင်းကုန်နိုင်ငံများနှင့် ပို့ကုန်နိုင်ငံများ၏ နှစ်အလိုက် ကုန်စည်တင်ပို့/တင်သွင်းနေမှု အခြေအနေများကို နှိုင်းယှဉ်လေ့လာစေခြင်း တို့ကိုလည်းကောင်း၊ Market Access Map Tool ( www.mocmap.org) ကို အသုံးပြု၍ ကုန်စည်များနှင့် ပတ်သက်၍ နိုင်ငံ အသီးသီးမှ ချမှတ်ကျင့်သုံးနေသည့် အကောက်ခွန်ဆိုင်ရာ စည်းကြပ်မှုများ၊ အကောက်ခွန်မဟုတ်သော အစီအမံများနှင့် ပတ်သက်၍ ကိုတာသတ်မှတ်မှု၊ ကုန်သွယ်မှုဆိုင်ရာ ကုစားခြင်း၊ ကုန်သွယ်ရေးဆိုင်ရာသဘောတူညီမှုများ၊ ပင်ရင်းဒေသသက်သေခံလက်မှတ်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို အွန်လိုင်းမှဝင်ရောက်ကြည့်ရှုလေ့လာ သုံးသပ်နိုင်ရန်လည်းကောင်း၊ မိမိတို့ ရည်မှန်းထားသည့် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ယင်းနိုင်ငံများမှ သတ်မှတ်ထားသည့် Mandatory Standards များအပြင် Voluntary Standards စံချိန်စံနှုန်းများကို Standard Map tool ( www.Standardsmap.org) ကို အသုံးပြု၍ ဝင်ရောက်လေ့လာစေခြင်းပုံစံဖြင့် ပို့ချပေးခဲ့ပါသည်။

အဆိုပါ သင်တန်းပထမနှစ်ရက်မှာ Training of Trainers ဆရာဖြစ်သင်တန်းဖြစ်ပြီး ၎င်း သင်တန်းဆင်းများက သင်တန်း ဒုတိယနှစ်ရက်တွင် အုပ်စုနှစ်စုခွဲ၍ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအား ပြန်လည်သင်တန်း ပို့ချပေးခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ စီးပွားရေးတက္ကသိုလ်များမှ ဆရာမများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံလက်လီဖြန့်ချိသူများအသင်း၊ လူငယ်စွန့်ဦးတီထွင်သူများအသင်း၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းတို့မှ တက်ရောက်သူများ အပါအဝင် ကိုယ်စားလှယ်ပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (NES Team)**

# မုံရွာဆီထွက်သီးနှံဈေးကွက် နှမ်းဈေးမော့လာ

မုံရွာကုန်စည်ဒိုင် ဇူလိုင်လ စတုတ္ထပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဈေးငြိမ်နေပြီး နှမ်းမျိုးစုံကတော့ ဈေးမြင့်တက်ခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်က တစ်တင်း ကျပ် ၂၅၀၀၀ သာရှိခဲ့တဲ့ နှမ်းညိုဟာ ယခုတစ်ပတ်မှာ ကျပ် ၂၆၅၀၀ အထိမြင့်တက်လာခဲ့ပြီး နှမ်းဖြူမှာလည်း ယခင်တစ်ပတ်က တစ်တင်း ကျပ် ၃၀၀၀၀ အမြင့်ဆုံးပေါက်ခဲ့ရာက ယခုကျပ် ၃၃၀၀၀ အထိဈေးမော့လာတာတွေ့ရပါတယ်။ နှမ်းနက်ကတော့ တစ်တင်းအမြင့်ဆုံး ကျပ် ၅၀၀၀၀ အထိဈေးပြန်မော့လာခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ ဈေးဆက်ငြိမ်ခဲ့ကာ မြေပဲလုံးဆန် (နီ) တစ်ပိဿာကျပ် ၂၆၅၀ ၊ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၂၆၀၀ နဲ့ ဆီဆန် တစ်ပိဿာ ကျပ် ၂၀၅၀ အသီးသီး အမြင့်ဆုံးဈေးပေါက်ခဲ့ပါတယ်။

မြေပဲနဲ့နှမ်းမျိုးစုံ ဈေးငြိမ်၊ ဈေးမော့ဖြစ်ခဲ့ပေမယ့် စားသုံးဆီဈေးကတော့ ပဲဆီ တစ်ပိဿာ ကျပ် ၄၄၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၃၃၀၀ နဲ့ စားသုံးဆီတစ်ပိဿာ ကျပ် ၂၆၅၀ အသီးသီးပေါက်ဈေးအေးလျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင် ဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မူဆယ်ရော မြဝတီကပါ ကြက်သွန်နီ ပိုမိုတင်ပို့

ဇူလိုင်လ တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၈၀၀၅၄ တန်ဖိုးရှိ ကြက်သွန်နီ ၂၇၁၇ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၅၀၇၈၄ တန်ဖိုးရှိ ကြက်သွန်နီ ၄၄၈ တန်ခွဲနဲ့ တာချီလိတ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှတန် ၁၈၅၀ နဲ့ မြဝတီမှ တန် ၂၀၀ ကျော်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှုမှာ မူဆယ်ရောမြဝတီမှပါ ပိုမိုတင်ပို့ လာခဲ့ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၂၄၀၅ တန်ဖိုးရှိ ကြက်သွန်ဖြူ ၁၄၅ တန်ကို ပုံမှန်တင်ပို့ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံထွက် ကြက်သွန်နီများကို တရုတ်နဲ့ ထိုင်းနိုင်ငံများသို့ နယ်စပ်လမ်းကြောင်းမှ တန်ချိန် တစ်သောင်းရှစ်ထောင်ခန့် တင်ပို့ထားပြီး မလေးရှားနဲ့ ဗီယက်နမ်နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သောင်း တင်ပို့ထားကြောင်း မြန်မာနိုင်ငံ စားဖိုဆောင်သုံး စားသောက်ကုန်အသင်းမှ သိရပါတယ်။

**မော်မော်အောင်**

# ကသာခရိုင်တွင် သစ်သီးဝလံတန်ဖိုးမြှင့် ထုတ်ကုန်နှင့် ဖျော်ရည်လုပ်ငန်း နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ သစ်သီးဝလံ တန်ဖိုးမြှင့် ထုတ်ကုန်နှင့် ဖျော်ရည်လုပ်ငန်း နည်းပညာပေး သင်တန်းကို ကသာမြို့နယ် ပေကုန်းကျေး ရွာ ဓမ္မာရုံမှာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက် အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ပါတယ်။ နည်းပညာပေးသင်တန်းကို ကသာမြို့နယ်အတွင်း ကျေးရွာများမှ အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း သင်တန်းသား ၃၉ ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

သစ်သီးဝလံတန်ဖိုးမြှင့် ထုတ်ကုန်နှင့် ဖျော်ရည်လုပ်ငန်း နည်းပညာပေးသင်တန်းဖွင့်ပွဲမှာ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေက သစ်သီးဝလံ တန်ဖိုးမြှင့် ထုတ်ကုန်နှင့် ဖျော်ရည်လုပ်ငန်း၊ ယိုလုပ်ငန်း နည်းပညာများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

သင်တန်းမှာ ကျောင်းအုပ် ဆရာမကြီးနှင့် သင်တန်းဆရာများက သီးနှံကြာရှည်ခံအောင် ခွင့်ပြုဆိုးဆေးနဲ့ ဖျော်ရည်များ၊ ယိုမျိုးစုံများ ပြုလုပ်သည့် နည်းပညာများ၊ ပိုးမွှားနဲ့ ဓာတုဗေဒ ကင်းစင်အောင် ပြုလုပ်တဲ့နည်းပညာများ ပို့ချပေးခဲ့ပါတယ်။ ဆက်လက်ပြီး သင်တန်းသားများအား ခရမ်းချဉ်သီးယို၊ ကျောက် ဖရုံသီးယို၊ သံပုရာသီးယို၊ သရက်သီးယို၊ နာနတ်သီးယို၊ သဘော်သီးယိုများ ပြုလုပ်သည့် နည်းပညာ၊ သရက်ပြား၊ သရက်ပေါင်း၊ သစ်သီးဂျယ်လီ ပြုလုပ်သည့် နည်းပညာ၊ ရှားစောင်းလက်ပတ်ဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ နာနတ်သီးဖျော်ရည်၊ သီးနှံဝိုင်ထုတ်လုပ်သည့် နည်းပညာများကို သင်ကြားပို့ချပေးခဲ့ပါတယ်။

ဆက်လက်ပြီး မှိုသတ်ဆေး၊ အချဉ်မပေါက်ဆေး၊ ထုပ်ပိုးပစ္စည်း ပိုးသတ်ဆေးများ၊ အချိုးအစားအတိုင်း အသုံးပြုတတ်စေရန် သိုလှောင်ထိန်းသိမ်းရာမှာ သန့်ရှင်းသပ်ရပ်စေရန်နဲ့ ကုန်အမှတ်တံဆိပ် အချက်အလက်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့တယ်လို့ သိရပါတယ်။

**လှလှခိုင်(ကသာ)**
**ကြည်နိုင်ဦး(အင်းတော်)**

# ပြည်ပသို့ ရေထွက်ကုန်တင်ပို့ရာ၌ အရည်အသွေး ထောက်ခံချက်မပါလျှင် အရေးယူမည်

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တင်ပို့ရာတွင် လယ်ယာထွက်ကုန်အပြင် ရေထွက်ကုန်များလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပါတယ်။ ပြည်ပသို့တင်ပို့ခဲ့တဲ့ ရေထွက်ပစ္စည်းများကို စစ်ဆေးကာ စားသုံးရန်သင့်လျော်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဖြစ်ကြောင်း အတည်ပြုထောက်ခံချက်ရရှိမှသာ ပြည်ပသို့ တင်ပို့ရမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ဇူလိုင် ၂၆ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၃/ ၂၀၁၆) နဲ့ ထုတ်ပြန်ထားပါတယ်။

“တရုတ်နိုင်ငံနဲ့ အီးယူ(ဥရောပသမဂ္ဂနိုင်ငံများ) က ကျန်းမာရေးထောက်ခံချက် တောင်းတော့ ငါးလုပ်ငန်းဦးစီးကို လာလျှောက်ရင် စစ်ဆေးပြီးထုတ်ပေးလိုက်ပါတယ်။ ထိုင်းနိုင်ငံနဲ့ တချို့နိုင်ငံတွေက မတောင်းတော့ ဒီအတိုင်းပို့နေကြ တယ်။ ဖြေလျှော့ပေးရင်းကနေ လာအစစ်ခံတဲ့သူနည်းလာပြီး စည်းကမ်းမလိုက်နာကြတော့လို့ပါ” ဟု ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောပါတယ်။

အဆိုပါ ထုတ်ပြန်ချက်အရ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်တင်ပို့ရာတွင် နယ်စပ်မှ တင်ပို့မှုနဲ့ ပင်လယ်ရေကြောင်းမှ တင်ပို့မှုနှစ်မျိုးစလုံးမှာ ရေခဲရိုက်ခြင်းနဲ့ အေးခဲထားတဲ့ ရေထွက်ကုန်အားလုံး အကျုံးဝင်ကြောင်း ဖော်ပြထားပါ တယ်။

၁၉၉၄ ခုနှစ် ဩဂုတ် ၃၀ ရက်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သော်လည်း လိုက်နာမှုအားနည်းသဖြင့် ယခုထပ်မံ အသိပေးထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲငါးလုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မယ်လို့ အဆိုပါညွှန်ကြားချက်မှာ ဖော်ပြထားပါတယ်။

ရေချို၊ ရေငန်ငါးများကို ဖမ်းဆီးရောင်းဝယ်ကြတဲ့အခါ ငါးလုပ်ငန်းနဲ့ ဦးစီးဌာနရဲ့ခွင့်ပြုချက် ရယူရမယ်ဆိုတဲ့အချက်ကို မလိုက်နာရင် ပင်လယ်ထွက်ပစ္စည်းဆိုပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနဲ့ အရေးယူပြီး ရေချိုငါးတွေဆိုရင် ရေချိုငါးလုပ်ငန်းဥပဒေနဲ့ အရေးယူမယ်လို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများ ပို့ကုန်လုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်း ပြည်ပ တင်ပို့သည့် ကုမ္ပဏီများကိုလည်း ညွှန်ကြားချက်ဖြန့်ဝေထားကြောင်းသိရပါတယ်။

**ခင်မြနွယ်**

## ချင်း

### အောင်ပန်းဈေးကွက်မှာ ချင်းအဝင်လှိုင် ဟိုပုံးဈေးကွက်မှာ အရောင်းအဝယ်အေး

အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ) တွေ အဝင်လှိုင်လာပါတယ်။ ချင်းတက်တွေက လက်ကျန်နည်းနေပေမယ့် နယ်အစုံက ဝင်နေတဲ့ ချင်း(ဥမ)တွေကြောင့်သာ ဈေးကွက်မှာ လှိုင်နေတာဖြစ်တယ်လို့ သိရပါတယ်။ လက်ကြီးသမားတွေဖြစ်တဲ့ တပ်ကုန်း၊ စစ်တွေ၊ ပြည်၊ မုံရွာ စတဲ့မြို့တွေကလည်း အဝယ်ရှိနေသလို ဈေးပတ်သမားတွေကလည်း အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း နှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဟိုပုံးဈေးကွက်ကိုဝင်တဲ့ ချင်း(ဥမ)ကတော့ ဒေသတွင်းစားသုံးဖို့အတွက်သာ ဝယ်ယူနေပါတယ်။ မိုးကလည်းကောင်းနေလို့ အရောင်းအဝယ်ကလည်း အေးနေတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ကထွက်တဲ့ ချင်းတွေကတော့ အောင်ပန်းဈေးကွက်ကို အများဆုံးဝင်ရောက်တာဖြစ်ပြီး အောင်ပန်းဈေးကွက်မှတစ်ဆင့် မြန်မာပြည်အနှံ့ကို စီးဆင်းပါတယ်။အောင်ပန်းဈေးကွက်မှာရှိတဲ့ ချင်း(အစို) က တစ်ပိဿာ ကို ၃၀၀ ကျပ်မှ ၃၅၀ ကျပ်ဈေးရှိပြီး ၊ဟိုပုံးချင်းကတော့ တစ်ပိဿာ ကျပ် ၂၅၀ ဈေးရှိပါတယ်။ ချင်းအခြောက်ကတော့ တစ်ပိဿာ ၁၅၀၀ ကျပ်မှ ၁၇၀၀ ထိ ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းတန် ၄၀၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့မောင်တောကုန်သွယ်ရေးစခန်းများမှ ဇူလိုင်တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁၆၈၄၈၅ တန်ဖိုးရှိ ချင်းစို ၄၅၃ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ စစ်တွေမှရှစ်တန်နဲ့ မောင်တောမှ ၄၄၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မောင်တောမှ ချင်းအပို့မရှိဘဲ စစ်တွေမှ ၂၃ တန်တင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်း စစ်တွေမှ ချင်းစို ၅၁ တန်အထိတင်ပို့ခဲ့ပြီး မောင်တောမှ ဇွန်လတွင်ချင်းတင်ပို့မှုမရှိခဲ့ပါ။ **မော်မော်အောင်**

### ချင်းလှိုင်လှိုင်ထွက်ရှိလာ၍ ဈေးကျဆင်းလာ

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်း(ဥမ)များ လှိုင်လှိုင်ထွက်ပေါ်နေပါတယ်။ ယခင်က ချင်း(ဥမ) တစ်ပိဿာကို ၆၀၀ ကျပ်မှ ၁၂၀၀ ကျပ်အထိရှိပြီး ယခုတစ်ပတ်မှာတော့ ချင်းအထွက်လှိုင်ပြီး ဈေးကျလာတဲ့အတွက် ပြည်ဈေးကွက်မှာလည်း တစ်ပိဿာကို ၄၀၀ ကျပ်မှ ၈၀၀ ကျပ်အထိ ဈေးကျလာပါတယ်။ ပစ္စည်းအရည်အသွေးကောင်းနေတဲ့အတွက် နယ်ဝယ်လက်များ အဝယ်လိုက်နေပါတယ်။ ယခုတစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ် ၃၀၀ခန့် အဝင် ရှိပြီး လက်လီ၊ လက်ကား ရောင်းဝယ်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကို တင်ပို့မှုအပါအဝင် ပိဿာချိန် ၅၀၀ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### ဒီတစ်ပတ်နနွင်း တင်ပို့မှု လျော့ကျလာ

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း နနွင်း၁၁၈ တန်ကို စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်နနွင်းတန်ချိန် ၁၈၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၆၂ တန်ခန့် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ကာလတူ ကာလဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် နနွင်းတင်ပို့မှုမှာ တန်ချိန် ၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီနှစ်မှာ နနွင်းတင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၉၁၄၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



### အောင်ပန်းနနွင်း ဈေးကွက်အေးပေမယ့် ဟိုပုံးဈေးကွက်မှာ အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် အောင်ပန်းနနွင်းကတော့ အရောင်းအဝယ် ခပ်အေးအေးသာ ရှိနေပြီး ဟိုပုံးနနွင်းကတော့ အရောင်းအဝယ်ကောင်း နေတယ်လို့ သိရပါတယ်။ ရန်ကုန်၊ တောင်ကုတ် ဝယ်လက်တွေကတော့ အဝယ်များနေပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဝယ်လက်တွေကတော့ ဟိုပုံးစကို ပိုပြီးကြိုက်နှစ်သက်တာကြောင့် ဟိုပုံးဈေးကွက်ကိုဝင်တဲ့ ပင်လောင်းစ၊ အင်းလေးစတွေပါ လက်ကျန်ပြတ်သွားတဲ့အထိ ရောင်းအား ကောင်းတယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာကို ၁၇၀၀ကျပ်မှ အမြင့်ဆုံး ၁၉၀၀ ကျပ်ထိ ဈေးပေါက်နေတယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ နနွင်းက တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၂၄၀၀ ကျပ်ဈေးရှိပြီးမုံရွာ၊ ပြည်ဝယ်လက်တွေက အနည်းငယ်ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## မန်ကျည်း

### ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ မန်ကျည်းပြန်လည်တင်ပို့

ဇူလိုင် ၁၇ ရက်မှ ၂၃ရက် သီတင်းပတ်အတွင်း မန်ကျည်း ၆၃ ဒသမ ၅ တန်ကို စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။သီတင်းသုံးပတ် တင်ပို့မှုပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အတွင်းမှာလည်း မန်ကျည်းတင်ပို့မှုမှာ ၉၉တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၈၈၇ ဝင်ငွေရရှိခဲ့တယ်။

**သီတာဝင်း(DOT)**

### ပြည်မန်ကျည်းမှည့်လက်ကျန် အရောင်းအဝယ်အေးပြီး ဈေးအနည်းငယ်ကျလာ

ပြည်မန်ကျည်းမှည့် ပွဲရုံများတွင် (လက်ကျန် ဒါးလှီးမန်ကျည်းမှည့်) ဈေးအနည်းငယ် ကျလာတာ တွေ့ရပါတယ်။ အရောင်းအဝယ်အေးပြီး လက်ကျန်များနေတာကြောင့် မန်ကျည်းမှည့်အသစ်များမပေါ်ခင် မန်ကျည်းမှည့်အဟောင်း အရောင်းအဝယ် သိပ်မတွင်ဘူးလို့ သိရပါတယ်။ ငှက်ပျောသီး၊ မန်ကျည်းသီးစိမ်း၊ ကင်ပွန်းချဉ်ရွက်၊ မျှစ်ချဉ်၊ ချဉ်ပေါင်ရွက် စတဲ့ ဟင်းသီးဟင်းရွက် (အချဉ်ဓာတ်ပါ) များ ဈေးကွက်အတွင်း ပေါများပြီး ဈေးနှုန်းများ ချိုသာတဲ့အတွက် မန်ကျည်းမှည့် ရောင်းအားကျဆင်းနေပါတယ်။ နယ်တင်ပို့မှုမှာလည်း မရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာ (ပွဲရုံဈေး) ၂၅၀၀ ကျပ်နဲ့ ဒေသတွင်း (လက်လီဈေး) ၃၀၀၀ ကျပ်ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာပေါ်တွင် (ပွဲရုံဈေး) ၃၀၀ ကျပ်နှင့် (လက်လီဈေး) ၅၀၀ ကျပ်အထိ ဈေးကျလာပါတယ်။ မန်ကျည်းသီးစိမ်း တစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဈေးသာ ရှိတော့ကြောင်း တွေ့ရပါတယ်။

**နီနီဝင်း**



## ကြက်သွန်

### ပခုက္ကူတွင် ကြက်သွန်နီ ဈေးငြိမ် အရောင်းအဝယ်သွက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်တဲ့ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်များမှ ဆောင်း စိုက် (ပင်စိုက်) ကြက်သွန်နီများ မတ် ၄ ရက်မှ ဈေးကွက်အတွင်း ဝင်ရောက်လာရာတွင် ပင်ရင်းလက်ကားဈေးအနေဖြင့် တစ်ပိဿာလျှင် ထိပ်စ ၅၀၀ကျပ်၊ အလတ်စ ၄၅၀ ကျပ်၊ အောက်စ ၃၇၀ ကျပ် ဈေးများဖြင့် အဖွင့်ဈေးရှိခဲ့ပါတယ်။

ဇူလိုင်လဆန်းပိုင်းတွင် ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ထိပ်စ ၅၀၀ကျပ်၊ အလတ်စ ၄၀၀ကျပ်၊ အောက်စ ၃၅၀ ကျပ်ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၂၀၀၀၀ မှ ၃၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ၅၀၀ ကျပ်၊ အလတ်စ ၄၅၀ ကျပ်၊ အောက်စ ၄၀၀ ကျပ်ဈေးဖြင့် ပိဿာချိန် ၅၀၀၀၀ မှ ၈၀၀၀၀ ကြား အရောင်းအဝယ်သွက်လာခဲ့၍ ကြက်သွန်နီစိုက် တောင်သူများနှင့် ကြက်သွန်နီ သိုလှောင်သူများအနေဖြင့် ကြက်သွန်နီထိပ်စဈေးနှုန်းမှာ တက်မလာသော်လည်း အလတ်စနှင့် အောက်စဈေးနှုန်းမှာအနည်းငယ် သင့်တင့်လျက်ရှိသောကြောင့် အရောင်းအဝယ်မှာ ယခင်ထက်သွက်လက်လာခြင်းဖြစ်၍ ကြက်သွန်နီရဲ့ သဘာဝအရ အဖတ်များလန်ခြင်း၊ ပုပ်လွယ်ခြင်း၊ အညှောက်ပေါက်ခြင်းတို့ကြောင့် အလျော့များဖြစ်နိုင်၍ အကျိုးအမြတ်ဖြစ်ထွန်းမှုမများသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ချယ်ရီမြင့် (ပခုက္ကူ)**

### ပြည်ကြက်သွန်နီ အဝင်ဆက်တိုက်များ၍ ဈေးအနည်းငယ်ကျ

ပြည်ကြက်သွန်နီ ဈေးကွက်သို့ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ တောင်တွင်း၊ ပခုက္ကူ စသည့် နယ်စုံမှ ယခင်တစ်ပတ်အတိုင်း ကြက်သွန်နီ ပုံမှန်ဝင်ရောက်နေပြီး ဇူလိုင် ဒုတိယပတ်မှစ၍ အဝင်ဆက်တိုက်များပြားနေတဲ့အတွက် ကြက်သွန်နီများ ပေါများနေမှုကြောင့် လက်လီရောင်းချသူများမှ အပြိုင်အဆိုင် ဈေးလျှော့ပြီး ရောင်းချလျက်ရှိတာ တွေ့ရပါတယ်။ နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်လာတဲ့အတွက် အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းသတ်မှတ် ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

ပွဲရုံလက်ကားဈေးအနေနဲ့ တစ်ပိဿာကို (ကြီး) ၅၈၀ ကျပ် (လတ်) ၕ၅၀ ကျပ် (သေး) ၅၀၀ ကျပ်တို့ဖြစ်ပြီး လက်လီဈေးမှာ အနည်းငယ် ကျဆင်းသွားကာ (ရှယ်သန့်) ၇၅၀ ကျပ်၊ (ကြီး) ၇၀၀ ကျပ်၊ (လတ်) ၆၀၀-၆၅၀ ကျပ်၊ (သေး) ၅၀၀- ၅၅၀ ကျပ်တို့နှင့် ရောင်းဝယ်နေကြောင်း သိရပါတယ်။

အရောင်းအဝယ်အားဖြင့် ဈေးအနည်းငယ် ကျဆင်းပေမယ့် ဒေသတွင်း ဝယ်လက်များဖြင့် ပုံမှန်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန် တင်ပို့မှုနှင့် ဒေသတွင်း ဝယ်လက်သမားများ အပါအဝင် တစ်နေ့ကို ပိဿာ ၃၀ဝင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရပါတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**

# မြန်မာ့ပြည်ပ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့်

|oefjrifaO|




### ဆွေးနွေးပွဲအခင်းအကျင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးတွင် မြန်မာနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Seminar on Myanmar and the FDI Issue) ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၀ရက်က ကျင်းပခဲ့ရာ ဆရာကြီး ဒေါက်တာဦးမြင့်ကလည်း ပါဝင်ဟောပြောခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်အပါအဝင် ပရိသတ် ၅၀၀ခန့် တက်ရောက်ခဲ့သည်။ အထူးသဖြင့် သတင်းမီဒီယာများမှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများ၊ သတင်းထောက်များကို စုံလင်စွာ တွေ့ရသည်။ သိလိုသည့်မေးခွန်းများကိုလည်း ပရိသတ်များက စိတ်အားထက်သန်စွာ မေးမြန်းကြသည်။ လွတ်လပ်ပွင့်လင်းစွာ မေးခွန်းထုတ်ကြသည်။ ဆရာကြီးကလည်း စိတ်ရှည်လက်ရှည် ပြန်လည် ဖြေကြားသည်။

### ဆွေးနွေးပွဲစာတမ်း၏ရည်ရွယ်ချက်

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ သယံဇာတများ သို့မဟုတ် အရင်းအနှီးများ (Resources) စီးဝင်လာမည့် အလားအလာကောင်းများကို တွေ့မြင်နေရသည်။ ထိုကဲ့သို့ စီးဝင်ရာတွင် ပုံစံနှစ်မျိုးဖြင့် စီးဝင်လာနိုင်သည်။ ပထမတစ်မျိုးမှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign direct investment-FDI) ပုံစံဖြင့် စီးဝင်လာနိုင်သည်။ ဒုတိယစီးဆင်းလာနိုင်သည့်ပုံစံမှာ အကူအညီ (Assistance) ပေးသည့်ပုံစံ ဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခြင်းအပြင် ကမ္ဘာ့စီးပွားရေးတွင် အဓိကအရေးပါသော နိုင်ငံများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းတို့နှင့်အတူ သယံဇာတများ စီးဝင်လာနိုင်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ဖြစ်လာရခြင်းမှာ ဒီမိုကရေစီ အစိုးရသစ်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ (Political, economic and social reforms) ကြောင့် ဖြစ်ပါသည်။ အစိုးရ၊ ပြည်သူနှင့် ဆက်နွယ် ပတ်သက် သူအားလုံးက အဆိုပါ စီးဝင်လာသော သယံဇာတ အရင်းအနှီးများအား ကောင်းမွန်စွာ အသုံးချစေလိုပြီး လက်ရှိ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံ အားပေးလျက်ရှိသည်။

ပြည်ပသယံဇာတ သို့မဟုတ် ပြည်ပမှ အရင်းအနှီးဝင်ရောက်မှုများအတွက် ဤကဲ့သို့သော အကောင်းမြင်မှုနှင့်အတူ လက်ရှိအချိန်တွင် FDI အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလျက် ရှိသည်။ အဓိကအားဖြင့် FDI ၏ ရိုက်ခတ်နိုင်ခြေများကို ဆွေးနွေးနေကြသည်။ ထို့ပြင် အလားအလာများနှင့် ဘေးအန္တရာယ်များကိုလည်း ဆွေးနွေးကြသည်။ ဆယ်စုနှစ်များစွာ အထီးကျန်ဆန်မှုမှ စတင်လွတ်မြောက်စ မြန်မာနိုင်ငံအတွက် ရင်ဆိုင်ရမည့် အလားအလာနှင့် ဘေးအန္တရာယ်များကို ဆိုလိုသည်။ ထို့ပြင် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရန်အတွက် ရည်ရွယ်ဆွေးနွေးလျက် ရှိကြသည်။ စီးပွားရေးတိုးတက်မှု (Growth)သည် ရေရှည်ခံသော၊ အားလုံးပါဝင်သော၊ ညီမျှသော ပြည်သူကို ဦးစားပေးသော စီးပွားရေးတိုးတက်မှု (Sustainable, inclusive, equitable and people centred growth)ကို ဆိုလိုပါသည်။

ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာရေးကို အထောက် အကူပြုရန်အတွက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်း အကြံပြုချက်များနှင့်အတူ FDI ဆိုင်ရာ ရလဒ်ကောင်းများ ဖြစ်ပေါ်လာရေးအတွက် အကြံကောင်းများထုတ်ဖော်ပေးရန် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရောက်ရှိနေသည့် လက်ရှိနေရာနှင့် မြန်မာနိုင်ငံသွား ရောက်နိုင်သောနေရာ (ဘယ်နေရာကိုရောက်နေသလဲ၊ ဘယ်ကို သွားမှာလဲ)တို့ကို ဦးစွာ ကြည့်ရှုရမည်ဖြစ်သည်။ လက်ရှိရင်းနှီးမြှုပ်နှံမှု အခြေအနေကို စတင်ကြည့်ရှုသင့် ပါသည်။ ထို့နောက် လက်ရှိအခြေ အနေအပေါ် အခြေခံပြီး FDI ဆိုင်ရာ သုံးသပ်ချက်များ၊ အမြင်များနှင့် တွေ့ရှိချက်များကို ဖော်ထုတ်တင်ပြမည် ဖြစ်သည်။ ထို့ပြင် FDI ဆိုင်ရာ အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းနိုင်မည့် အဖြေ များနှင့် ကုစားနိုင်သည့် အစီအမံများကိုလည်း ဖော်ထုတ်တင်ပြရမည် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း အဓိက ပါဝင်ပတ်သက်သူများနှင့် ဆုံးဖြတ်ချက် ချမှတ်သူများ စဉ်းစားဆုံးဖြတ်နိုင်ရေးအတွက် အကြံပြုချက်များကို ဖော်ထုတ်မည် ဖြစ်ပါသည်။ FDI ရေ့ခရီး ဆက်လက် ချီတက်နိုင်ရေးအတွက် နှစ်ဦး နှစ်ဘက် အဆင်ပြေသည့်အများလက်ခံသော အဖြေများကို ရရှိမည်ဟု မျှော်လင့်ပါသည်။

### မြန်မာ့စီးပွားရေးနောက်ခံအခြေအနေ

ကျွန်တော်တို့နိုင်ငံ ဘယ်နေရာကိုရောက်နေသလဲ၊ ဘယ်ကိုသွားနိုင်သလဲ ဟူသော မေးခွန်းအတွက် အဖြေမှာ ကျွန်တော်တို့နိုင်ငံသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ နေရာများစွာကို သွားရောက်နိုင်ပါသည် ဟူ၍ ဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ရေးသားချက်ကို ဖော်ပြလိုပါသည်။

" မေခရိုစီးပွားရေး တည်ငြိမ်မှုနှင့်အတူ မြန်မာ့စီးပွားရေး တိုးတက်မှုစွမ်းဆောင်ရည်သည် မှန်းထား သည်ထက် များစွာ ပိုမိုနိုင်ပါသည်။ ဒေသတွင်း နိုင်ငံများ၏ စီးပွားရေးတိုးတက်မှု မြင့်မားစဉ်က မြန်မာ နိုင်ငံ၏ ဒေသတွင်း ပြိုင်ဖက်နိုင်ငံများ၏ စီးပွားရေးမှာ ၆ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။ ထို့ကြောင့် ယင်းတို့၏ ဆင်းရဲမှုကို ဆယ်စုနှစ်တစ်ခုအတွင်း ထက်ဝက်လျှော့ချနိုင်ခဲ့ပါသည်။ အဆိုပါ နိုင်ငံများကဲ့သို့ မြန်မာ့စီးပွားရေး တိုးတက်မည်ဆိုပါက မြန်မာ့စီးပွားရေးသည် ၇ရာခိုင်နှုန်းမှ ၈ရာခိုင် နှုန်းအထိ တိုးတက်နိုင်ပါသည်။ နှစ်စဉ် ဤနှုန်းအတိုင်း တိုးတက်ပါက မြန်မာ့တစ်ဦးကျ GDP သည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ အထိ ရောက်ရှိမြင့်တက်နိုင်သည်။ ဤပမာဏသည် လက်ရှိတစ်ဦးကျ တိုင်းပြည်ဝင်ငွေထက် သုံးဆကျော် ပိုမိုများပြားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေအလယ်အလတ်တန်းစားနိုင်ငံ (Middle income country) ဖြစ်လာနိုင်သည်။

### စီးပွားရေးကမ္ဘာလောကနှစ်ခုနှင့် အမျိုးသားရင်ကြားစေ့ရေး

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က အကြံပြုပြောကြားထားသည့်အတိုင်း မြန်မာ့စီးပွားရေးကို ၇ ရာခိုင် နှုန်းမှ ၈ ရာခိုင်နှုန်း ပုံမှန်တိုးတက်သွားရေးအတွက် အချက်အလက်များစွာကို ထည့်သွင်း စဉ်းစားရပါမည်။ ပြီးခဲ့ သည့် ဆယ်စုနှစ်အတွင်း မြန်မာ့စီးပွားရေးသည် ဆယ်ဂဏန်းဖြင့် တိုးတက်မှု ရှိခဲ့သည်။ မြန်မာ့ GDP တိုးတက်မှုသည် အခြားအာရှတိုက်နိုင်ငံများ၏ GDP တိုးတက်မှုထက် နှစ်ဆကျော် ပိုမိုများပြား ခဲ့သည်။ ထိုကဲ့သို့ တိုးတက်ခဲ့ခြင်းက မြန်မာနိုင်ငံတွင် စီးပွားရေးကမ္ဘာလောကနှစ်ခု (Two economic worlds) ရှိသည်ဟု ထင်ယောင်ထင်မှား ဖြစ်စေသည်။ ပထမကမ္ဘာတစ်ခုမှာ လူသားများ နေထိုင်သည့် လက်တွေ့ကမ္ဘာလောက (Real World) ဖြစ်သည်။ အခြားကမ္ဘာတစ်ခုမှာ တရားဝင် အစီရင်ခံစာများနှင့် မှတ်တမ်းမှတ်ရာများ တည်ရှိသည့် စာရင်းအင်းကမ္ဘာ (Statistical World) ဖြစ်သည်။

ကျွန်တော်တို့ကာလရှည်ကြာခံစားနေခဲ့ရသည်မှာ အဆိုပါ ကမ္ဘာနှစ်ခုကို အမျိုးသားရင်ကြားစေ့ရေး (National Reconciliation) ပင် ဖြစ်သည်။ စာရင်းအင်း ကိန်းဂဏန်းများသည် လက်တွေ့အခြေအနေနှင့် ကွဲလွဲနေသောကြောင့် စာရင်းအင်းကိန်းဂဏန်းများ မှန်ကန်ရေးကို ဆောင်ရွက်မည်ဟူ၍ ဆိုလိုပါသည်။ အဆိုပါ အမျိုးသားရင်ကြားစေ့ရေး သို့မဟုတ် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးတိုးတက်မှု ဖြစ်စဉ်သည်လည်းကောင်း၊ စီးပွားရေး ဖြစ်စဉ်၏သော့ချက်ကျသော အညွှန်းကိန်းများ (Key Indicators)သည်လည်းကောင်း၊ ခိုင်မာမှု၊ ယုံကြည်အားထားရမှု မရှိပါက စဉ်ဆက်မပြတ် တိုးတက်မှု (Sustainable growth)နှင့် အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှု (Inclusive growth)တို့သည် ဖြစ်ပေါ်လာမည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

### အမျိုးသားရင်ကြားစေ့ရေး စတင်ခြင်း

ထို့ကြောင့် ကမ္ဘာနှစ်ခုကို ရင်ကြားစေ့သည့် လုပ်ဆောင်ချက်အဖြစ် မကြာမီက စတင်ခဲ့သော စီးပွားရေးပြုပြင် ပြောင်းလဲမှုများနှင့်အတူ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ပဉ္စမငါးနှစ် စီမံကိန်းအတွက် နှစ်စဉ် စီးပွားရေးတိုးတက်မှု လျာထားချက် ၁၀ဒသမ ၅ ရာခိုင်နှုန်းအား ၇ဒသမ ၇ရာခိုင်နှုန်းသို့ လျှော့ချ သတ်မှတ်ခဲ့ခြင်းကို ဆိုလိုပါသည်။ အဆိုပါ ၇ဒသမ ၇ရာခိုင်နှုန်းသည် ပိုမိုလက်တွေ့ဆန်သည့် စီးပွားရေး တိုးတက်မှုနှုန်း ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှု လျာထားချက်ကို ၆ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှု လျာထားချက်ကို ၆ဒသမ ၃ရာခိုင်နှုန်း သတ်မှတ်ခဲ့ပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း စီးပွားရေးတိုးတက်မှု နှုန်းများနှင့် နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းနှင့် ၆ဒသမ ၃ရာခိုင်နှုန်းသည် နိမ့်ကျလျက် ရှိပါသည်။ သို့ရာတွင် ဤနှုန်းများသည် အာရှ ဒေသအတွက် ADB က ခန့်မှန်းထားသည့် နှုန်းများနှင့် ကိုက်ညီကြောင်း တွေ့ရသည်။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ် နှစ်ခုအတွက် ADB က လျာထားသည့် စီးပွားရေးတိုးတက်မှု နှုန်းများမှာ ၆ဒသမ ၁ ရာခိုင်နှုန်းနှင့် ၆ဒသမ ၇ရာခိုင်နှုန်း အသီးသီး ဖြစ်ကြသည်။

လက်တွေ့လောကနှင့် စာရင်းအင်းလောကတို့၏ ရင်ကြားစေ့ရေးသည် နိုင်ငံရေးရင်ကြားစေ့သည့် ကိစ္စရပ်ကဲ့သို့ ထူးခြားသောဖြစ်ရပ်မဟုတ်ပေ။ ထို့ပြင် လက်တွေ့နှင့် စာရင်းအင်းလောက ရင်ကြားစေ့ရေး ကိစ္စရပ်ကို ပြည်တွင်းနှင့် နိုင်ငံတကာကလည်း စိတ်ဝင်စားမှုမရှိပေ။ သို့သော်လည်း အဆိုပါကိစ္စရပ်သည် ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့ နိုင်ငံအတွက် အထူးသဖြင့် ပေါ်လစီရေးဆွဲချမှတ်သူများအတွက် ကြီးမားသည့် အထောက်အပံ့ ဖြစ်သည်။

### တိုးတက်မှုအလားအလာနှင့် ထည့်သွင်းစဉ်းစားစရာ

အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာနိုင်ငံ၏ GDP သည် နှစ်စဉ် ၇ရာခိုင်နှုန်းမှ ၈ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ ၂၀၃၀ပြည့်နှစ်တွင် မြန်မာ့တစ်ဦးကျ GDP သည် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ အထိ ရှိလာနိုင်ကြောင်း ပြောကြားချက်များသည် ကောင်းမွန်ပါသည်။ မြန်မာနိုင်ငံအတွက် သတင်းကောင်း ဖြစ်ပါသည်။ မြန်မာ့အိမ်နီးချင်း အာဆီယံနိုင်ငံများက ADB ဟောကိန်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါနိုင်ငံများကဲ့သို့ ဖြစ်မလာနိုင်စရာ အကြောင်းမရှိပေ။ သို့သော်လည်း ထည့်သွင်းစဉ်းစားရန်အချက် ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်ဦးကျ GDP သည် ကန်ဒေါ်လာ ၂၀၀၀ နှင့် ၃၀၀၀ ကြား ရောက်ရှိချိန်၌ ဒေသတွင်း ပြိုင်ဖက်နိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများ၏ တစ်ဦးကျ GDP သည်လည်း လက်ရှိထက် ပိုမိုမြင့်တက်နေမည်ကို ထည့်သွင်း စဉ်းစားရပါမည်။

မြန်မာနှင့် အခြားအာဆီယံနိုင်ငံများ၏ GDP တိုးတက်မှုကို လေ့လာရာတွင် အချက်နှစ်ချက် တွေ့ရှိ ရပါသည်။ ပထမအချက်မှာ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၏ တစ်ဦးကျ GDP စာရင်း၏ အောက်ဆုံးတွင် ရှိနေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း မြန်မာ့စီးပွားရေးသည် ဆယ်ဂဏန်းဖြင့် တိုးတက်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် မြန်မာသည် အာဆီယံ တစ်ဦးကျဝင်ငွေစာရင်း၏ အောက်ဆုံးတွင်ပင် ရှိနေဆဲဖြစ်ပါသည်။ ဒုတိယအချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံမူလအဖွဲ့ဝင် ငါးနိုင်ငံ၏ တစ်ဦးကျဝင်ငွေထက် နိမ့်ကျနေနိုင်ခြင်း ဖြစ်သည်။ ၂၀၁၁ ခုနှစ် တွင် ၂၀၀၀ ပြည့်နှစ်ကဲ့သို့ပင် အောက်ဆုံး၌ ရှိနေသကဲ့သို့ပင် တစ်ဦးကျဝင်ငွေ အနိမ့်ဆုံး၌ ရှိနေနိုင်ခြင်းကို ဆိုလိုပါသည်။ မြန်မာ့စီးပွားရေး တိုးတက်သကဲ့သို့ အခြားအာဆီယံနိုင်ငံများ၏ စီးပွားရေးသည်လည်း ဆက်လက်မြင့်တက်နေမည် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာ၏ တစ်ဦးကျဝင်ငွေသည် အခြားအာဆီယံနိုင်ငံများ၏ တစ်ဦးကျဝင်ငွေထက် နိမ့်ကျမြဲ နိမ့်ကျနေနိုင်ပါသည်။ လက်ရှိ အခြေအနေမှ ၁၉နှစ်ကြာသည့် အချိန်ဖြစ်သော ၂၀၃၀ ပြည့်နှစ်၏ စီးပွားရေး အခြေအနေကို သုံးသပ်ခြင်း ဖြစ်ပါသည်။

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီတန်ချိန် ၂၀ကျော်နဲ့ ဒီဇယ်တန်ချိန် ၁၀၀ကျော်ဝင်

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၅၅၉၀၃၂၈တန်ဖိုးရှိ ဒီဇယ် ၁၁၅ ဒသမ ၉၃၅တန်နဲ့ကန်ဒေါ်လာ ၁၃၂၈၁၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၂၁ ဒသမ ၃၀၇တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့်ဒီဇယ်၊ 92 နဲ့ 95 တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်မှာ တန်ချိန် ၃၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၉၀ ကျော်တင်သွင်းမှုလျော့ခဲ့သလို ယခင်တစ်ပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၂၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၁၀၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါ တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ၄၄၇၀၈ တန်ဖိုးရှိဓာတ်ဆီ တန်ချိန် ၈၀ နဲ့ ကန်ဒေါ်လာ ၂၈၂၈၅ တန်ဖိုးရှိ ဒီဇယ် ၈၁ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ မြိတ်စခန်းမှ ကန်ဒေါ်လာ ၃၆၅၄၄၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၈၀၀နဲ့ ကန်ဒေါ်လာ ၁၇၀၉၀၄ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၃၄၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးအနည်းငယ် ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချ နေတဲ့ဈေးမှာ ဒီဇယ် ၅၆၀ ကျပ်၊ အောက်တိန်း (92) ၅၆၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၉၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇူလိုင် ၂၅ ရက် ဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်ဈေးရှိခဲ့ရာ ၂၇ ရက်မှစပြီး ဝယ်ဈေး ၂၀၀၀ ကျပ် ရောင်းဈေး ၃၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ၂၀၀၀ ကျပ်ဝန်းကျင်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါ ဈေးမှာ ဇူလိုင် ၂၅ ရက်တွင် ဝယ်ဈေး ၁၂၄၀၀၀ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၇ ရက်တွင် ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်ဈေးသို့ ဈေးကျပြီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၄၅ ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၂၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၇ ရက်တွင် ဝယ်ဈေး ၁၀၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင် ၂၅ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၆ ရက်မှစပြီး ဝယ်ဈေး ၂၀၀၀ ကျပ်ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေးမှာ ၁၃၂၀၀၀ ကျပ်နဲ့ပဲ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးကျခဲ့သော်လည်း ဓာတ်ဆီဝယ်ဈေး နည်းနည်းမြင့်ခဲ့တယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၇၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၈၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၃၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်မူ ငြိမ်သက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။ ဈေးငြိမ်သက်နေမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်လက်လာခဲ့ကြောင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးကပြောသည်။

"ဈေးအတက်အကျနည်းတဲ့အတွက် အရောင်းအဝယ်က တော်တော်လေးကို သွက်ပါတယ်။ အရောင်းအဝယ်သွက် လာပေမယ့် ဈေးကတက်မသွားဘူး။ အရင်တုန်းကဆိုရင် အရောင်းအဝယ်သွက်လာပြီဆိုတာနဲ့ ဈေးကတက်သွားတတ်တာ။ အခုတော့ ဈေးကတစ်ပတ်လုံးမှာ တစ်ကျပ် နှစ်ကျပ်လောက်ပဲ တက်တဲ့အတွက် ဈေးငြိမ်တယ်လို့ပြောရမှာပါ"ဟု ဈေးကွက်အတွင်းဝယ်ရောင်း လုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲဈေးကွက်များတွင် ဇူလိုင်လ ၂၅ ရက်က ရောင်းဈေး ၁၁၈၈ ကျပ်၊ ဝယ်ဈေး ၁၁၈၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ် အတွင်း နှစ်ကျပ်ခန့်သာအတက်အကျ ရှိခဲ့သည်။ ဇူလိုင် ၂၉ ရက်တွင်လည်း ရောင်းဈေး ၁၁၈၈ကျပ်၊ ဝယ်ဈေး ၁၁၈၄ ကျပ်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်လာ

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေ ဈေးပါ လိုက်ပါမြင့်တက်ခဲ့ရကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဒေါ်လာ ၁၃၃၅ ဒေါ်လာအထိမြင့် တက်လာသဖြင့် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၄၁၀၀၀ သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များပါးလျက်ရှိကြောင်း သိရသည်။

ဈေးကွက်အတွင်းအရောင်းအဝယ် များပါးနေသဖြင့် ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းရန် မျှော်လင့်နေကြသည်ဟုဆိုသည်။ သို့သော် ဩဂုတ်လဆန်းပိုင်းတွင် အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းသတ်မှတ်မည်ဟု ဆိုထားခြင်းကြောင့် ယင်းထုတ်ပြန်ချက်ကိုစောင့်နေကြခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို မြှင့်တင်သတ်မှတ်လိုက်ပါက ဈေးကွက်အခြေအနေမှာ တစ်မျိုးပြောင်းသွားနိုင်ကြောင်း ရွှေဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။ ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၂၅ ရက်က ကျပ် ၈၃၄၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် ကျပ် ၈၄၁၅၀၀ သို့ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၂၅ ရက်တွင် ၁၃၁၆ ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၂၈ ရက်တွင် ၁၃၄၀ ဒေါ်လာ သို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## သီလဝါရှယ်ယာဈေးသာမက ရောင်းချရသည့်အရေအတွက်ပါ ဆက်လက်ကျဆင်း၊ အနိမ့်ဆုံးသတ်မှတ်သည့်နှုန်းထားသို့ ရောက်ရှိ

ယခုတစ်ပတ်အတွင်း သီလဝါ ရှယ်ယာဈေးနှုန်းများသာမက ရောင်းချရသည့် အရေအတွက်ပါ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ရှယ်ယာအမြတ်ရရှိရန် ရှယ်ယာများကို အရောင်းအဝယ်လုပ်ရန်သတ်မှတ်ထားသည့်ရက် ကျော်လွန်သွားသဖြင့် MTSH ၏ရှယ်ယာဈေးနှုန်းများနှင့် အရောင်းအဝယ်ပါ ကျဆင်းသွားခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

အဆိုပါ MTSH ကုမ္ပဏီ၏ အမြတ်ခွဲဝေရရှိမှုစာရင်းတွင်ပါဝင်နိုင်ရန် ရှယ်ယာအရောင်းအဝယ် ပြုလုပ်မည့်ရက်ကို ဇူလိုင်၂၇ ရက်ဟု သတ်မှတ်ထားရာ အဆိုပါရက် ကျော်လွန်သွားသည့်အချိန်တွင် ရှယ်ယာဈေးနှုန်းရော၊ အရောင်းအဝယ်ပါ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းနောက်ဆုံးရက် ဇူလိုင်လ ၂၆ ရက် MTSH ရှယ်ယာများ၏ ဈေးနှုန်းများသည် ကျပ် ၅၁၀၀၀ အထိ မြင့်တက်ခဲ့ကာ အရောင်းအဝယ်ဖြစ်မှု ရှယ်ယာအရေအတွက်မှာ တစ်သောင်းကျော်အထိရှိခဲ့ကြောင်း သိရသည်။

သို့သော် ဇူလိုင်၂၇ ရက် တွင်မူ ကျပ်၄၈၀၀၀သို့ ကျဆင်းခဲ့သည့်အပြင် အရောင်းအဝယ်ဖြစ်သည့် ရှယ်ယာ အရေအတွက်မှာလည်း ကျဆင်းခဲ့ကြောင်းသိရသည်။

"ရှယ်ယာ ဈေးကွက်မှာက ရှယ်ယာရဲ့ သဘောကို သေသေချာချာ နားမလည် ကြသေးတော့ ဈေးနည်းနည်းတက်လာရင် ရောင်းမယ်၊ ဈေးပြန်ကျသွားရင် ပြန်ဝယ်မယ်၊ အဲဒီလို လူမျိုးတွေက များ နေတယ်။ အမြတ်ရတာနဲ့ပြန်ရောင်း ပြန်ဝယ်လုပ်နေတဲ့အတွက် သာမန် အရောင်းအဝယ်လုပ်တဲ့ပုံစံမျိုးပဲရှိနေသေးတယ်။ ဒါက- လည်း ရှယ်ယာမှာ Listed ဖြစ်တဲ့ ကုမ္ပဏီ အရေအတွက်က နည်းနေသေးတော့ ရွေးချယ်စရာသိပ် မရှိလို့ပါ"ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

FMI ရှယ်ယာဈေးနှုန်းမှာအတက် အကျအနည်းငယ်ဖြင့် ပုံမှန်အရေအတွက်အတိုင်းသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **မယ်သီတာ**

## Currency Exchange Rate

July 29, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 78.47 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.65 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.05 |
| I DR | Indonesia Rupiahs | 13119.77 |
| JPY | Japan Yen | 103.66 |
| MYR | Malaysia | 4.06 |
| PKR | Pakistan Rupees | 104.83 |
| PHP | Philippines Pesos | 47.10 |
| RUB | Russia Rubles | 66.69 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1120.29 |
| LKR | Sri Lanka Rupe | 145.89 |
| THB | Thailand Baht | 34.88 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22296.54 |

*Source : xe.com*

## World Gold Price

July, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1314 | 1314 | 1315 |
| 26 | 1314 | 1319 | 1315 |
| 27 | 1315 | 1316 | 1318 |
| 28 | 1338 | 1339 | 1338 |
| 29 | 1332 | 1333 | 1333 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25 -7- 2016 | 834.50 | 833.80 |
| 26 -7- 2016 | 834.50 | 834.10 |
| 27 -7-2016 | 834.50 | 835.00 |
| 28 - 7- 2016 | 841.00 | 841.00 |
| 29 -7- 2016 | 841.50 | 840.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6 .68 | 35.00 | 78.76 | 67.25 |
| 26 | 6. 68 | 35.03 | 78.38 | 67.37 |
| 27 | 6 67 | 35.01 | 78.55 | 67.24 |
| 28 | 6 .66 | 34.90 | 77.90 | 67.04 |
| 29 | 6.65 | 34.88 | 78.47 | 67.05 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25 - July | 19.45 | 2292.64 | 1619.97 | 5003.26 | 1071.00 |
| 26 - July | 19.59 | 2256.58 | 1615.26 | 4981.09 | 1084.00 |
| 27 - July | 19.54 | 2241.34 | 1603.39 | 4977.50 | 1092.00 |
| 28 - July | 20.35 | 2214.91 | 1615.71 | 4905.40 | 1145.00 |
| 29 - July | 20.03 | 2223.87 | 1622.88 | 4931.58 | 1133.00 |

Source:kitco.com

## Energy NYMEX

29-7-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.03 | -0.11 | -0.27 |
| Brent Crude Futr (USD/bbl) | 42.65 | -0.05 | -0.12 |
| Gasoline Rbob Fut (Cent/gal) | 129.60 | -1.02 | -0.78 |
| Natural Gas Futr (USD/MMBtu) | 2.86 | -0.01 | -0.35 |
| Heating Oil Futr (Cent/gal) | 127.27 | 0.23 | 0.18 |

## ဘိလပ်မြေ

### ဘိလပ်မြေဆက်လက်အဝင်နည်း

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၁၆၂၈၁ တန်ဖိုးရှိ ဘိလပ်မြေ ၇၂၃၉ ဒသမ ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၇၀၇၁ ဒသမ ၇၅ တန်နဲ့ တရုတ်နိုင်ငံမှ ၁၆၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်၊ စိန်နဲ့ အင်စီးဘိလပ်မြေများ တင်သွင်းခဲ့ပါတယ်။ မိုးများလာတာကြောင့် အရောင်းအဝယ်လည်းပါးပြီး တစ်ပတ်ထက် တစ်ပတ် ဘိလပ်မြေတင်သွင်းမှု လျော့နည်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၅၈၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၈၆၀၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းအဝယ်အေး

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၇၂၃၉တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၃၅၈၈၂တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၆၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၇၃၇ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၅၁၇ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၂၁၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ မိုးများနေပြီး တည်ဆောက်ရေးလုပ်ငန်းများ နားနေတာကြောင့် အရောင်းအဝယ်က တော်တော်လေးပါးတယ်။မဖြစ်မနေ အသုံးရှိတဲ့သူတွေပဲ အဝယ်ရှိတာကြောင့်အရောင်းအဝယ်က အေးလွန်းတယ်လို့ အိမ်ဆောက်ပစ္စည် ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၂၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ် စိန်(ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီရက်ပိုင်းမိုးများပြီး ဆောက်လုပ်ရေးလုပ်ငန်း တွေလည်း နားနေရတာကြောင့် အရောင်းအဝယ်က တော်တော်လေး အေးနေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဆင်နဲ့ စိန်က ၅၀၀ကျပ်-၆၀၀ကျပ်၊ အေသုံးလုံး၊ အပါချီက ၂၀၀ကျပ်၊ နဂါးက ၄၀၀ကျပ်၊ ကမ္ဘောဇက ၅၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် ၆၉၀၀ ကျပ်၊ ဆင် ၆၈၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊အပါချီ ၄၇၀၀ကျပ်၊ ကမ္ဘောဇ ၄၃၀၀ကျပ်၊ နဂါး ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်တံဆိပ်က ဈေးနည်းနည်းမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးများမှာ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်၊ကြံ့ ၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာ အဝင်နည်း

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၁၈၆၉၆ တန်ဖိုးရှိ မြေသြဇာ ၉၆၂၀ ဒသမ ၃၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၇၅၀၀ ဒသမ ၉၀ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံမှ ၁၉၆ တန်၊ ထိုင်းနိုင်ငံမှ ၄၂၃ ဒသမ ၄၀တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ မြေဆီအမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်ထြိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း စတဲ့ အမျိုးအစားများ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၄၄၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၈၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် ဈေးကျအရောင်းအေး

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၉၆၂၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၄၄၈၄ တန်ဝင်ခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၄၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ ၂၈၄၅၇ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၄၆၅၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၇၉၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ ခဲ့ပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်ထိုင်းသလို ကုမ္ပဏီဈေးတွေလည်း ကျလာတာကြောင့် ဒီတစ်ပတ်မှာ မြေသြဇာဈေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကျလာတဲ့ တံဆိပ်တွေက ပုလဲအသေးနဲ့ ကွန်ပေါင်း ၁၅ ပတ်လည်တို့ဖြစ်ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၀၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ်လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာ အရောင်းအေးနေသလို မြေသြဇာဈေးများလည်း ကျလာတယ်လို့ သိရပါတယ်။ ယူရီးယား(ကမ္ဘာလုံး၊ရွှေတောင်) က ၁၃၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး)က ၃၀၀ ကျပ်၊တီစူပါ က ၆၀၀ ကျပ်၊ ဓာတ်ဆားက ၅၀၀ ကျပ် ဈေးကျလာပြီး၊ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး၊ရွှေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၇၀၀ ကျပ်၊ တီစူပါ ၂၀% (တရုတ်)၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၅၂၀၀ ကျပ် ၊ ဓာတ်ဆား(တရုတ်)၁၅၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၄၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးပြီး ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ မြားကမ္ဘာ ၁၂း၁၃ နဲ့ဆင် ၁၀း၁၀း၅ က၃၀၀ ကျပ်၊ တောင်သူမက ၂၀၀ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) က ၂၀၀ ကျပ်ဈေးကျလာခဲ့ပြီး ယူရီးယားက ၃၀၀ ကျပ်ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ ၁၅၅၀၀ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊သီးစုံ (ဝါစိမ်းပြာ) ၁၅၀၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ က ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၅၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်နဲ့ တောင်သူမ ၁၄၈၀၀ ကျပ်၊ ဇာမဏီ ၁၇၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ ယူရီးယားက ၅၀၀ကျပ်နဲ့ ပိုတက်က ၁၅၀၀ ကျပ် ဈေးကျလာခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား(နေရွက်လှေ-တရုတ်)၂၂၀၀၀ ကျပ်၊တီစူပါ ၁၉၀၀၀ ကျပ်၊ပိုတက် (အိန္ဒိယ)၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည် ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇း(အမ်) ၃၁၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၁၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၉၀ ကျော်ဝင်

ဇူလိုင် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၄၇၀၇၁ တန်ဖိုးရှိ နို့မှုန့် ၁၂၄ ဒသမ ၁၆၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ ၂၄ ဒသမ ၈၀၄ တန်နဲ့ စင်ကာပူမှ ၉၉ ဒသမ ၃၆ တန်ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် တန်ချိန် ၃၅ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်က စင်ကာပူမှ ၁၇ ဒသမ ၅၆၂ တန်၊နယူးဇီလန်မှ ၂၅ ဒသမ ၂၀တန်၊ USA မှ ၂၈ ဒသမ ၆၉၇တန်၊ သြစတြေးလျမှ ၅ တန်နဲ့ ပိုလန်မှ ၂၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၁၈၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် တန်ချိန် ၉၀ ကျော်လျော့နည်းပြီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၇ မှ ၂၂/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၇ မှ ၁၅/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၀.၅၀ | ၄၅၉.၈၅ | (+) | ၂၇၀.၆၅ |
| ၂။ | လွယ်ဂျယ် | ၂၇၀.၀၀ | ၄၂၀.၀၀ | (-) | ၁၅၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၁၄၀.၀၀ | ၁၂၉၉.၀၀ | (-) | ၁၅၉.၀၀ |
| ၅။ | တာချီလိတ် | ၅၀၀.၀၀ | - | (+) | ၅၀၀.၀၀ |
| ၆။ | မြဝတီ | ၆၀၁.၉၂ | ၂၅၃.၉၄ | (+) | ၃၄၇.၉၈ |
| ၇။ | ကော့သောင်း | ၄၀၉၅.၀၀ | ၅၈၅၀.၀၀ | (-) | ၁၇၅၅.၀၀ |
| ၈။ | မြိတ် | ၄၄၀၀.၀၀ | ၂၃၅.၀၀ | (+) | ၄၁၆၅.၀၀ |
| | စုစုပေါင်း | ၁၁၇၃၇.၄၂ | ၈၅၁၇.၇၉ | (+) | ၃၂၁၉.၆၃ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၇ မှ ၂၂/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၇ မှ ၁၅/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၂၉၂.၃၆ | ၁၈၇၇၅.၈၅၀ | (+) | ၂၅၁၆.၅၁၀ |
| ၂။ | လွယ်ဂျယ် | ၅၈၇.၃၅၀ | ၄၃၀.၂၀၀ | (+) | ၁၅၇.၁၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၀၈၆.၇၅၀ | ၃၉၅၅.၂၅၀ | (+) | ၁၁၃၁.၅၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၀၀.၀၀ | ၂၀၀.၀၀၀ | (+) | ၁၀၀.၀၀၀ |
| ၅။ | မြဝတီ | ၃၈၀.၇၅၂ | ၅၆၂.၅၇၀ | (-) | ၁၈၁.၈၁၈ |
| ၆။ | ကော့သောင်း | ၁၆၀.၀၀၀ | ၆၀.၀၀၀ | (+) | ၁၀၀.၀၀၀ |
| ၇။ | မြိတ် | - | ၁၇၅.၀၀၀ | (-) | ၁၇၅.၀၀၀ |
| ၈။ | ရိဒ် | ၆၅၀.၀၀၀ | ၅၀၀.၀၀၀ | (+) | ၁၅၀.၀၀၀ |
| | စုစုပေါင်း | ၂၈၄၅၇.၂၁၂ | ၂၄၆၅၈.၈၇ | (+) | ၃၇၉၈.၃၄၂ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ပြည်ဈေးကွက်တွင် မိုးနှမ်းအသစ်များ စပေါ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မိုးနှမ်းနီအသစ်များကို မြန်အောင်နှင့် နတ်တလင်းဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀ ခန့် ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဝင်ရောက်လာတဲ့ နှမ်းမှာ နှမ်းနက်များဖြစ်သဖြင့် အောင်လံဘက်မှ စမုံနက်နှမ်း ဈေး အနည်းငယ် မြင့်တက်လာတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ အသစ်ရော အဟောင်းပါ ဈေးတူနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၆၆၀၀ ကျပ်၊ နှမ်းနက် တစ်တင်းလျှင် ၃၃၀၀၀ ကျပ် ဖြင့် ယခင်တစ်ပတ်က အတိုင်း ဈေးငြိမ်နေပြီး စမုံနက် နှမ်းတစ်တင်းလျှင် ၅၀၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ် မြင့်တက်လာတာ တွေ့ရပါတယ်။ နှမ်းဆီဈေးကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာလျှင် ၄၄၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ **ဝေဝေမင်း**

### ပြည်မြေပဲဆန်ဈေးကွက် အရောင်းအဝယ်အေး ဈေးငြိမ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ မြေပဲဆန်ဈေးအေးပြီး အရောင်းအဝယ် အနည်းငယ်အေးနေတာ တွေ့ရပါတယ်။ ယခုအချိန်တွင် မြေပဲဆန် အဝင်မရှိတော့ဘဲ လက်ကျန်မြေပဲများကိုသာထုတ်၍ ရောင်းချနေရသဖြင့် အရောင်းအဝယ် အေးနေတာ တွေ့ရပါတယ်။ ရန်ကုန်ဆီစက်များကလည်း ယခုအချိန်တွင် အနည်းငယ်သာ အဝယ်ရှိနေတာ တွေ့ရပါတယ်။ မြေပဲဆန် ဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ဆီဆန်တစ်ပိဿာလျှင် ၂၀၀၀ ကျပ်၊ လုံးဆန် တစ်ပိဿာလျှင် ၂၆၀၀ ကျပ်ဖြင့် ဆီဈေးမှာလည်း တစ်ပိဿာလျှင် ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

### ချင်းရွှေဟော်မှ နှမ်းရောင်စုံပိုမိုတင်ပို့

ဇူလိုင် ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၉ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၁၇၇၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၈၃၉ တန်ခွဲ၊ နှမ်းနက်တန် ၈၄၀ ကျော်နဲ့ နှမ်းညို ၉၂ တန် ဖြစ်ပါတယ်။ ယခင်သီတင်း ပတ်က ချင်းရွှေဟော်မှ နှမ်းဖြူ/နှမ်းနက် ၁၅၃၄ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

ယခင်တစ်ပတ်က မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီမှ နှမ်းနက် ၃၁ တန်ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ် မြဝတီမှ နှမ်းတင်ပို့မှု မရှိဘဲ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၀၀၀ တန်ဖိုးရှိ နှမ်းနက် ၁၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းရွှေဟော်နယ်စပ်မှ ခရီးလမ်းတိုခြင်း၊ ခရီးလမ်းသာခြင်းများကြောင့် နှမ်းတင်ပို့မှုပုံမှန်ရှိခဲ့ပြီး၊ နှမ်းတင်ပို့မှုမရှိတဲ့ မူဆယ်နယ်စပ်ရဲ့ ကုန်စည်ဒိုင်မှာတော့ ဇူလိုင် ၂၂ ရက်နေ့ရဲ့ နှမ်းဖြူတစ်တန်ဈေး ၁၂၀၈၉၇၅ ကျပ်နဲ့ နှမ်းနက်တစ်တန်ဈေး ၂၂၅၂၄၃၅ ကျပ်ရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# အခြား ဟင်းရွက်ဆီဈေး မြင့်တက်မှုနဲ့ ရင်းဂစ်တန်ဖိုး နိမ့်ကျမှုကြောင့် မလေးရှားစားအုန်းဆီဈေးမြင့်တက်

အခြားဟင်းရွက်ဆီဖြစ်တဲ့ ပဲပုပ်ဆီဈေး မြင့်တက်မှုနဲ့အတူ မလေးရှားစားအုန်းဆီကြိုရောင်းတွေကလည်း ဇူလိုင် ၂၈ ရက်မှာ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ပြီး မလေးရှားရင်းဂစ်တန်ဖိုး ကျဆင်းမှုကလည်း စားအုန်းဆီဈေး မြင့်တက်မှုအတွက် ထပ်မံ အထောက်အကူဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) မှာ ဇူလိုင် ၂၇ ရက် ဈေးပိတ်ချိန်မှာ အောက်တိုဘာအတွက် စာချုပ်ချုပ်ဆို ရောင်းချတဲ့ စားအုန်းဆီအခြေခံစံထား ဈေးနှုန်းက သုည ဒသမ ၀၄ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၃၁၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၆၉) ရှိခဲ့ပါတယ်။

ဇူလိုင် ၂၇ ရက်မှာ ရောင်းချတဲ့ စားအုန်းဆီ ပမာဏက ၂၅ တန်ရှိ အတွဲ ၄၄၅၉၁ တွဲရှိတဲ့အတွက် ၂၀၁၅ ခုနှစ်က တစ်ရက်ပျမ်းမျှရောင်းချရတဲ့ အတွဲဖြစ်တဲ့ ၄၄၆၀၀ တွဲနီးပါး ရှိနေတာကို တွေ့ရပါတယ်။

စားအုန်းဆီဈေးနှုန်းက ယခုလအတွင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဇူလိုင် ၂၆ ရက်က တရုတ်ဟင်းရွက်ဆီဈေးနှုန်း ကျဆင်းတဲ့ဂယက်ကြောင့် စားအုန်းဆီဈေးက တစ်တန်ကို ၂၂၅၃ ရင်းဂစ်နှုန်းရှိခဲ့ရာ ရက်သတ္တတစ်ပတ်အတွင်းမှာ အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

"စားအုန်းဆီဈေးက ချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့နဲ့ ဒါလီယံ ကုန်စည်ဒိုင်စတဲ့ ပြည်ပဈေးကွက်တွေရဲ့ ပုံစံအတိုင်း လိုက်ပါကျဆင်းနေပါတယ်။ တရုတ်ဈေးကွက်က စိတ်ဝင်စားလာမယ်ဆိုရင်တော့ ဝယ်လိုအား မြင့်တက်လာမယ့် သဘောရှိပါတယ်။ အဲဒီအချိန်ရောက်ရင်တော့ ပဲပုပ်ဆီဈေးကွက်နဲ့ စားအုန်းဆီဈေးကွက် နှစ်ခုစလုံး မြင့်တက်လာနိုင်ပါတယ်" လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက တရုတ်ဒါလီယံ ကုန်စည် ဒိုင်ကိုရည်ညွှန်းပြီး ပြောပါတယ်။

ချီကာဂို ပဲပုပ်ဆီကြိုရောင်း ကြိုဝယ်ဈေးကွက်ရဲ့ အခြေအနေကလည်း စားအုန်းဆီဈေးကွက်ကို လွှမ်းမိုးမှုရှိပါတယ်။ ချီကာဂိုပဲပုပ်ဆီဈေးက သုံးလအတွင်း အနိမ့်ဆုံးဈေး အထိ ရောက်ရှိခဲ့ပြီးနောက် ကျဈေးနဲ့ အဝယ်လိုက်လာတဲ့ အတွက် ဇူလိုင် ၂၆ ရက်မှာ ပြန်လည်မြင့်တက်ခဲ့ပါတယ်။

ဇူလိုင် ၁ ရက်မှ ၂၅ ရက်အတွင်း မလေးရှား စားအုန်းဆီ တင်ပို့မှုကို ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဇူလိုင် ၂၅ ရက်က ထုတ်ပြန်တဲ့ စာရင်းဇယားများအရ သိရပါတယ်။

ရင်းဂစ်တန်ဖိုး ကျဆင်းမှုကြောင့် ဇူလိုင် ၂၆ ရက်နေ့ စားအုန်းဆီ ဈေးကွက်မှာ ဈေးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ စားအုန်းဆီဈေး သတ်မှတ်ရာမှာ အများဆုံး အသုံးပြုတဲ့ ငွေကြေးဖြစ်တဲ့ ရင်းဂစ်တန်ဖိုးက ဇူလိုင် ၂၆ ရက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုညဒသမ ၄ ရာခိုင်နှုန်း တန်ဖိုးကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၀၇၃၅ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။

စားအုန်းဆီဈေးက အမြင့်ဆုံးဖြစ်မယ်လို့ ခန့်မှန်းထားတဲ့တစ်တန် ၂၃၀၂ ရင်းဂစ်နှုန်းကို ကျော်တက်မယ်ဆိုရင် တစ်တန်ကို ၂၃၇၄ ရင်းဂစ်နှုန်းအထိ ရောက်ရှိနိုင်တယ်လို့ ရိုက်တာသတင်းဌာနရဲ့ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောပါတယ်။ အခြားဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန် ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့မှာ ဒီဇင်ဘာအတွက် ပဲပုပ်ဆီက သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက ၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၇-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၉၀ | ၁၄၈၀ | ▽ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၃၀၀ | ၃၂၀၀ | ▽ | ၁၆၁၀ | ၁၅၇၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၀၀၀ | ၄၉၀၀ | ▽ | ၁၅၆၀ | ၁၅၆၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၄၀ | ၁၆၄၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၂၀၀ | ၃၃၀၀ | △ | ၁၆၃၀ | ၁၆၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၇-၂၀၁၆ US$/Ton

| အမျိုးအစား | ဇူလိုင်လဒုတိယပတ် | ဇူလိုင်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၆.၅၀ | ၆၁၁.၀၀ | △ |
| RBD P.Olein | ၆၀၃.၀၀ | ၆၁၄.၀၀ | △ |
| RBD P.Strarin | ၅၈၀.၅၀ | ၅၉၃.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉- ၇ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၃.၇၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၂၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၃.၀၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၈.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၈၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၄.၃၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၇-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၆၇၅ဒေါ်လာနှင့် USD ဈေး ၁၁၈၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၉-၇-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ဟင်းသီးဟင်းရွက်များသည် စားသုံးရန် သင့်တော်ပါသလား



|rsK,dob (u kefo G jr§}|

Vegetable ဟူသော အသုံးအနှုန်းသည် အင်္ဂလိပ်စကားလုံးအဖြစ် ၁၅ရာစု တွင် စတင်သုံးစွဲခဲ့ပြီး ပြင်သစ်စာမှ မွေးစားစကားလုံးဖြစ်ပါသည်။ ဟင်းသီးဟင်းရွက် အမျိုးအစားခွဲခြားရာတွင် သစ်သီး (Fruits) နှင့်ဟင်းသီးဟင်းရွက်(Vegetable)ကို အမေရိကန် Supreme Court တရားရုံးတွင် ၁၈၉၃ ခုနှစ်က ခွဲခြားခဲ့ဖူးသည်ဟု ဖတ်ရသည့်အခါ လေးစားမိပါသည်။ အသီးနှင့် ဟင်းသီးဟင်းရွက်ကို ခွဲခြားဖော်ပြရသည့် အခြေခံအကြောင်းရင်းမှာ အခွန်အတုတ်ကြောင့်ဖြစ်ကြောင်း သိရပါသည်။ ထိုအချိန်က သစ်သီး (Fruit) သည် တန်ဖိုးကြီးမားပြီး ဇိမ်ခံပစ္စည်း၊ တာရှည် အထား မခံသည့် ကုန်စည်အဖြစ်မှတ်ယူထားသဖြင့် အခွန်အတုတ်ကို မြင့်မားစွာ ကောက်ခံကြောင်းသိရပါသည်။ဟင်းသီးဟင်းရွက် (Vegetable) တွင် ပါဝင်သော အသီးဆိုပါက အများစားသုံးသော ဟင်းချက်စရာအဖြစ် သတ်မှတ်ပြီး အခွန်အတုတ် နည်းပါးတတ်ပါသည်။ လေ့လာသိရှိရသမျှ တင်ပြရလျှင် တရားရုံးအထိ အခွန်ကိစ္စအတွက် ခွဲခြားခံရသော အသီးမှာ ခရမ်းချဉ်သီး ဖြစ်သည်ဟုဆိုပါသည်။ အင်္ဂလန် နိုင်ငံတွင် အဆိုပါ ခရမ်းချဉ်သီးကို (Vegetable) အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရပါသည်။ ပြည်ပမှ တင်သွင်းသော ကုန်စည်များ၏ အကောက်ခွန်ကိစ္စ ၁၈၈၃ တွင် ဖြည့်စွက်ခဲ့သည်ဟု ဆိုပါသည်။ ရုက္ခဗေဒအဆိုအရမူ ခရမ်းချဉ်သီးသည်အသီး (Fruit) သာ ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်သည် အများအားဖြင့် အမျှင်ဓာတ် ပါဝင်သောကြောင့် လူတိုင်း၊ စားသုံးသူတိုင်း၏ အစာချေဖျက်မှုအတွက် အရေးပါလှသဖြင့် လည်းကောင်း၊ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သဖြင့်လည်းကောင်း၊ လူတိုင်း စားသုံးကြရပါသည်။ အချို့လူများသည် အသားလုံးဝမစားဘဲ အသီးအရွက်သာ စားသုံးသူများ (Vegetarian) ဖြစ် နေတတ်ပါသေးသည်။ လူသားတိုင်း အသားကို မည်မျှ နှစ်နှစ်ခြိုက်ခြိုက် စားသည်ဖြစ်စေ၊ အသီးအရွက်ကို လုံးဝ မစားသူဟုမရှိပါ။ အသားသက်သက်သာ စားသောလူသား မရှိသလောက် ရှားမည်ထင်ပါသည်။ သို့ဖြစ်သဖြင့် အစားအသောက်ကဏ္ဍတွင် စားသုံး သူအားလုံးအတွက် အသီးအရွက်သည် မရှိမဖြစ် လိုအပ်သည့် အစားအစာ၊ ကျန်းမာရေး အထောက်အကူပြုသည့် အစားအစာအဆင့် ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ဆိုသည်မှာ ဟင်းလျာအဖြစ် အသုံးပြုနိုင်သော အပင် သို့မဟုတ် အပင်၏ အစိတ်အပိုင်းကို ဟင်းသီးဟင်းရွက်ဟု ခေါ်ဝေါ်တတ်ပါသည်။ ပြည်ပတင်ပို့သည့် သစ်သီးဝလံ များသည်လည်းကောင်း၊ ဟင်းသီးဟင်းရွက်များသည်လည်းကောင်း၊ အကောက်ခွန်၊ ကုန်သွယ်ခွန် မပေးဆောင်သင့်ပါ၊ မပေးရပါ။ သို့ရာတွင် ပြည်ပသို့တင်ပို့နေသော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များဖြစ်စေ၊ ပြည်တွင်းတွင် ရောင်းဝယ်နေသော ဟင်းသီးဟင်းရွက်များဖြစ်စေ၊ စားသုံးရာတွင် အဆိပ်အတောက်မဖြစ်စေရေးအတွက် အလွန်အရေးကြီးပါသည်။

အဆိပ်အတောက် ကင်းစင်သော ဟင်းသီးဟင်းရွက်ကို စားသုံးချင်သော်လည်း ပိုးသတ်ဆေးကို စားသုံးနေသကဲ့သို့ ဖြစ်နေပြီလားဟု မေးစရာဖြစ်နေပါသည်။ စားချင်သည်က အသီးအရွက်၊ စားမိသည်က ပိုးသတ်ဆေးအဆိပ်ဖြစ် နေသည်မှာ ကျွန်တော်တို့၏ လက်ရှိဘဝ ဖြစ်နေပါသည်။ ထို့ပြင် မှည့်ဆေးများကို အသီးအနှံများ၊ဟင်းသီးဟင်းရွက်များတွင် အများအပြား သုံးစွဲနေသဖြင့် အဆင်မပြေစွာ စားသုံးနေကြရပါ သည်။ စားချင်သည်ကအာဟာရဖြစ်စေသော အစာ၊ စားမိသည်က Slow Poison ဖြစ်နေတတ်ပါသည်။ စားသုံးသူ အများစုမှာ Organic ဟူသော ဟင်းသီးဟင်းရွက်များကို ဈေးကြီးပေးပြီး ဝယ်မစား နိုင်သေးသဖြင့် ပုံမှန်အသီးအရွက်များကို ဝယ်စားရသည့်အခါ စွန့်စားခန်းနှင့် ရင်ဆိုင်ရသလို ဖြစ်လာပါသည်။ အမေရိကန်စားသုံးသူရေးရာ၏ အစီရင်ခံစာတွင် အမေရိကန်တစ်ဦးစားသော အသီးအရွက်များတွင် ပိုးသတ်ဆေးအမျိုးအစား ၂၉ မျိုး ပါဝင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုပါသည်။

အမေရိကန်မှာပင်လျှင် ဤရွေ့ ဤမျှဆိုလျှင် မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်နေသော ဟင်းသီးဟင်းရွက် များတွင်ကော ပိုးသတ်ဆေး မည်မျှပါမည်လဲဟု တွေးကြည့်မိပါသည်။ ဆက်မတွေးရဲသေးပါ။ စွန့်စားရကိန်းကို လျှော့ချလိုလျှင် Organic အစားအစာမျိုးကို ရွေးချယ်မှ ရမည်ဟုဆိုသည်။ သို့ရာတွင် စားသုံးသူတိုင်း ဤကဲ့သို့ မရွေးနိုင်ပါ၊ စိုက်ပျိုး ထုတ်လုပ်သူများ ရှုထောင့်တွင်လည်း အကျိုးအမြတ်ရရေး ပါဝင်နေပါသည်။ မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများကို ကြည့်လျှင် အကျိုး အမြတ်ထက် အရင်းမပြုတ်ရေးက အဓိကဖြစ်နေသည်ဆိုပါက မှားမည် မထင်ပါ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးသော တောင်သူများ ချမ်းသာကြသည် မဟုတ်ပါ။ သို့ဖြစ်၍ အရင်းမပြုတ်စေရန်၊ မိမိစိုက်ခင်းမှ ထွက်ကုန်အသီးအရွက်များ အမြင်လှစေရန်၊ ပိုးမထိုးစေရန်၊ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ခင်းကို ပိုးမွှား မဖျက်စေရန် မဖြစ်မနေ ပိုးသတ်ကြရပါ သည်။ သတ်ရင်းနှင့်ပင် ပိုးသတ်ဆေးကို ယဉ်ပါးကာ ပိုးမသေလေပို၍ ဆေးဖျန်း ရလေဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးပါဝင်မှုများသည်ထက် များလာတတ်ပါသည်။ ၈၀ ရာခိုင်နှုန်းခန့်သော ပိုးသတ်ဆေးများကို ရေအေးဖြင့်သာ သေချာ ဆေးကြောလျှင် ပြောင်စင်မည်ဟု ဆိုပါသည်။ ပိုးသတ်ဆေးဖျန်းရာတွင်စနစ်ကျသော၊ အလေ့အကျင့်ကောင်းဖြစ်သော စည်းကမ်းစနစ်တကျ ဆေးပက်ဖျန်းသော နည်းစနစ်ကို သုံးစွဲနိုင်မှသာ ကောင်းမွန်သော ဟင်းသီးဟင်းရွက်များ စားသုံးရန် သင့်တော်အဆင်ပြေမည့် ဟင်းသီးဟင်းရွက်များ ရမည်ဖြစ်ပါသည်။ စားသုံးသူအတွက် အကျိုးစီးပွား၊ ကျန်းမာရေးနှင့် ထုတ်လုပ်သူအတွက် အကျိုးစီးပွားကို မျှတွေးပေးဖို့ လိုပါသည်။ သို့ရာတွင် လုံးခြားလည်နေဆဲသာဖြစ်ပြီး စားသုံးသူများအနေဖြင့် ရွှေပြည်တော် မျှော်လေတိုင်းဝေးနေသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဖြစ်နေသည်ဟု ထင်ပါသည်။

မန္တလေးမြို့တွင် အဓိက ဟင်းသီးဟင်းရွက် ကုန်စည်ဒိုင်များရှိရာ သီရိမန္တလာ ကုန်စိမ်းဈေးကြီး ဖြစ်ပါသည်။ ယင်းဈေးကြီးတွင် မနက်သွားကြည့်လျှင် ဘာအရောင်းအဝယ်မှ ဟုတ်တိပတ်တိ မရှိပါ။ ညဘက် ၁၀ နာရီခန့်မှ စတင်ကာ အနယ်နယ် အရပ်ရပ်မှ ကုန်စိမ်းဟုခေါ်သော ဟင်းသီးဟင်းရွက်ကားများ တဖွဲဖွဲရောက်လာပြီး မနက်မိုးမလင်းမီ ၃နာရီခန့်တွင် လက်လီသမားများက ရပ်ကွက်ဈေးများ၊ ဈေးလေးများတွင် ပြန်ရောင်းရန် အသီးသီး လာရောက်ဝယ်ယူပြီး ဝင်ရောက်သမျှ အကုန် ရောင်းပြီး ဖြစ်နေပါသည်။ မန္တလေးမြို့အား ဟင်းသီးဟင်းရွက် အဓိက ထောက်ပံ့သောနယ်များမှာ မတ္တရာ၊ ပြင်ဦးလွင်၊ နောင်ချိုတစ်ဝိုက်နှင့် ခရမ်းချဉ်ဆိုလျှင် အင်းလေး၊ ဂေါ်ဇီဆိုလျှင် ရှာငံ အောင်ပန်းတစ်ဝိုက် စသည်ဖြင့် ဖြစ်ကြပါသည်။ သယ်ယူရာတွင် အအေးခန်းကားများနှင့် သယ်ယူသည်ကို မတွေ့ရပါ။ တောင်းများ၊ ပီနန်အိတ် ကြီးများနှင့်သာ အများဆုံး တင်ဆောင်လာကြသည်ကို တွေ့နိုင်ပါသည်။ မည်သည့်နေရာတွင် သိုလှောင်ထားသိုသလဲဟု လေ့လာမည်ဆိုလျှင် သံမံတလင်းပေါ်တွင်ပင် ဒီအတိုင်းချထားပြီး ရောင်းဝယ်နေသည်ကို တွေ့နိုင်ပါ သည်။ ဝယ်ယူသွားသော လက်လီသမားများကလည်း သန့်စင်ဆေးကြောမှု မပါဝင်ဘဲ ဒီအတိုင်းပင် ရောင်းဝယ်နေကြသည်သာ ဖြစ်ပါသည်။ အိမ်ရောက်မှသာ သန့်စင်ဆေးကြောခြင်းအဆင့် ရောက်သည်ထင်ပါသည်။

ဟင်းသီးဟင်းရွက်စားသုံးနှုန်းမှာ လူဦးရေတိုးတက်သည်နှင့် အမျှဝယ်လိုအားမြင့်တက်နေသော်လည်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သော မြေနေရာမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာသကဲ့သို့ဖြစ်နေပါသည်။ယခင်က ရန်ကုန်အနီးတစ်ဝိုက်ရှိ ကန်စွန်းရွက်စိုက်သော နေရာများမှာ မြေဈေးကောင်းသည်နှင့်အမျှ လူနေအိမ်များအဖြစ် ပြောင်းလဲသွားသဖြင့် စိုက်ပျိုးထုတ်လုပ်သည့် နေရာနှင့်ဈေးကွက်သည် ဝေးသည်ထက်ဝေးလာခြင်း၊ သယ်ယူပို့ဆောင်ရာတွင် ကြာရှည်အထားခံစေရန် အအေးခန်းကားများဖြင့် မသယ်နိုင်သဖြင့် အထားခံကာလ တိုတောင်းခြင်းတို့မှာ သယ်ယူပို့ဆောင်စရိတ်မြင့်မားကာ ဈေးနှုန်းများကြီးမြင့်ရသည့်အချက် အဖြစ်ပါ ဝင်လာပါသည်။ ထို့ပြင် ဟင်းသီးဟင်းရွက် မျိုးစေ့ဈေးများကြီးမြင့်ခြင်း၊ အာမခံမှု နည်းပါးခြင်း၊ ပိုးသတ်ဆေးဈေးများ ကြီးမြင့်လာခြင်း၊ စသည်တို့ကြောင့်လည်း စရိတ်ပိုင်းတွင် အဘက်ဘက်မှ မြင့်တက်လာသဖြင့် တောင်သူများသည် ဝယ်လိုအားများသည့် ဟင်းသီးဟင်းရွက်များကို ပြောင်းလဲစိုက်ပျိုးရာမှ တစ်ပြိုင်နက် ထွက်ပေါ်ချိန် တစ်နည်းဆိုရလျှင် ရောင်းလိုအားများ ချိန်တူသည့်အခါ ဈေးနှုန်းအလွန် အမင်းကျဆင်းပြီး အရင်းပြုတ်သည့် အခက်အခဲများကိုလည်း အစဉ်ရင်ဆိုင်နေရသဖြင့် ယင်းတို့ကိုလည်း Supply Chain တစ်ခုလုံးမှ Stakeholders များ ပါဝင်သော အသင်းအဖွဲ့ကဦးဆောင်ပြီး စိုက်ပျိုးသူများလည်း အကျိုးရှိ စားသုံး သူများလည်း အကျိုးရှိစေမည့် မျိုးစေ့ပိုင်း၊ ပိုးသတ်ဆေးနှင့် မြေဩဇာပိုင်း၊ သယ်ယူရေးအပိုင်း၊ သိုလှောင်ရေးအပိုင်း၊ ရောင်းဝယ်ရေး အပိုင်းများအားလုံးတွင် အချိုးကျဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း၊ အစိုးရဌာနများနှင့် အသင်းအဖွဲ့များ၊ ကုန်သည်များ၊ တောင်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ရနိုင်မည်ဖြစ်ပါသည်။ ယခင်က အသေးဆုံးကိစ္စ တစ်ရပ်အဖြစ် ယူဆထားသော အသီးအရွက်များသည် လူတို့အတွက် မရှိမဖြစ်လိုအပ်ချက် ဖြစ်လာသည်ကို သတိထားပြီး အကောင်းဆုံး ပြုစုစောင့်ရှောက်သွားရန် လိုအပ်လာပြီ ဖြစ်ပါကြောင်းနှင့် စားသုံးသူများအတွက် အန္တရာယ်ချက်ခြင်း ဖြစ်စေ သော ပိုးသတ်ဆေးကြွင်းပါဝင်မှု၊ မှည့်ဆေး အလွန်အကျွံသုံးစွဲမှုတို့ကို စားသုံးသူရေးရာဌာနကဲ့သို့သော အစိုးရဌာနတစ်ခုမှ ဦးဆောင်ပြီး အန္တရာယ်မည်မျှ ဖြစ်စေနိုင်သည်ကို လေ့လာဆန်းစစ်၍ ပြည်သူတစ်ရပ်လုံးအတွက် အကာအကွယ်ဖြစ်စေရန် နည်းလမ်းရှာ ဆောင်ရွက်ပေးသင့်သည်ဟု ထင်ပါသည်။

စားသုံးသူများကို အဓိက အကာအကွယ်ပေးမည့် ဥပဒေများဖြစ်သော စားသုံးသူကာကွယ်ရေး ဥပဒေ၊ အစားအစာနှင့် ဆေးဝါး ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ အတုအပ ဆိုင်ရာဥပဒေ စသည့် ဥပဒေများသည် အသက်ဝင်ရန်နှင့်အမှန်တကယ် စားသုံးသူကို အကျိုးပြုရန် မဖြစ်မနေ လိုအပ်ပါသည်။ ယင်း ဥပဒေများကို စားသုံးသူများနားလည်ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံ မိမိတို့၏ မကျေနပ်ချက်များ၊ နစ်နာချက်များကို လွယ်လွယ်ကူကူ တိုင်ကြားနိုင်အောင် လုပ်ပေးရန်လည်း လိုအပ်ပါသည်။ ဝန်ထမ်းများသည် စားသုံးသူများ၊ ပြည်သူများ၏ ဥပဒေအကျိုး ဆောင်များသဖွယ် ဖြစ်နေရန်လည်း လိုအပ်မည်ထင်ပါသည်။ သို့ဖြစ်၍ နေ့စဉ် မပါမဖြစ် ဟင်းတစ်ခွက် ဖြစ်နေသည့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများ၊ အိမ်ရှင်မများအနေဖြင့် စွန့်စားမှုမပါဘဲ ရွေးချယ်နိုင်ရေး၊ ချက်ပြုတ်စားသောက်နိုင်ရေးအတွက် ကြိုးစားရမည့်သူများမှာ ဝန်ထမ်းများသာ ဖြစ်လာသည်ဟု ယူဆမိ ပါသည်။ သို့ရာတွင် စားသုံးသူကာကွယ်ရေးတွင် အရာရာကို ဝန်ထမ်းများကသာ ဆောင်ရွက်၍ မရနိုင်သည်ကိုလည်း သိနားလည်ပြီးဖြစ်မည် ထင်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူများဘက်မှလည်း ပူးပေါင်းဆောင်ရွက်သည့် အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ လိုအပ်သကဲ့သို့၊ စားသုံးသူ ပြည်သူများဘက်မှ လည်းနားလည်မှု ဗဟုသုတရှိရန် လေ့လာမှုများကို စဉ်ဆက် မပြတ် ပြု လုပ်နေခြင်း၊ အချင်းချင်း မျှဝေခြင်းများဖြင့် မိမိတို့ အိမ်ရှင်မများကိုလည်း ကောင်းမွန်သော ရွေးချယ်မှုများပြုလုပ်တတ်ရန်အတွက် သင်ပြပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ယင်းကဲ့သို့ ထုတ်လုပ်သူများ၊ စားသုံးသူများအားလုံး ပူးပေါင်းဆောင်ရွက်မှ ဟင်းသီးဟင်းရွက်များ အပါအဝင် စားသောက်ကုန်အားလုံးသည် လုံခြုံစိတ်ချစွာ စားသုံးနိုင်သော အစားအစာ ဟင်းလျာများ၊ အာဟာရဖြစ်သော စားသောက်ဖွယ်များ ဖြစ်လာနိုင်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# Uttarakhand ပြည်နယ်၊ Sitarganj မြို့၌ ကိုကာကိုလာကုမ္ပဏီက စက်ရုံတည်ဆောက်မည်

အဖျော်ယမကာကုမ္ပဏီကြီးဖြစ်သည့် ကိုကာကိုလာကုမ္ပဏီသည် Uttarakhand ပြည်နယ်၊ Chharba ရွာ၌ စက်ရုံတစ်ရုံတည်ဆောက်ရန် စီစဉ်ထားခဲ့ရာ ပတ်ဝန်းကျင်ဆိုင်ရာ အနေအထားများကြောင့် ၎င်း၏အစီအစဉ်ကို ဖျက်သိမ်းခဲ့ရပြီး၊ ယခုအခါ ပြည်နယ်အစိုးရက စီစဉ်ပေးသည့် Sitarganj မြို့ရှိမြေ ဧက ၇၀ ပေါ်၌ ပုလင်းစက်ရုံတစ်ရုံ တည်ထောင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၂၆ ရက်၌ ပြောကြားထားကြောင်း သိရပါသည်။

လတ်တလောတွင် ပြည်နယ် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် (SIDCUL) ထံ ဧက ၁၇၀၀ ကျယ်ဝန်းသည့် Sitarganj စက်မှုဇုန်၌ ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရန် အတွက် လိုအပ်နိုင်မည့် ရေအနေအထားနှင့်အခြားကိစ္စရပ်များအား ရှင်းလင်းစေရန် ကုမ္ပဏီဘက်မှ မေးမြန်းခဲ့ ကြောင်း၊ ထိုသို့မေးမြန်းထားသည်များကို ပြန်လည်ရှင်းလင်းပြန်ကြား ခဲ့ပြီးဖြစ် ကြောင်း၊ SIDCUL ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ R Rajesh Kumar က ပြောကြားထားကြောင်း သိရ ပါသည်။

ကိုကာကိုလာကုမ္ပဏီကြီးသည် ရူပီးကုဋေ ၄၀၀ မှ ၅၀၀ ကြားရင်းနှီး မြှုပ်နှံမှုဖြင့် ပုလင်းစက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်ပြီး၊ ကြိုတင်အပ် ငွေရူပီး ၁ ဒသမ ၂၆ ကုဋေကိုလည်း တင်ပြထားပြီးဖြစ်ကြောင်း၊ အဆိုပါ ကုမ္ပဏီ၏တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များအတွက် အကြံပေးကုမ္ပဏီ တစ်ခုကိုလည်း ငှားရမ်းပြီးဖြစ်ကြောင်း သိရပါသည်။ ကိုကာကိုလာကုမ္ပဏီသည် ပြီးခဲ့သည့် နှစ်နှစ်၊ သုံးနှစ်ခန့်က Chharba ရွာတွင် စက်ရုံတည်ဆောက်မည့် ကိစ္စအား ရွာသားများက ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကြောင့် ကန့်ကွက်ခဲ့သည့်အတွက် ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများအား သက်တမ်းတိုးရန်အတွက် သတ်မှတ်ထားရက်ကို တိုးမြှင့်ပေးမည် မဟုတ်ဟုဆို

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများ သက်တမ်းတိုးရန်အတွက် သတ်မှတ်ကာလမှာ ဇူလိုင်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီးနောက်ထပ်ရက်တိုးမြှင့်ပေးမည် မဟုတ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အကြီးတန်း အလုပ်သမားအရာရှိတစ်ဦးက ပြောကြားပါသည်။

ထို့နောက် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ တရားမဝင် အလုပ်လုပ်ကိုင်မှုများကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်းနှင့် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမားများကို ခန့်ထားပါက အလုပ်သမားတစ်ဦးလျှင် ဘတ်တစ်သိန်းနှုန်းဖြင့် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း အလုပ်အကိုင်ရရှိရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် Arak Phrommanee ကပြောကြားပါသည်။ ယခုအချိန်ထိ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၇၈၆၇၄၃ ဦးနှင့် ၎င်းတို့၏ မှီခိုသူ ၁၇၂၁၈ ဦးတို့အား မှတ်ပုံတင်များထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် ရွှေ့ပြောင်းအလုပ်သမား ရှစ်သိန်းကျော် လာရောက်၍ မှတ်ပုံတင်မည်ဟု ခန့်မှန်းထားသည်။ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ အလုပ်ရှင်များသည် မိမိဝန်ထမ်းများကို အလုပ်ဖြုတ်ပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ တင်ပြရန်လိုအပ်ကြောင်းနှင့်ထိုင်းနိုင်ငံတွင် အထောက်အထားမရှိသော ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း သုံးသန်းကျော်ရှိကြောင်း Mr.Arak က ဆက်လက်ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ယူကေနှင့်ကုန်သွယ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ထိုင်းနိုင်ငံ စိတ်အားထက်သန်

ထိုင်းနိုင်ငံသည် ယူကေနှင့် ကုန်သွယ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် ထိုင်း-ယူကေ စီးပွားရေး ခေါင်းဆောင်များကောင်စီ (Thai-UK Business Leadership Council) ကို စတင်ဖွဲ့စည်းခဲ့ပါသည်။

ယင်းကောင်စီသည် စီးပွားရေးလုပ်ငန်းများထူထောင်ရာတွင်များစွာ အထောက်အကူပြုမည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လန်ဒန်တွင်ကျင်းပသည့် အစည်းအဝေးသို့ ထိုင်းနိုင်ငံဆိုင်ရာ ဗြိတိန်ဝန်ကြီးချုပ်၏ ကုန်သွယ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mark Garnier နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် Virasakdi Futrakul တို့ တက်ရောက်ခဲ့သည့်အပြင် ဗြိတိန်နှင့်ထိုင်းနိုင်ငံရှိကုမ္ပဏီအချို့၏ အကြီးတန်း စီးပွားရေး လုပ်ငန်းရှင်များလည်းတက်ရောက်ခဲ့ကြောင်း ဖော်ပြထားပါသည်။ အဆိုပါကောင်စီသည် အစိုးရကဏ္ဍနှင့် ပါဝင်ပတ်သက် ခြင်းမရှိဘဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ပုဂ္ဂလိက ကဏ္ဍမှ အဓိကဦးဆောင်မည်ဖြစ်ပါသည်။ ကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကို ယခုနှစ် နှောင်းပိုင်းတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှု အခြေအနေများနှင့်အညီ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ PTT အများပိုင်စွမ်းအင် ကုမ္ပဏီ၏ အကြီးအကဲ Tevin Vongvaiznich က ပြောကြားခဲ့ပါသည်။

Rolls-Royce ကုမ္ပဏီသည် အခြား ဗြိတိန် ကုမ္ပဏီများနည်းတူ ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ရေရှည်ပူးပေါင်းဆောင်ရွက်မည်ဟု Rolls-Royce ကုမ္ပဏီ၏ အပြည်ပြည်ဆိုင်ရာ အကြံပေးကောင်စီ ဥက္ကဋ္ဌ Lord Charles Powell ကပြော ကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## တောင်ကိုရီးယားနိုင်ငံတွင် အလုပ်သမားမူဝါဒ ပြောင်းလဲသော်လည်း အလုပ်လက်မဲ့များအပေါ် သက်ရောက်မှုမရှိကြောင်း OECD အစီရင်ခံစာများတွင် ထုတ်ပြန်

တောင်ကိုရီးယားနိုင်ငံတွင် အလုပ်သမားမူဝါဒပြောင်းလဲမှုကြောင့် ဈေးကွက်အတွင်းရှိ ပုံသေအလုပ်သမားများအား ၎င်းတို့၏အခြေအနေကို ပိုမိုကောင်းမွန်အောင် ကူညီနိုင်မည်ဟု ကိုရီးယားနိုင်ငံသားအများစုက ထင်မြင်ခဲ့ကြသော်လည်း ယင်းသို့မဖြစ်ခဲ့ကြောင်း OECD ကယခုလ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြ ခဲ့သည်။ ပုံမှန်အားဖြင့် ကိုရီးယားနိုင်ငံကဲ့သို့သော နိုင်ငံသည် ပုံသေအလုပ်သမား များမဟုတ်သည့် လုပ်သား ရာခိုင်နှုန်းမြင့်မားပြီး သိသာသောအလုပ်သမားဈေးကွက် နှစ်မျိုးရှိကြောင်း၊ အလုပ်သမားမူဝါဒ ပြုပြင်ပြောင်းလဲမှုကြောင့် အလုပ်လက်မဲ့နှုန်းသည် နည်းပါးလာသင့်သော်လည်း ထိရောက်မှုအားနည်းခြင်းကြောင့် အလုပ်လက်မဲ့နှုန်း ပိုမိုကြီးမားလာကြောင်း အစီရင်ခံစာက ဆိုပါသည်။

အလုပ်သမားပြုပြင်ပြောင်းလဲမှုသည် အချိန်ပြည့်လုပ်သားများ ဆုံးရှုံးခြင်းမှ ကာကွယ်ရန်ဖြစ်ပြီး ကာလရှည်ကြာထုတ်လုပ်မှု တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်ဖြစ်ကြောင်း အစီရင်ခံစာကဆိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အလုပ်သမားဈေးကွက်အတွင်း မူဝါဒပြုပြင်ပြောင်းလဲမှုသည် ညင်သာသိမ်မွေ့ရန်လိုအပ်ပြီး ပုံသေအလုပ်သမားများအား ကာကွယ်ခြင်းကို အဆင်ပြေစွာဆောင်ရွက်ရမည့် နည်းလမ်းဖြစ်ကြောင်း၊ မူဝါဒအပြောင်းအလဲသည် အလုပ်သမားဆုံးရှုံးမှုရလဒ်ကို အချိန်ကာလတစ်ခုထိဖြစ်နိုင်သော်လည်း မူဝါဒပြောင်းလဲပြီး တတိယမြောက်နှစ်တွင် ပြန်လည်ကုစားဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း OECD ၏ ၂၀၁၆ ခုနှစ်၊ အလုပ်သမား ခန့်မှန်းချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံအများစုသည် ပုံသေအလုပ်သမားများအပေါ် အလွန်အကျွံကာကွယ်ပေးရန် အာရုံထားကြကြောင်းနှင့် ပုံသေမဟုတ်သည့် အလုပ် သမား၏ အလုပ်အကိုင် အခြေအနေသည် အဆိုပါပြုပြင်ပြောင်းလဲမှုကြောင့် များစွာ သက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ စီးပွားရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၏ အစီရင်ခံစာကဆိုပါသည်။ ဥပမာအနေဖြင့် စပိန်နိုင်ငံ၊ ဆလိုဗေးနီးယားနှင့် အက်စတိုရီးယားနိုင်ငံတို့၏ နမူနာ များကို လေ့လာကြည့်ပါကလည်း ယင်းသို့ အလုပ်သမားမူဝါဒ ပြုပြင်ပြောင်းလဲမှုကြောင့် အလုပ်လက်မဲ့ရာခိုင်နှုန်း အနည်းငယ်သာ တိုးတက်ခဲ့သည်ကိုတွေ့ရှိရမည် ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အိန္ဒိယအစိုးရသည် ကျေးရွာပေါင်း ၁၂၅၀၀၀ အား ဆက်သွယ်ချိတ်ဆက်နိုင်ရန် ရည်ရွယ်ကာ မီနီဘတ်(စ်) ၇၀၀၀၀ ဝယ်ယူအသုံးပြုမည်

အိန္ဒိယဗဟိုအစိုးရသည် ပြည် နယ်အစိုးရများနှင့်ပူးပေါင်း၍ ကျေးရွာပေါင်း ၁၂၅၀၀၀ အား ဆက်သွယ်ချိတ်ဆက်နိုင်ရန် မီနီဘတ်(စ်) ၈၀၀၀၀ ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် Tata Motors Ltd ၊Mahindra and Mahindra Ltd နှင့် Ashok Leyland Ltd ကဲ့သို့သော အိန္ဒိယနိုင်ငံအတွင်း မီနီဘတ်(စ်) ထုတ်လုပ်သူများအတွက် မမျှော်လင့်ဘဲ ရရှိလာသည့် ဈေးကွက်အခွင့်အလမ်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဈေးကွက်ဝင်ရောက်မှု လွယ်ကူစေရေး၊ အလုပ်အကိုင်ရရှိမှုနှင့် ပညာရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ စီးပွားရေး အချက်အချာဒေသများနှင့် ကျေးရွာများကို ဆက်စပ်ပေါင်းစည်းပေးနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါစီမံချက်အတွက် လမ်းပြမြေပုံအား ရေးဆွဲဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာန (သို့မဟုတ်) ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတစ်ခုခုမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ရုံးအနေဖြင့် ကျေးလက်ဒေသများအတွက် ဈေးနှုန်းသက်သာသည့် သယ်ယူပို့ဆောင်ရေး အစီအစဉ်တစ်ခု စီစဉ်ဆောင်ရွက်စေလိုခဲ့ကြောင်း၊ ၎င်း စီမံချက်ကို လာမည့်ဘဏ္ဍာနှစ်တွင် အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Vol: 16, No.28 Monday August 1 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁–၈–၂၀၁၆)

ဇော်ဝင်း

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်းမှာ ပိဿာချိန် ၈၆၂၂၀ ပိဿာခန့် အရောင်းအဝယ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ပိုမိုခဲ့ပြီး အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ကျ

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၄၁၀နဲ့ဈေးဖွင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၈၅ ကျပ် (တစ်တန်ကိုကျပ် ၂၃၅၇၇၀)အထိဈေးကျခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်၊ တိရစ္ဆာန်အစာစပ်စက်ရုံများမှ အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၂၈၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေး တက်ရိပ်ပြ

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေး အနည်းငယ်တက်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၃၆၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၃၉၀ (တစ်တန်ကို ၂၃၈၈၃၂ ကျပ်)ထိ တက်ရိပ်ပြခဲ့ပါတယ်။ မန္တလေးဝယ်လက်ဝယ်ယူမှုကြောင့် တစ်ပတ်အတွင်းမှာ အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က FAQ တစ်တန်ကို ကျပ် ၁၇၀၀၀၀၀၊ SQ တစ်တန်ကိုကျပ် ၁၇၂၀၀၀၀ အထိ ကျဆင်းခဲ့ရာက ယခုတစ်ပတ်မှာ မတ်ပဲ FAQ တစ်တန်ကိုကျပ် ၁၆၅၀၀၀၀၊ SQ တစ်တန်ကို ကျပ် ၁၆၇၀၀၀၀ အထိဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ဇူလိုင်လ ဒုတိယပတ်မှာ FAQ တစ်တန်ကို ကျပ် ၁၄၉၁၀၀၀၊ တတိယပတ်မှာကျပ် ၁၃၅၅၀၀၀ နဲ့ ယခုတစ်ပတ်မှာတော့ တစ်တန်ကိုကျပ် ၁၃၁၃၀၀၀ အထိ ဈေးကျခဲ့တာမို့ ဈေးနှုန်းဆက်တိုက်ကျဆင်းနေကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျပြီး ပဲစင်းငုံနီဈေး တက်ရိပ်ပြ

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီကတော့ ဈေးနှုန်းအနည်းငယ်တက်ရိပ်ပြခဲ့ကြောင်းသိရပါတယ်။ မတ်ပဲအနေနဲ့ နေ့စဉ်အဝင်ရှိပြီး လက်ကျန်ပဲလည်းရှိနေတာကြောင့် ရန်ကုန်ဝယ်လက်ဝယ်ယူသလောက် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ မတ်ပဲဈေးအနေနဲ့ ဇူလိုင် ဒုတိယပတ်မှာ တစ်ပိဿာကျပ် ၂၈၆၀၊ တတိယပတ်မှာ တစ်ပိဿာကျပ် ၂၆၅၀ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၂၅ ကျပ်(တစ်တန်ကို ၁၆၀၇၅၂၃ ကျပ်)နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို လှော်လက်တချို့နဲ့ တောင်သူအချို့က တက်ဈေးမျှော်ပြီး ထုတ်မရောင်းသေးဘဲ သိုလှောင်ထားကြောင့်လည်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ရက်ကို အိတ် ၄၀၀ မှ ၅၀၀ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၂၀၀ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၅ ကျပ် (တစ်တန်ကို ၁၃၆၂၅၆၇ ကျပ်) ဖြစ်ခဲ့တာမို့ ဈေးနှုန်းအနေနဲ့ တက်ရိပ်ပြခဲ့ပါတယ်။ ပဲစင်းငုံနီအနေနဲ့ အဝင်မရှိဘဲလက်ကျန်ပဲကလည်း နည်းလာတာကြောင့် နေ့စဉ်ရောင်းဝယ်မှုမရှိဘဲ နှစ်ရက်၊ သုံးရက်မှသာ အိတ် ၂၀၀ မှ ၃၀၀ ကြား ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးငြိမ်ပြီး ပဲစင်းငုံနီဈေး တက်ရိပ်ပြ

ဒီတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံကယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး ပဲစင်းငုံနီဈေးကတော့ အနည်းငယ်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း နှမ်းနီတစ်ပိဿာကိုကျပ် ၁၈၉၀၊ နှမ်းနက်တစ်ပိဿာကိုကျပ် ၂၁၁၀၊ သိပ္ပံနှမ်းတစ်ပိဿာကျပ် ၃၁၁၀ဈေးဖွင့်ခဲ့ကြောင်းနဲ့ တစ်ပတ်အတွင်းမှာ နှမ်းမျိုးစုံအိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၁၅၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၁၅ ကျပ်(တစ်တန်ကို ၁၃၅၆၄၄၃ကျပ်) ဖြစ်ခဲ့တာမို့ ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ပါတယ်။ တစ်ပတ်အတွင်း အိတ် ၅၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်းကတော့ တစ်ပိဿာ ၁၂၇၅ ကျပ်(တစ်တန်ကို ၇၈၀၇၉၇ ကျပ်) ဖြစ်ပြီး တစ်ပတ်အတွင်း အိတ် ၁၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျ

ယခုတစ်ပတ်ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေးဆက်လက်ကျနေခဲ့ပြီး ပဲတီစိမ်းဈေးကတော့ အတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်းသိရပါတယ်။ မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်းတို့ကို ရန်ကုန်ဝယ်လက်က ဝယ်ယူကြောင်းနဲ့ မတ်ပဲဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၆၅၀ ရှိခဲ့ရာက ဒီတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၆၄၀ (တစ်တန်ကို ၁၆၁၆၇၀၉ ကျပ်)ဖြစ်ခဲ့တာမို့ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ပါတယ်။ အရောင်း အဝယ်အနေနဲ့ တစ်နေ့ကိုအိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ၄၂၅ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၄၁၀ (တစ်တန်ကို ၂၅၁၀၇၉ကျပ်) နဲ့ဈေးနိမ့်အဝယ် ဖွင့်ခဲ့ပါတယ်။ ဈေးနှုန်းကျပေမယ့်လည်း တစ်နေ့ကိုအိတ် ၁၀၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ဈေးငြိမ်နေပြီး ယခင်တစ်ပတ်အတိုင်း တစ်ပိဿာကိုကျပ် ၁၃၅၀ (တစ်တန်ကို ၈၂၆၇၂၆ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုနည်းကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး နှမ်းနက်ရိုးရိုးနဲ့ နှမ်းနက်စမုံဈေးတက်ရိပ်ပြ

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းခဲ့ပြီး နှမ်းနက်ရိုးရိုးနဲ့နှမ်းနက်စမုံတို့ ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်ကတစ်ပိဿာ ကျပ် ၂၁၉၀ ဈေးရှိခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်)နဲ့ ဈေးနိမ့်အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုကတော့ တစ်ပတ်အတွင်းအိတ် ၂၀၀၀ ခန့်ရှိကြောင်းသိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူတစ်ပိဿာ ၂၁၅၅ ကျပ်၊ နှမ်းနီတစ်ပိဿာကျပ် ၂၀၂၀ရှိပြီး နှမ်းနက်ရိုးရိုး တစ်ပိဿာကျပ် ၂၁၈၀ နဲ့ နှမ်းနက်စမုံတစ်ပိဿာကျပ် ၃၄၉၀ ဖြစ်ခဲ့တာမို့ နှမ်းနက်ရိုးရိုးနဲ့ နှမ်းနက်စမုံတို့ ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ တစ်ပတ်အတွင်းမှာ အိတ် ၄၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းကတော့ တစ်ပိဿာကျပ်၁၄၂၀ (တစ်တန်ကို ၈၆၉၅၉၃ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်းမှာ အိတ် ၂၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးတက်ရိပ်ပြ

ဒီတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ပဲတီစိမ်းဈေးအနည်းငယ် တက်ရိပ်ပြခဲ့ပြီး ကုလားပဲဝါဈေးကတော့ အနည်းငယ်ကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် ပဲစင်းငုံနီဈေးက တစ်ပိဿာ ၂၁၉၅ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၅ ကျပ်(တစ်တန်ကို ၁၃၆၂၅၆၇ ကျပ်) ဈေးဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ ပဲစင်းငုံနီအိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၃၀၀ သာ ဈေးနှုန်းရှိခဲ့တဲ့ ပဲတီစိမ်းယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးမြင့်တက်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ ပဲတီစိမ်းအိတ် ၃၈၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဝါဈေးကတော့ ယခင်တစ်ပတ်ထက်ဈေးနိမ့်အဝယ်ဖွင့်ခဲ့ပြီး တစ်ပိဿာကျပ် ၂၁၃၀(တစ်တန်ကို ၁၃၀၄၃၉၀ ကျပ်) ထိဈေးကျခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၄၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြနေ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၂၅၀၀ သာရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၇၀၀(တစ်တန်ကို ၁၆၅၃၄၅၃ ကျပ်) ထိဈေးမြင့်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၁၂၀၀၀၀ ကျပ်ခန့်ဈေးနှုန်းမြင့်လာကြောင်း သိရပါတယ်။ မတ်ပဲကို ပဲခွဲစက်တွေက အဝယ်ရှိပြီး တစ်နေ့ကို သုံးတင်းအိတ် ၇၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းရွှေဝါကတော့ တစ်ပိဿာကို ၁၅၆၄ ကျပ်(တစ်တန်ကို ၉၅၇၇၇၇ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကြီးကတော့ တစ်ပိဿာကို ၁၃၈၇ ကျပ်(တစ်တန်ကို ၈၄၉၃၈၄ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကိုသုံးတင်းအိတ် ၅၀၀ ခန့်အရောင်းအဝယ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××



## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက်အကျ မရှိဘဲ ယခင်တစ်ပတ်အတိုင်း ၅၀ ကီလို တစ်အိတ်ကို ၈၃ ယွမ်မှ ၈၆ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ် မှ ၁၇၂၀ ယွမ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြစ်ရေတက် ရေကြီးမှုကြောင့် ပို့ဆောင်ရေးခက်ခဲတာကြောင့် အရောင်းအဝယ်အေးပြီး တစ်ပတ်အတွင်း တန်ချိန် ၅၉၀၀ သာ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။



# EIF လုပ်ငန်းစဉ်၏ Tier-1 အဆင့်ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် အဖွင့်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ EIF လုပ်ငန်းစဉ်အောက်ရှိ Tier-1 အဆင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများဖြစ်သည့် Project Management and Project Formulation, Human Resources Management, Monitoring & Evolution Management နှင့် Procurement သင်တန်းများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၆ ရက်တွင် နေပြည်တော်ရှိ PARK ROYAL Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ EIF လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း အဆင့်-၁ဖြစ်သော (Tier1) အဆင့်ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သုံးနှစ်ကြာဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို EIF ၏ Trust Fund အစီအစဉ်မှ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သုံးသိန်းဖြင့် လုပ်ငန်းကာလ သုံးနှစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ကိုးသိန်းအား အနှောင်အဖွဲ့မပါသည့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးအကူအညီအဖြစ် မြန်မာနိုင်ငံကို ပံ့ပိုးကူညီပေးအပ်ခဲ့ပါကြောင်း၊

၎င်းငွေကြေး အကူအညီဖြင့် စီမံချက်ပါလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Main Implementing Entity (MIE) အဖြစ် တာဝန်ယူ ဆောင်ရွက်သွားရမည့် Ownership Right အပြည့်အဝရှိသော လုပ်ငန်းစီမံချက် အမျိုးအစားဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍအတွက် လက်တလော ဖြည့်ဆည်းပေးရန် လိုအပ်သည့် စွမ်းဆောင်ရည် (Capacity)ကို မြှင့်တင်ပေးသွားရန်နှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစီး အကောင်အထည်ဖော်ရမည့် အဖွဲ့အစည်းများ (Institutions)၏ စုစည်းဆောင်ရွက်ချက်များ ပိုမိုတောင့်တင်းခိုင်မာ အားကောင်းလာစေရန် ရည်ရွယ်ပြီး ယခုသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း

## ဇာနည် (WTO)

သင်တန်းများမှ ထွက်ပေါ်လာမည့် ရလဒ်ကောင်းများကို အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ရေးဆွဲခြင်းနှင့် ပတ်သက်တဲ့ စီမံကိန်း များ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ အကောင်အထည်ဖော်ရမည့် အဖွဲ့အစည်းများ (Institutions) ၏ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများ ပိုမိုပြည့်ဝလာစေခြင်း၊ နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရေရှည်စီမံကိန်းအပါအဝင် အခြားသော အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ကာ ကုန်သွယ်မှုကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် လိုအပ်သော စွမ်းဆောင်ရည် (Capacity) ကို ပိုမိုမြှင့်တင်ပေးခြင်း စတဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစီအစဉ်တကျသတ်မှတ် အကောင်အထည်ဖော်နိုင်ရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီ ရင်းမြစ်များကို စနစ်တကျ ညှိနှိုင်းပေါင်းစပ်စီမံခန့်ခွဲနိုင်ခြင်းဖြင့် Ownership Right အပြည့်အဝရရှိစေခြင်း စတဲ့ အရည်အသွေးကောင်းတွေ ရရှိစေရန် ရည်ရွယ်ထားပါကြောင်း၊

အခြားတစ်ဖက်မှာလည်း ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံ ဆန်းစစ်လေ့လာမှုအစီရင်ခံစာ (DTIS) ပါ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ထပ်မံပြင်ဆင်မွမ်းမံဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်သော အရင်းမြစ်များကို လုံလောက်စွာ ရရှိနိုင်ရေး ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကဲ့သို့ ကုန်သွယ်မှုနှင့် အဓိကဆက်နွယ်နေသော ဌာနများ၏ လက်ရှိ ဆောင်ရွက်နေရသော လုပ်ငန်းများနှင့် အနာဂတ်တွင် ဆောင်ရွက်သွား မည့် လုပ်ငန်းများကို အခြေခံကာ ကုန်သွယ်မှု ကဏ္ဍအတွက် လိုအပ်လျက်ရှိသော Capacity Building မြှင့်တင်ရေးအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ ဆွေးနွေးပွဲများ (Workshops and Seminars) ကျင်းပခြင်း၊ ပြည်ပလေ့လာရေးခရီးစဉ်နှင့် ဆွေးနွေးပွဲများ တက်ရောက်ခြင်း (Delegation and Exchange Program)၊ လိုအပ်သော အစည်းအဝေးများ ကျင်းပခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊

သင်တန်းသားများအနေဖြင့် ကုန်သွယ်မှုကဏ္ဍအတွက် လိုအပ်လျက်ရှိသော Capacity Building မြှင့်တင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်တဲ့ သင်တန်းများအပေါ်မှာ စနစ်တကျ စိတ်ပါဝင်စားစွာ လေ့လာသင်ယူစေလိုပါကြောင်း၊ လေ့လာသင်ယူခဲ့တဲ့ သီအိုရီများကို လက်တွေ့နယ်ပယ်မှာလည်း အသုံးချနိုင်အောင် ကြိုးပမ်းအားထုတ်စေချင်ပါကြောင်း၊

သင်တန်းတက်ရောက်ရန် ရွေးချယ်စေလွှတ်ခြင်း ဟာလည်း တာဝန်ထမ်းဆောင်ရန်အတွက် တာဝန်ပေး စေခိုင်းခြင်းဖြစ်တာကြောင့် ပြီးစလွယ် မဖြစ်စေဘဲ မိမိအကျိုး၊

စာမျက်နှာ ၂၀ သို့ ➲

# နယ်စပ်ကုန်သွယ်မှုအရ အရေးပါသည့် မူဆယ် (၁၀၅) မိုင်တွင် မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနကို အောင်မြင်စွာဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှာ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ မောဝ်ရွှေလီကုန်သွယ် ရေးဗဟိုဌာန (Trade Center) ကို ၂၀၁၆ ခုနှစ်၊ဇူလိုင်လ ၂၂ ရက်နေ့တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင်ဖွင့်လှစ်ခဲ့သည်။အဆိုပါ မောဝ်ရွှေလီ ကုန်သွယ်မှု စင်တာကို မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ ကုန်သည် အသင်း အဖွဲ့များစီးပွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများတက် ရောက်ခဲ့ပါသည်။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကုန်သွယ်မှု ဗဟိုဌာန ၈ ခု ကိုဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်သည့် မောဝ်ရွှေလီသည် မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ကိုးခုမြောက်ပွဲဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ယခင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ကုန်သွယ်မှုဗဟိုဌာနများမှာ ရန်ကုန်မြို့၊ မြန်မာ့ကုန်သွယ်မှုဗဟိုဌာန(MTC)၊မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင်ရတနာပုံ ကုန်သွယ်မှုဗဟိုဌာန၊ချင်းပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မနောမြေကုန်သွယ်မှုဗဟိုဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ဇေယျကုန်သွယ်မှု ဗဟိုဌာန၊ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့တွင် ဧရာကုန်သွယ်မှုဗဟိုဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ကန္တရဝတီ ကုန်သွယ်မှု ဗဟိုဌာနနဲ့ ယခုမူဆယ်မြို့မှာမောဝ်ရွှေလီကုန်သွယ်မှု ဗဟိုဌာနတို့ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင်ရခိုင်ပြည်နယ်တွင် သဇင်မြေကုန်သွယ်မှုဗဟိုဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနနှင့် ချင်းပြည်နယ်တွင် တောင်ဇလပ်ကုန်သွယ်မှုဗဟိုဌာနတို့ကို ထပ်မံဖွင့်လှစ်သွားရန် ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှုဗဟိုဌာနများ ဖွင့်လှစ်ရခြင်း၏အဓိကရည်ရွယ်ချက်မှာ စီးပွားရေးနှင့်ကုန်သွယ်ရေး သတင်း အချက်အလက်များဖြန့်ဝေပေးရန်နှင့်ကုန်သွယ်မှုမြှင့်တင်ရေးဝန်ဆောင်မှုပေးရန်တို့အတွက် ဖြစ်ပါသည်။ မောဝ်ရွှေလီ ကုန်သွယ်မှု ဗဟိုဌာန၏လုပ်ငန်းစဉ်များမှာ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာသတင်း အချက်အလက်များ မေးမြန်းစုံစမ်းမှုများအား ဖြေကြားခြင်း၊ စာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း၊ အီလက်ထရောနစ်သတင်းအချက်အလက်များလေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာအုပ်စာစောင်နှင့် CDများထုတ်လုပ်ဖြန့်ချိခြင်း၊ မြန်မာ့ပို့ကုန်ပြခန်း ဖွင့်လှစ်ထားရှိခြင်း၊ ပို့ကုန်ကြော်ငြာခြင်း လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ကုန်စည်ပြပွဲဝန်ဆောင်မှုပေးခြင်း၊ စီးပွားရေး နှင့်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးတိုင်ပင်နိုင်ရန်စီစဉ်ပေးခြင်း၊ စီးပွားရေး ပညာပေး ဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ကုန်သွယ်မှုပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လေ့လာရေးခရီးများ စီစဉ်ပေးခြင်း၊ စီးပွားရေးတွေ့ဆုံ ညှိနှိုင်းပွဲများစီစဉ်ပေးခြင်း၊ အမှတ်တရပို့ကုန်ပစ္စည်းများရောင်းချခြင်း အစရှိတဲ့ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အနေဖြင့်လည်း ပြည်တွင်းကုန်ပစ္စည်းများကို ဈေးကွက်ရရှိဖို့နဲ့ ရရှိနေသည့်ဈေးကွက်များအပြင်အခြားဈေးကွက်အသစ်များ ထပ်မံရရှိရန်အတွက် နိုင်ငံပေါင်းကိုးနိုင်ငံတွင် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပြီး၊ ကုန်သွယ်မှုတိုးမြှင့်ရန်အတွက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နှစ်စဉ်ကုန်စည်ပြပွဲများကျင်းပပြီး၊ အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို မှတ်တမ်းတင်၍ ရောင်းသူ၊ ဝယ်သူတိုက်ရိုက် ချိတ်ဆက်နိုင်အောင် Website တစ်ခုထူထောင်ဆောင်ရွက်လျက် ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသည့်ခေတ်စနစ်နဲ့ လိုက်လျောညီထွေဖြစ်စေရန်နှင့် ကုန်သည်လုပ်ငန်းရှင်များ၊ လုပ်သာကိုင်သာရှိစေရန်အတွက် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးနဲ့ ကုန်သွယ်မှုဆိုင်ရာပညာပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အိမ်နီးချင်းတရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရည်အသွေး သတ်မှတ်ချက်စည်းမျဉ်း စည်းကမ်းများ၊ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကိုလည်း အပြန်အလှန် အသိပေးခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းများ အစရှိတဲ့အချက်များကိုဆောင်ရွက်ပေးရန်လိုအပ်သည့်အတွက် ကုန်သွယ်မှုအရ အရေးပါသည့် မောဝ်ရွှေလီ ကုန်သွယ်မှု ဗဟိုဌာနကို ဖွင့်လှစ်လိုက်ရခြင်း ဖြစ်ပါသည်။

**လားရှိုး**

# ဘဏ္ဍာနှစ်စမှ ဇူလိုင် ၂၂ ရက်အထိ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ခုနစ်ထောင့်ခြောက်ရာ့ဆယ့်တစ်သန်းကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရဲ့ ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ် အတွင်း ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၉၁၁ သန်း၊ သွင်း ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၅၇၉ သန်းဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၄၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိ ကန်ဒေါ်လာ ၆၈ ဒသမ ၆၆၈ သန်းဖြစ်ပြီး ချုပ်ပြီးအထည်နဲ့ သဘာဝဓာတ်ငွေ့ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၉၁၁ သန်းဖိုးကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၆၇ ဒသမ ၉၂၃ သန်းနဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းများ မှ ၆၆ ဒသမ ၉၈၈ သန်း တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ သွင်းကုန်တန်ဖိုး အမေရိ ကန်ဒေါ်လာ ၂၀၃ ဒသမ ၅၇၉ သန်းဖိုးကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၄၆ ဒသမ ၀၉၁ သန်းနဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ၅၇ ဒသမ ၄၈၈ သန်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၂၂ ရက်အထိမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၁၀၆ ဒသမ ၂၉၇ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄၅၄၅ ဒသမ ၄၉၃ သန်း ဆောင်ရွက်ခဲ့ပြီး ကုန် သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၆၅၁ ဒသမ ၇၉၀ သန်းရှိပြီဖြစ်ပါတယ်။ (ကုန်သွယ်မှု လိုငွေကတော့ အမေရိကန် ဒေါ်လာ ၁၄၃၉ ဒသမ ၁၉၆ သန်း ဖြစ်ပါတယ်။ ) ယမန်နှစ် ကာလတူနဲ့ နှိုင်း ယှဉ်ပါက ပို့ကုန် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၃၉၄ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ကတော့ အမေရိကန်ဒေါ်လာ ၆၃၈ ဒသမ ၄၅၅ သန်း လျော့နည်းခဲ့တဲ့အတွက် ကာလတူထက် အမေရိကန် ဒေါ်လာ ၆၂၈ ဒသမ ၀၆၁ သန်းလျော့ နည်းဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ပို့ ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း ၊ သစ်တောထွက်ပစ္စည်း၊ အခြားပစ္စည်းတို့ တင်ပို့နိုင်ခဲ့လို့ ဖြစ်ပြီး သွင်းကုန်လျော့နည်းရခြင်းမှာ လုပ်ငန်း သုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်း ပိုမိုတင်သွင်းခဲ့သော် လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်း လျော့နည်းတင်သွင်းခဲ့လို့ ဖြစ်ပါ တယ်။

**ယဉ်ယဉ်အေး**

## လက်ဖက်ခြောက်နဲ့ တွဲဖက်ပစ္စည်းများပါ ပြည်ပသို့တင်ပို့

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့မြောက်ပိုင်း တို့တွင် စိုက်ပျိုး၍ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို တင်ပို့ရောင်းချရာမှာ လက်ဖက်ခြောက်အပြင် လက်ဖက်ခြောက်နဲ့ တွဲဖက်သုံးစွဲနိုင်တဲ့ အမယ်များကိုပါ တင်ပို့လာတာကိုတွေ့ ရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁၇၉၀၃ တန်ဖိုးရှိ လက်ဖက် ခြောက် ၄၆ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကလည်း ၄၆ တန်နီးပါးတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခု တစ်ပတ်မှာ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၇၄၇၃ တန်ဖိုးရှိ ပန်းနှမ်းပွင့်ခြောက်နှစ်တန် ကျော်၊ ကျောက်ကုလန်ရွက်ခြောက် ငါးတန်ကျော်နဲ့ နှင်းဆီပန်းခြောက်တန် ဝက်ခန့်ကိုပါ တင်ပို့မှုရှိလာပါတယ်။ နှင်းဆီပန်းခြောက်ကိုတော့ လက်ဖက် ခြောက်ထဲမှာ အနံ့ထည့်သွင်းဖို့နဲ့ ပန်းနှမ်းပွင့်ခြောက်နဲ့ ကျောက်ကုလန်ရွက်ခြောက်ကိုတော့ လက်ဖက်ခြောက်ကဲ့သို့ အသုံးပြုကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

# Normal TT စနစ်ဖြင့် တမူး- မိုရေးနယ်စပ်မှ ကွမ်းသီးများတိုးတက် တင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ဖြစ်တဲ့ တမူး-မိုရေး နယ်စပ်လမ်းကြောင်းမှတစ်ဆင့် Normal TT စနစ်နဲ့ ကွမ်းသီးများ တိုးတက်တင်ပို့လျက်ရှိနေပြီ ဖြစ်ပါ တယ်။

မြန်မာ-အိန္ဒိယနယ်စပ် တမူး-မိုရေးမှာ Normal TT စနစ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီအရေအတွက် ဟာလည်း မြန်မာဘက်အနေနဲ့ ၁၁ ခုရှိပြီး အိန္ဒိယဘက်အနေနဲ့ ၁၀ ခု ရှိလာပြီဖြစ်ပါတယ်။

မြန်မာကုန်သည်တွေအနေနဲ့ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ တစ်ဖက်သတ် ပေးအပ်သော အကောက် ခွန်သက်သာကင်းလွတ်ခွင့်ပြုသည့် အစီအစဉ် ( Duty Free Tariff Preference = DFTP ) Certificate of Origin Form အသုံးပြု တင်ပို့လာတဲ့အတွက် အကောက်ခွန်သက်သာခွင့် ရရှိလာပြီး Normal TT ဖြင့် ကွမ်းသီးတင်ပို့မှုဟာ ၂၀၁၆ ခုနှစ် ဧပြီလမှာတန်ချိန် ၄၂၀ ၊ မေလမှာ တန်ချိန် ၇၈၀၊ ဇွန်လမှာ တန်ချိန် ၁၁၄၀ အထိ တိုးတက်တင်ပို့နိုင်ခဲ့ပါ တယ်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအထိ သုံးလ ပတ်ကာလအတွင်း Normal TT စနစ်ဖြင့် ကွမ်းသီးတင်ပို့မှုမှာ တန်ချိန် ၂၃၄၀ ဖြစ်ပြီး တင်ပို့မှုပမာဏ အနေနဲ့လည်း အမေရိကန် ဒေါ်လာ ၆ ဒသမ ၁၂၄ သန်း ရရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရှိ United Bank Of India (UBI ) ဘဏ်သည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခဲ့ကာ မြန်မာနိုင်ငံမှ မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB )၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ( MFTB )၊ ဧရာဝတီဘဏ် ၊ ကမ္ဘောဇဘဏ်တို့နဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း အိန္ဒိယကုန်သည်တွေဟာ မိုရေးရှိ (UBI) ဘဏ်ခွဲ၊ အင်ဖာရှိ (UBI) ဘဏ်ခွဲများမှ MICB ၊ MFTB ၊ ဧရာဝတီ၊ ကမ္ဘောဇဘဏ်တွေမှာရှိတဲ့ မြန်မာကုန်သည်များရဲ့ ငွေစာရင်းသို့ ကွမ်းသီးဖိုးငွေကို TT စနစ်ဖြင့် အမေရိကန် ဒေါ်လာနဲ့ ငွေလွှဲပို့လာကြပါတယ်။ ယခင်က မြန်မာ-အိန္ဒိယ နယ်စပ်မှာ ကုန်ပစ္စည်းချင်း ဖလှယ်သည့် စနစ်ကို ကျင့်သုံးခဲ့ပေမယ့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ အဆိုပါစနစ်ကို ရပ်ဆိုင်းတော့မယ်လို့ အိန္ဒိယဗဟိုဘဏ်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ နယ်စပ်ဒေသတွေမှာ ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့အတွက် အခုလို ကုန်ပစ္စည်းချင်း ဖလှယ်တဲ့ ကုန်သွယ်မှု စနစ်ကို ရပ်ဆိုင်းရတာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံမှာ ထုတ်ဝေတဲ့ The Economic Time သတင်းစာမှာ ဖော်ပြ ခဲ့ပါတယ်။

အဲဒီနောက်မှာ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဌာနများက ဗဟိုဘဏ်နဲ့ ချိတ်ဆက်ပြီး နှစ်နိုင်ငံဘဏ်များနဲ့ Normal စနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါ တယ်။ တမူး-မိုရေး နယ်စပ်မှာရှိတဲ့ နှစ်နိုင်ငံ ကုန်သည်များအနေနဲ့လည်း Normal စနစ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက် နိုင်ရေး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခဲ့ကြပေမယ့် ၂၀၁၆ ခုနှစ်၊ မတ်လအထိ Normal စနစ်ဖြင့် ကွမ်းသီးတန် ၂၀ သာ တင်ပို့နိုင်ခဲ့ပါတယ်။

အခုလက်ရှိ အချိန်မှာတော့ ဘဏ်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ၂၀၁၆ ဧပြီမှ ဇွန်လအတွင်း ကွမ်းသီးတန်ချိန် ၂၃၄၀ တန် တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။

**တမူးကုန်သွယ်ရေးစခန်း**

## တမူးကုန်သွယ်ရေးစခန်းမှ ပထမ သုံးလပတ် ကာလ ကုန်သွယ်မှု လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ပြီး ယခင်နှစ် ကာလတူထက်လည်း ပိုမိုဆောင်ရွက်နိုင်

တမူးကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမသုံးလပတ်( ဧပြီ၊ မေ၊ ဇွန် ) လများအတွက် လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာရှစ်သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုံးသန်းဖြစ်ပြီး ကုန်သွယ်မှု ပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၁၁ သန်း လျာထားတာ ဖြစ်ပါတယ်။ အမှန်ဆောင်ရွက်နိုင်မှုအနေနဲ့ ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၅၁ သန်း၊ သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၂၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၇၇ သန်း၊ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်အနေနဲ့ လျာထားချက်အပေါ်မှာ ၁၅၁ ဒသမ ၈၉ ရာခိုင်နှုန်း၊ သွင်းကုန်အနေနဲ့ လျာထားချက်အပေါ်မှာ ၂၂၇ ဒသမ ၅၃ ရာခိုင်နှုန်း၊ ကုန်သွယ်မှုပမာဏအနေနဲ့ လျာထားချက်အပေါ်မှာ ၁၇၂ ဒသမ ၅၂ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကာလတူဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ( ဧပြီ၊ မေ၊ ဇွန် ) လတွေရဲ့ အမှန်ကုန်သွယ်ဆောင်ရွက်မှုအနေနဲ့ ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၉၀ သန်း၊ သွင်းကုန်မှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၂၉ သန်းဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ တမူး ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှု ဆောင်ရွက်နိုင်မှုဟာ ကာလတူနဲ့ နှိုင်းယှဉ်မယ်ဆိုရင်လည်း ပို့ကုန်မှာ အမေရိ ကန်ဒေါ်လာ ၂ ဒသမ ၉၆၁ သန်း၊ သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉၇ သန်းနဲ့၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၆ ဒသမ ၇၅၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ပို့ကုန်မှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ သရက်သီး၊ ငရုတ်ကောင်း၊ ပန်းသီးနဲ့ ဒေသထွက် မျောက်ငိုသီးကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်မှာ စားတော်ပဲ၊ ပဲရာဇာ၊ ကုလားပဲခြမ်းနဲ့ ဂျုံမှုန့်ကို ပိုမိုတင်သွင်း နိုင်ခဲ့တဲ့အတွက် ပထမ သုံးလပတ် ကုန်သွယ်မှုပမာဏလျာထားချက်အပေါ် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် အလားတူကာလထက်လည်း ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**တမူးကုန်သွယ်ရေးစခန်း**

## ကော့သောင်းကုန်သွယ်ရေး စခန်းမှ ဇူလိုင် တတိယပတ်အတွင်း ရေထွက်ကုန် တန် ၂၀၀ ကျော်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်တတိယပတ် အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန် ၂၀၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ မြဝတီနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှု လျော့နည်းခဲ့သော်လည်း ကော့သောင်းစခန်းမှ ယခင်တစ်ပတ်ထက် တန် ၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၈၂ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၂၀၀ ကျော် ပိုမိုတင်ပို့တာ တွေ့ရပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဇူလိုင်တတိယပတ်အတွင်း တင်ပို့ခဲ့တဲ့ ရေထွက်ကုန်များကတော့ အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ တန် ၃၀၀ ကျော် ၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၇ သန်းတန်ဖိုးရှိ ကင်းမွန် ၁၅ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်းတန်ဖိုးရှိ ပုစွန်နဲ့ အမေရိကန် ဒေါ်လာ သုညဒသမ ၀၁၃ သန်း တန်ဖိုးရှိ အခြားရေထွက်ကုန် ၁၅ တန်ကို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

# အရှေ့အနောက်ပင်လယ် ပေါင်းကူး ( သို့မှဟုတ် ) မောတောင်

|နန္ဒ (မြိတ်)|

မောတောင်ဆိုတာ မြိတ်မြို့ရဲ့ အရှေ့ဘက် ၁၁၈ မိုင်အကွာ၊ တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စုမှာရှိတဲ့ ထိုင်းနယ်စပ်က မြန်မာရွာလေး တစ်ရွာပါ။ မောတောင်နဲ့ကပ်လျက် နယ်နိမိတ်ချင်း ထိစပ်နေတာကတော့ ထိုင်းပင် လယ်ကွေ့၊ ကရာကျွတ်ကရီရန်ခရိုင်မှာရှိတဲ့ ဗန်ကောက်-ရနောင်း ကားလမ်းနဲ့ ၁၅ မိုင်အကွာက ဒန်ဆင်ခွန်း ထိုင်းရွာ လေးပဲဖြစ်ပါတယ်။ မောတောင်-ဒန်ဆင်ခွန်းဆိုတဲ့နှစ်နိုင်ငံနယ်စပ် ဒေသလေးဟာ အနောက်ဘက်ကပ္ပလီပင်လယ် မြိတ်ဒေသနဲ့ အရှေ့ဘက်ထိုင်း ပင်လယ်ကွေ့ (ကရာကျွတ်ကရီရန်ဒေသ) တို့ကို ပေါင်းကူးဆက်သွယ်ပေးထားတဲ့ နယ်စပ်ဖြတ်သန်းနေရာလေးဖြစ်ပြီး အနောက်ဘက်ရှိ တနင်္သာရီဒေသရဲ့ စီးပွားရေးအချက်အချာကျတဲ့ မြိတ်မြို့ကို ကားနဲ့ လေးနာရီခရီး၊ မြောက်ဘက် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ကို ငါးနာရီခရီးနဲ့ တောင်ဘက် ရနောင်းမြို့ကို ကားနဲ့ ငါးနာရီခရီးလောက်နဲ့ သွားရောက်နိုင်တဲ့ နှစ်နိုင်ငံနယ်စပ်က လမ်းဆုံနေရာလေး ဖြစ်ပါတယ်။

တစ်ချိန်ကတော့ ဒီနယ်စပ် လမ်းဆုံမှာ မောတောင် ဘက်ခြမ်းက မီးနီအပြများတာကြောင့် ဖြတ်သန်းသွားလာရန် အခက်အခဲတွေရှိခဲ့ပြီး ဒီလိုဖြစ်ပေါ်နေခဲ့ရတဲ့ အကြောင်းရင်းမှာလည်း တနင်္သာရီမြစ်ရိုးတစ်လျှောက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ဒီဒေသကိုအခြေပြုပြီး ဝင်/ထွက် သွား/လာကျက်စားခိုလှုံရာ အညိုရောင် နယ်မြေဖြစ်ခဲ့တာကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခြင်းနဲ့အတူ ဒေသခံများလည်း အသွားအလာနည်းပါးခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ (လမ်း/တံတား) တွေလည်း ကောင်းအောင် မဆောင်ရွက်နိုင်ခဲ့တာကြောင့် နီးလျက်နဲ့ဝေးကွာနေခဲ့ရတဲ့ ဒေသလေး ဖြစ်နေခဲ့ရပါတယ်။

ဒီလို အခြေအနေများကြောင့် မြိတ် - တနင်္သာရီဒေသကထွက်ရှိတဲ့ ကုန်ပစ္စည်းများနဲ့ ဒေသအတွက် လိုအပ်တဲ့ ကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံကို တင်ပို့ / တင်သွင်းရာမှာ ပင်လယ်ရေကြောင်းကသာ အဓိက အားပြုဆောင်ရွက်နေရပြီး မြိတ်ကနေ ရနောင်းအထိ ရေမိုင် ၂၇၆ မိုင်ခရီးကို ရာသီဥတုကောင်းပြီး နေ့/ည မောင်း နိုင်ရင် ငါးလှေတွေအနေနဲ့ ၂၄ နာရီ လောက်ကြာအောင် ခရီးဆန့်သွားလာနေကြရတာလည်း ဖြစ်ပါတယ်။

အကျိုးဆက်အနေနဲ့ ကတော့ မြိတ်-မောတောင်-ဆင်ခွန်းကနေ ထိုင်းနိုင်ငံရဲ့ အကြီးဆုံးငါးဈေးကွက်ရှိရာ မဟာချိုင်ကို ကားနဲ့တိုက်ရိုက်တင်ပို့ရင် အချိန် ခုနစ်နာရီလောက်နဲ့ ရောက်ရှိ




နိုင်ပြီး ရေကြောင်းနဲ့ ရနောင်းဈေးကွက်ကို ၂၄ နာရီနဲ့ မဟာချိုင်အထိ ဆိုလျှင် ၃၁ နာရီခန့် ကြာမြင့်နိုင်တာကြောင့် မြိတ်-မောတောင်-ဆင်ခွန်းလမ်းကြောင်းဟာ မြိတ်-ရနောင်းလမ်းကြောင်းထက် အချိန်နဲ့ ကုန်ကျမှုစရိတ် သက်သာမှု ရှိပြီးအချိန်တိုအတွင်း တင်ပို့နိုင်တဲ့ ငါးရဲ့လတ်ဆတ်မှုအရ ဈေးကွက်မှာ ဈေးနှုန်းမှန်လည်း ရရှိနိုင်တာကြောင့် လုပ်ငန်းဆောင်ရွက်သူများအတွက် အကျိုးအမြတ်တွေလည်း ပိုမိုဖြစ်ထွန်း နိုင်စေရုံမက ဈေးကွက်ယှဉ်ပြိုင်မှုအားသာချက်နဲ့ အခွင့် အလမ်းတွေလည်း ရရှိနိုင်မှာဖြစ်ပါ တယ်။

ဒါကြောင့် ဒေသခံများအနေနဲ့ မိမိတို့ရဲ့အကျိုးစီးပွားနဲ့အတူ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လုပ်ငန်း အခွင့်အလမ်းတွေ ရရှိဖြစ်ထွန်းစေရေးတို့အတွက် မောတောင်-ဒန်ဆင်ခွန်း နယ်စပ်ဂိတ်ကို နှစ်နိုင်ငံ တရားဝင် ဂိတ်တွေအဖြစ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကို လိုလားတောင့်တနေခဲ့ ကြပါတယ်။

တာဝန်ရှိသူများအနေနဲ့လည်း နယ်မြေ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုနဲ့အတူ ကုန်စည်ကူးသန်းရောင်းဝယ်မှုနဲ့ မဟာဗျူဟာ လမ်းကြောင်းအရ အရေးပါလှတဲ့ တနင်္သာရီ-မောတောင်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖြစ်ပေါ်နေတဲ့ အခြေအနေ အရပ်ရပ်အပေါ် နှစ်တိုနှစ်ရှည် စီမံချက်များနဲ့ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့မှုတွေကြောင့် ဆယ်စုနှစ် တစ်ခုအတွင်းမှာပဲ ဆီအုန်း၊ ရော်ဘာစိုက်ခင်းတွေ တိုးချဲ့ လုပ်ကိုင်လာနိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းလာကာ လမ်း၊ တံတားတွေလည်း တည်ဆောက်နိုင်ခဲ့ပြီး မောတောင် နယ်စပ်ဂိတ်နဲ့ ဒန်ဆင်ခွန်းနယ်စပ်ဂိတ်ကို ၂၀၁၅ ခုနှစ်၊ မေ ၆ ရက်တွင် အသီးသီး ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဆိုပါ ဂိတ်တွေကို တရားဝင် နယ်စပ်ဂိတ်အမြန်ဆုံး ဖြစ်မြောက်ရေးအတွက်လည်း နှစ်နိုင်ငံ နယ်စပ်တိုင်းတာရေး ကိစ္စရပ်များ ပြီးပြတ်နိုင်ရေးကို ညှိနှိုင်း ဆောင်ရွက်နေကြပါတယ်။ ထို့ပြင် ၂၀၁၅ ခုနှစ်မှာ ကရီခန်ခရိုင်၊ ပရာချွတ် မြို့နဲ့ တနင်္သာရီတိုင်း၊ မြိတ်မြို့တို့ကို မောင်နှမမြို့တော်အဖြစ် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မောတောင်-ဒန်ဆင်ခွန်း နယ်စပ်ဖြတ် ကျော်ဒေသအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း နှစ်နိုင်ငံမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနဲ့အတူ အပြန်အလှန် ချစ်ကြည်ရေး၊ လေ့လာရေးခရီးများ သွားလာဆောင်ရွက်လာနိုင်ခဲ့ကြပါတယ်။

ယခုလို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများနဲ့အတူ မောတောင်-ဒန်ဆင်ခွန်းလမ်းကြောင်းအသုံးပြုပြီး မြိတ်ဒေသရှိ ကျွန်း ၈၀၀ ကျော်မှာ ခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ရေးနဲ့ တနင်္သာရီ၊ မောတောင် ဒေသရှိ မြေလွတ်မြေရိုင်းတွေမှာ ကန်ထရိုက်စနစ်နဲ့ သစ်သီးဝလံတွေ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးကိစ္စများကို ထိုင်းဘက်က စိတ်ဝင်တစား ကမ်းလှမ်းညှိနှိုင်းမှုများလည်း ရှိလာသလို မြိတ် ဒေသအနေနဲ့လည်း ဒေသထွက် ကုန်ပစ္စည်းများကို မောတောင်လမ်းက တင်ပို့နိုင်ရေး၊ မောတောင်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် နီးစပ်ရာ ဒန်ဆင်ခွန်းမှ သွယ်တန်းရရှိရေး၊ စိုက်ပျိုးရေးနည်းပညာ ဖလှယ်ခွင့်နဲ့ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မောတောင်မှ ဟွမ်ပောဒေသအထိ ရက်ရှည်ခရီးသွားလာခွင့် ရရှိရေးကိစ္စများအပြန်အလှန် ညှိနှိုင်းမှုများ ရရှိခဲ့ပါတယ်။

သို့ဖြစ်၍ မောတောင်ဒေသဟာ နယ်မြေတည်ငြိမ်အေးချမ်းလာပြီး ကောင်းမွန်တိုးတက်လာတဲ့ လမ်း၊ တံတားများကြောင့် အနောက်ဘက် ကပ္ပလီပင်လယ်နဲ့ အရှေ့ဘက်က ထိုင်း ပင်လယ်တို့ကို အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်တော့မှာ ဖြစ်တဲ့အပြင် နှစ်နိုင်ငံအကျိုးစီးပွားတွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေပါ တိုးတက်လာပြီး အရှေ့၊ အနောက်နှစ်ဘက်သော ပင်လယ်က တိုက်ခတ်လာတဲ့ လေညှင်းတို့ဆုံရာ အရပ်မှာ ချိုမြိန်တဲ့အသီးအပွင့်တွေ ဖြစ်ထွန်းခံစားရတော့မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်မှ စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၇ ရက်က တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး စက်မှုဇုန်အတွင်းရှိ နဝရတ် သောက်ရေသန့်စက်ရုံ၊ Ever Win ကော်ဖီမစ်စက်ရုံ၊ ဖိုးလမင်း နို့အေးချောင်းနှင့် ရေခဲမုန့်စက်ရုံတို့ကို ကြည့်ရှုပညာပေးဆွေးနွေးခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ကောင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာအိဇင်ဖြိုး၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးမှ ဒေါက်တာဂျူးဂျူးဉာဏ်ဝင်းတို့က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ဖော်ပြထားသည့် စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်၊ တားမြစ်ချက်များ၊ ဥပဒေတွင် ပါရှိသည့်ပြစ်မှုပြစ်ဒဏ်များနှင့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် အရေးယူဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်တွင် အာမခံချက်များ အပြည့်အစုံ ဖော်ပြရမည့် အခြေအနေများကို လည်းကောင်း၊ ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် စားသုံးသူများကို ဘေးဥပဒ်အန္တရာယ် မဖြစ်စေရန် ဌာနဆိုင်ရာများက ထောက်ခံချက်ဖြင့် ခွင့်ပြုထားသည့် ပစ္စည်းများကိုသာ ထည့်သွင်း သုံးစွဲရမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေး ဟောပြောခဲ့ကြပါ တယ်။

ဟောပြောဆွေးနွေးပွဲသို့ စက်မှုဇုန်အတွင်းရှိ စတိုးဆိုင်၊ စားသောက်ဆိုင်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများမှ ပိုင်ရှင်များ၊ မန်နေဂျာများ၊ တာဝန်ခံများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြပါတယ်။

အလားတူ ဇူလိုင်လ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်အတွင်း သုံးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း ငါးနေရာ၊ အင်းစိန်ခရိုင်အတွင်း ငါးနေရာတို့တွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးမှုများကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါတယ်။

ခင်သီ (စားသုံးသူ) ရန်ကုန်

■

Vol: 16, No.28 Monday August 1 2016

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် International Trade Weekend Course Batch (1) သင်တန်းဖွင့်ပွဲနှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် International Trade Weekend Course Batch (1) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဦးစီးမှူးရုံး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များကို ကုန်သွယ်မှုသင်တန်းကျောင်း၌ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ကုန်သွယ်မှုနှင့် သက်ဆိုင်သော အခြားဝန်ကြီးဌာနများ၏ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပြင်ပဘာသာရပ်ကျွမ်းကျင်သူများ၊ ပညာရှင်များကလည်း လာရောက်သင်ကြားပေးမှာဖြစ်ကြောင်း၊ ဒါ့အပြင် ကုန်သွယ်မှုဆိုင်ရာ ဌာနများသို့ လက်တွေ့လေ့လာရေးခရီးစဉ်များ၊ ကုန်သွယ်ရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း စီမံဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်မှာဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဝေဇယန္တာလမ်းမနှင့် ဂန္ဓမာလမ်းမထောင့်ရှိ Gandamar Wholesale ၏ ရွှေဂန္ဓမာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး သို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေရေး၊ ကြေးရေး အဖွဲ့အစည်းများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာခြင်းအပေါ် များစွာတည်မှီနေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းဆောင်ရွက်ရာတွင် အဓိကနေရာတွင်ရှိသော နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း မြန်မာနိုင်ငံသားများဘဏ်အနေဖြင့်လည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်နေပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သဘာပတိ၊ မြန်မာနိုင်ငံသားများဘဏ်ဥက္ကဋ္ဌမှ အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများ၊ ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များ၊ ဒါရိုက်တာအဖွဲ့၏ အမည်စာရင်းများအား အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **TL**

# အကောက်ခွန်တန်ဖိုးသင့်ခြင်းနှင့် ဈေးနှုန်းစိစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အကောက်ခွန်တန်ဖိုးသင့်ခြင်းနှင့် ဈေးနှုန်းစိစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က ရန်ကုန်မြို့ Park Royal Hotel တွင် ကျင်းပခဲ့ပါသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့ဘဏ်အဖွဲ့မှ အတိုင်ပင်ခံများဖြစ်ကြသည့် Mr. John Howard နှင့် Mr. Brian Hurrell တို့အပါအဝင် အကောက်ခွန်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အစရှိသည့် အစိုးရ၊ ပုဂ္ဂလိကအသင်းအဖွဲ့တို့မှ ဘာသာရပ် တာဝန်ခံကိုယ်စားလှယ် စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Sjamsu Srahardja တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များအား ကုမ္ပဏီများမှ လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြသည့် Invoice နှင့် Sale Contract ပါ ဈေးနှုန်းများအတိုင်း ခွင့်ပြုပေးသွားမည့်ကိစ္စ၊ အကောက်ခွန်တန်ဖိုး သင့်ခြင်းနှင့် ဈေးနှုန်းစိစစ်ခြင်းတို့အပေါ် ကွဲပြားစွာ သိနားလည်စေရန်၊ လက်တွေ့ဆောင်ရွက်ရာတွင် ရင်ဆိုင်ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများကိုဖော်ထုတ်၍ အဆင်ပြေချောမွေ့စေမည့် နည်းလမ်းများကိုရှာဖွေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေး ဖြေလျှော့မှုများ ဆောင်ရွက်ပေးရာတွင် တင်သွင်း၊ တင်ပို့သည့် လိုင်စင်လျှောက်ထားရယူခြင်းများနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်မှစ၍ အဆင့်ဆင့်တိုးမြှင့်ဖြေလျှော့ပေးခဲ့သည်မှာ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉/ ၂၀၁၅) ဖြင့် HS. Code 2012 Version အရ ကုန်စည်လိုင်းပေါင်း ၄၄၀၅ လိုင်းသာ သွင်းကုန်လိုင်စင် လျှောက်ထားရယူရန် လိုအပ်ကြောင်း၊ ဆက်လက်ဖြေလျှော့ပေးသွားမည့် အစီအစဉ်များလည်းရှိကြောင်း အသိပေးပြောကြားသွားပါသည်။

**မြန်မာနိုင်ငံ၏ လိုင်စင်လျှောက်ထားသည့်စနစ်**

လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများမှ ပူးတွဲတင်ပြသည့် Invoice နှင့် Sale Contract ပါ ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ တစ်ယူနစ်ဈေးနှုန်း၊ စုစုပေါင်းတန်ဖိုး ဖော်ပြချက်များအရ တင်ပြလာသည့် ဈေးနှုန်းများအပေါ် အနီးစပ်ဆုံး မှန်ကန်စေရန် Invoice ဈေးအပေါ် အခြေခံခြင်း၊ လျှောက်ထားပစ္စည်း၏ ဈေးကွက်တွင် ရောင်းချသည့် ပေါက်ဈေးအား လေ့လာစုံစမ်းခြင်း၊ အင်တာနက်ပေါ်မှ ဈေးနှုန်းရှာဖွေခြင်း၊ အခြားဈေးကွက်များရှိ စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးနှုန်းစုံစမ်းရယူခြင်းတို့ကို ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးလျက် ရှိသည်။

သို့ရာတွင် ကုန်သွယ်ရေးဦးစီးဌာနမှ ခွင့်ပြုပေးထားသော သွင်းကုန်လိုင်စင်ပါ ဈေးနှုန်းများသည် ကုမ္ပဏီများမှတင်ပြလျှောက်ထားလာသော ဈေးနှုန်းများနှင့် ကွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်တန်ဖိုး သတ်မှတ်သည့်အခါတွင် လိုင်စင်ပါဈေးနှုန်းဖြင့် သတ်မှတ်ခြင်းမဟုတ်ဘဲ အကောက်ခွန်ဦးစီးဌာနတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် တွက်ချက်၍ ကောက်ခံခြင်းဖြစ်သည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အကောက်ခွန်တန်ဖိုးသင့်ခြင်း၊ သဘောတူညီချက်ပါ နည်းလမ်းခြောက်ခုကို သိရှိပြီးဖြစ်သော်လည်း လိုက်နာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ H.S Code များ၊ RoO များအတွက် ကြိုတင်စုံစမ်းမေးမြန်းနိုင်သည့် Advanced Ruling ကိုလည်း မကြာမီ ကျင့်သုံးဆောင်ရွက်တော့မည် ဖြစ်သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် MACCS System အား အကောင်အထည်ဖော် ကျင့်သုံးပြီးနောက်ပိုင်း ဖော်ပြပါကိစ္စရပ်များကိုလည်း အစဉ်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြင်ဆင်လိုသည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

**ကမ္ဘာ့ဘဏ်မှအတိုင်ပင်ခံက အကြံပေး**

ကမ္ဘာ့ဘဏ်အဖွဲ့မှ အတိုင်ပင်ခံကိုယ်စားလှယ် Mr. Brian Hurrell က အကောက်ခွန်အရာရှိများအနေဖြင့် တင်သွင်းကုန်များအပေါ် Customs Value ကို မည်ကဲ့သို့ ဆုံးဖြတ်မည်ဆိုသည်မှာ ကုန်စည်အပေါ် ကျသင့်မည့် အကောက်ခွန် (Tariff) သတ်မှတ်ရန် အလွန်အရေးပါသည့် အချက်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း စနစ်ကို

**စာမျက်နှာ ၂၈ သို့ ➲**


New Magnate Co., Ltd.
RHYDZOLE
Rabeprazole Sodium 20mg
RHYDLOSART - 50
RHYDAMLO - 5
RHYDAMLO -10
RIFIBURG - 10
RIFIBURG - 20
RHYDCARB
RHYDLOSART - 25
REPEP
RHYDRIL-10
DICLON-M
M-Spas
BET - N Skin Cream
RHYDZIT 500
BET - GM Skin Cream
REROX
RHYOF
REMET
RECIP
Quadrim
REMOL


Nice Guy
Customs Clearance Agency
U Kaung Trading Co.,ltd.
MYANMAR CUSTOMS
MACCS DIVISION
ကုန်စည်လျှင်မြန်စီးဆင်းရန်
MACCS စနစ်ကို
ဒို့ဝန်းရံ
MACCS စနစ်အကြောင်း
သိသမျှ
မျှဝေပါရစေ။
No(10/12), 1st Floor,103-D,35 st(Lower Block)
Kyauktada Tsp,Yangon
E-mail :aungkaungzay2@gmail.com
Phone-09 73146561,09 43111023,09 780575459


Victoria Harbour Embroidery
Factory
維多利亞港電腦繡花.雷射切割廠
CTF
No, (73-B), Myin Theikdi Kyaw Swar Road,
Hlaing Thar Yar Industrial Zone (3), Yangon, Myanmar.
Tel : 95-9-450006221, 95-9-420011250
Email : moemoe.mm824gmail.com
DAGON TALENT GARMENT LIMITED
We made men's woven dress
shirt & ladies blouse
FACTORY ADDRESS
PLOT NO.17, YADANAPON ROAD, KYANSITTHAR INDUTRIAL ZONE,
SOUTH DAGON TOWNSHIP, YANGON, MYANMAR.
Tel: 95-9-43080571, 95-9-43136111 Email:ckwong35@gmail.com


STD
SAN CHAIN
Co.,Ltd
09 49252042 09 2002563
095231148 01 380005

## ပြောင်း

### ပြောင်းတန်ချိန် ခုနစ်ထောင်ကျော်သာ တင်ပို့

တရုတ်နယ်စပ်စခန်းတွေဖြစ်တဲ့ မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၀၄ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၇၄၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၅၀၃၃ တန်၊ လွယ်ဂျယ်မှ ၉၄၂ တန်နီးပါးနဲ့ ချင်းရွှေဟော်မှ ၁၄၂၆ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ထိုစခန်းသုံးခုမှ ၈၀၃၃ တန်ကျော်အထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု လျော့ကျခဲ့တာ တွေ့ရပါတယ်။

သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် တစ်ပိဿာကို ၅၂-၅၃ ကျပ်ရှိပြီး၊ ကားဝင်ရောက်မှုမှာ အစီး ၂၁၀ ဖြစ်ပါတယ်။ ရွှေလီမြစ်ကြောင်းတစ်လျှောက်ရှိ ကုန်ပစ္စည်းသယ်ယူရာ ဇက်ဆိပ်များတွင် ရေကြီးနေခြင်းကြောင့် တစ်ဖက်နိုင်ငံ ကုန်သယ်ယာဉ်များသွားလာမရလို့ ပြောင်းတင်ပို့မှု ဆက်လက်လျော့နည်းနေ ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၁၅ ရက်နေ့က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၂၈၁၇၃၁ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် ၂၈၀၂၆၁ ကျပ်သို့ ဈေးလျော့ကျသွားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### သကြားတင်ပို့မှု ထက်ဝက်လျော့ကျ

ဇူလိုင်တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၂၁ သန်း တန်ဖိုးရှိ သကြား ၂၂၀၃၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၅၂၁၉ တန်အထိ တင်ပို့မှုရှိခဲ့လို့ ယခုတစ်ပတ် သကြားတင်ပို့မှု ထက်ဝက်ခန့်လျော့ကျသွားခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်းသကြားဈေးမှာ တစ်တန်လျှင် ရှစ်သိန်းသုံးသောင်းကျပ်ရှိနေပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၃၈-၂၄၀ ယွမ်အထိဈေးရှိနေတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၈ သန်းတန်ဖိုးရှိ သကြား ၃၄၅၁ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ဇူလိုင် ၂၅ ရက်တွင် သကြား(ရှယ်) တစ်ပိဿာကို ၁၂၅၀-၁၂၆၀ ကျပ် ဈေးရှိပြီး (ရိုးရိုး) တစ်ပိဿာကတော့ ကျပ် ၁၁၀၀ ဈေးခန့်ရှိနေတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဂျုံ

### ပြည်တွင်းသို့ အိန္ဒိယမှ ဂျုံမှုန့်များ တင်သွင်းမှုများလာ

ဇူလိုင်တတိယပတ်အတွင်း တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ဝ၆၂ သန်း တန်ဖိုးရှိ ဂျုံမှုန့် တန် ၁၃၀ ကျော်ကို တင်သွင်းခဲ့ပါတယ်။ ယခင် ဇူလိုင်ဒုတိယပတ်ထက် တန် ၆၀ ကျော် ပိုမို တင်သွင်းတာတွေ့ရပါတယ်။ အိန္ဒိယမှ တင်သွင်းလာတဲ့ ဂျုံမှုန့်များရဲ့ လိုင်စင်ဈေးမှာ တစ်ကီလိုလျှင် ၅၂၈ ကျပ်ဖြစ်ပြီး Shree Brand ဖြစ်ပါက တစ်အိတ်လျှင် ၄၅ ကီလိုပါရှိတယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန်တစ်လလုံး တမူးကုန်သွယ်ရေးစခန်းမှ ဂျုံမှုန့်တန် ၂၉၀ ကျော် တင် သွင်းခဲ့ပါတယ်။ ယခုဇူလိုင် တတိယပတ်မှာ ဂျုံမှုန့်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၄ တန်ဖိုးရှိ ဆိုင်ကယ်၊ တောင်လုံးကျော်၊ စားတော်ပဲ၊ ပဲရာဇာ၊ ဆောင်းမေခါး၊ ချည်ထုပ်၊ စက်ဘီးအပိုပစ္စည်း၊ ဟင်းရိုင်းနီ၊ စက်ဘီးကျွတ်နှင့် တာယာတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ဝါဂွမ်း

### မူဆယ်နယ်စပ်မှ ဝါဂွမ်းပုံမှန်တင်ပို့

ဇူလိုင် တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀၅၆၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၄၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကလည်း ၄၈ တန် တင်ပို့ခဲ့လို့ တရုတ်နိုင်ငံသို့ ဝါဂွမ်းပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

ငွေချည်-၆-ဝါမှာ ဝါအထွက်နှုန်းကောင်းခြင်း၊ မြေဩဇာ တုံ့ပြန်မှုရှိခြင်းတို့ကြောင့် တောင်သူတွေအတွက် စီးပွားရေး တွက်ခြေကိုက်လျက်ရှိကြောင်း မကွေးမြို့မှ ဝါစိုက်တောင်သူ တွေထံက သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပါ ရော်ဘာ ပိုမိုတင်ပို့

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၅၃ သန်းတန်ဖိုးရှိ ရော်ဘာ ၈၅၂ တန်ကျော်ကို မြန်မာ-တရုတ် နယ်စပ်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၄၃၆ တန်၊ MSR 20 ၂၇၉တန်နဲ့ RSS 5 ၃၂ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ MSR 50 ၃၅ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၃၀၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ RSS 3 တန် ၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးကတော့ အတက်အကျအနည်းငယ်ရှိပါတယ်။ တစ်တန်ကို ယခင်တစ်ပတ်က ၁၃၉၀၁၂၂ ကျပ်၊ ယခုတစ်ပတ်မှာ ၁၃၈၂၈၇၀ ကျပ် ဖြစ်လို့ တစ်တန်ကို ၇၂၅၂ ကျပ်ဈေး အနည်းငယ်ကျကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၃၇ သန်းတန်ဖိုးရှိ ရော်ဘာ ၄၉၁ တန်ကို အိန္ဒိယ ၊မလေးရှား၊ ဂျပန် ၊ ကိုရီးယားနဲ့ စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ RSS 1 ၅၄ တန် ၊ မလေးရှားနိုင်ငံသို့ MSR 20 ၄၂ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 ၂၉၄ တန် ၊ ကိုရီးယားနိုင်ငံသို့ MSR20 တန် ၂၀ ၊ စင်ကာပူ နိုင်ငံသို့ MSR 20 TSR ၈၁ တန် အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၇၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိပြီး ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ဈေးနှုန်း ထုတ်ပြန်ခဲ့ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

**ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်ပို့

ဇူလိုင် တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၂၀၀၃ တန်ဖိုးရှိ ကော်ဖီစေ့ ၅၁ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၉၄၈ တန်ဖိုးရှိ ကော်ဖီစေ့ ခြောက်တန်ခွဲတင်ပို့ခဲ့ပါတယ်။

ရှမ်းဒေသထွက်ကော်ဖီသည် အထူးတန်းဝင်ကော်ဖီအဖြစ် ကမ္ဘာ့ ကော်ဖီဈေးကွက်တွင် သတ်မှတ်ခံထားရပြီး ထိုင်း၊ မလေးရှားနဲ့ တရုတ်နိုင်ငံတို့မှ ဝယ်ယူမှုများရှိကြောင်း၊ ရှမ်းမြို့နယ်အတွင်း ကော်ဖီစိုက်ပျိုး ရေးလုပ်ငန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်က ကော်ဖီစိုက်ဧက ၄၀၀၀ ကျော်နဲ့ စတင်ခဲ့ပြီး ယခုအခါ ဧက ၇၄၀၀ အထိရှိလာကြောင်း ရှမ်းမြို့နယ်ကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

➲ စာမျက်နှာ ၁၅ EIF လုပ်ငန်းစဉ်၏ Tier-1 အဆင့် ဝန်ထမ်းစွမ်းဆောင်ရည် သတင်းမှအဆက်

ဌာန၏အကျိုးကို မျှော်ကိုးပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ကြိုးပမ်း လေ့လာဆည်းပူးစေလိုပါကြောင်း၊ သင် ကြားပြသနေစဉ်အတွင်းမှာလည်း နားမလည်ပါက ချက်ခြင်း မေးမြန်း ဆွေးနွေးသွားကြဖို့ တိုက်တွန်းလိုပါကြောင်း၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေး ပွဲများ ဆောင်ရွက်လျက်ရှိရာမှာ အရာထမ်းများ သာမက အမှုထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ရေရှည်မှာ စဉ်ဆက်မပြတ် တိုးတက်နေစေဖို့ လေ့လာကြိုးပမ်းအားထုတ်သွားစေလိုကြောင်း၊ သက်ဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်၏ တာဝန်ယူလိုစိတ်၊ တာဝန်သိစိတ်၊ တာဝန်ကို ကျေပွန် အောင် ထမ်းဆောင်လိုစိတ်များအပြင် အချင်းချင်း ပူးပေါင်း ဆောင် ရွက်လိုစိတ်၊ အချင်းချင်း အပြန်အလှန် ယုံကြည်ကိုးစားစိတ်၊ အသင်းအဖွဲ့ စိတ်ဓာတ်တွေထားရှိဆောင်ရွက်သွားရန်အတွက် ပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

## အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (မြန်မာ)သို့ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာသန်း ၃၀ ချေးမည်

မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေများထောက်ပံ့နိုင်ရန် ရည်ရွယ်၍ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက် (SMIDB) ကဗီယက်နမ်နိုင်ငံရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးရေးဘဏ် (BIDV)မှ အမေရိကန်ဒေါ်လာသန်း ၃၀ ကို ချေးယူသွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်အတွက် စာချုပ်ချုပ်ဆိုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က SMIDB နှင့် BIDV တို့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်သို့ ပေးချေရမည့် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ BIDV ဘဏ်အနေဖြင့် ၎င်း၏ ပြည်တွင်းလုပ်ငန်းရှင်များအား တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းကြားတွင်သာ ယူ၍ချေးပေးလျက်ရှိသည်။

သို့သော် SMIDB အနေဖြင့် ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ ငွေချေးသည့် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းဖြစ်သည့်အတွက် ပြည်ပမှဘဏ်များထက် အတိုးနှုန်းများစွာသက်သာနေကြောင်း၊ BIDV အနေဖြင့် အတိုးနှုန်းကို ယခုထက်လျှော့ချပေးမည်ဆိုပါက ဒေသတွင်းလုပ်ငန်းရှင်များအပေါ် အတိုးနှုန်းများကိုလျှော့ချပေးနိုင်မည် ဖြစ်ကြောင်း SMIDB မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

SMIDB သည် မြန်မာ့စီးပွားရေးဘဏ်မှလည်း ကျပ်ငွေဘီလီယံ ၃၀ ကို ချေးယူထားကြောင်း သိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## Philips ရဲ့အထူးဈေးရောင်းပွဲတော်ဖြစ်သည့် Philips Week ဈေးရောင်းပွဲတော်ကို ၃၀ရာခိုင်နှုန်းအထိ လျှော့ဈေးများဖြင့် ဩဂုတ်လ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်

Shop.com.mm မှ အိမ်ရှင်မများအတွက် အထူးအစီအစဉ်ကောင်း တစ်ခုဖြစ်သည့် Phillips Week အီလက်ထရောနစ်ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

Philips Week အီလက်ထရောနစ် ဈေးရောင်းပွဲတော်တွင် နယ်သာလန်နိုင်ငံမှ ထုတ်လုပ်သည့် အရည်အသွေးမြင့် အိမ်သုံးလျှပ်စစ်ပစ္စည်း များဖြစ်သည့် ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ ဖုန်စုပ်စက်၊ လေသန့်စက်များ၊ လျှပ်စစ်ရေနွေးအိုးများနှင့် ဖျော်ရည်စက်များကို ၁၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ထို့ပြင် အီလက်ထရောနစ်ပစ္စည်းများဖြစ်သည့် နားကျပ်များ၊ ဖျော်ဖြေရေးပစ္စည်းများ စသည်တို့ကိုလည်း ၃၀ ရာ ခိုင်နှုန်းအထိ လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ Philips Week ဈေးရောင်းပွဲတော် ကာလအတွင်း အထူးအရောင်းမြှင့်တင်သည့် အစီအစဉ်ကောင်းများကို Shop. com.mm နှင့် ၎င်း၏ တရားဝင် ဆိုရှယ်မီဒီယာများဖြစ်ကြသည့် www. facebook. com./shop. com. mm ), Viber, WeChat, Bee Talk နဲ့ MyChat တို့မှလည်း အထူးသီးသန့် ဝယ်ယူနိုင်မည်ဖြစ်သည်။

"ဒီပွဲကိုကျင်းပရတဲ့ရည်ရွယ်ချက်က shop.com.mm မှ ဝယ်ယူသူများ အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာပြီး Brand ကောင်းပြီး အရည်အသွေးကောင်းမွန်တဲ့ ပစ္စည်းများကို အိမ်အပြင်ထွက်စရာမလိုဘဲ အွန်လိုင်းကနေ ဝယ်ယူနိုင်ဖို့ ရည်ရွယ်ပြီးလုပ်ဆောင်တာပါ။ Shop.com.mm မှာ ရောင်းချနေတဲ့ ပစ္စည်းအားလုံးကို ရန်ကုန်မြို့ အပါအဝင် နယ်မြို့ ၉၁ မြို့နယ်ထိ အိမ်အရောက်ဝန်ဆောင်မှုပေးပါတယ်။ အော်ဒါမှာပြီး ပစ္စည်းတွေကိုလည်း နှစ်ရက်ကနေ လေးရက်အတွင်း ပို့ပေးပါတယ်။ ပစ္စည်းပို့ဆောင်ခကတော့ ပို့ပေးရတဲ့ မြို့နယ်တွေအပေါ် မူတည်ပြီး ပြောင်းလဲသွားပါတယ်" လို့ Shop. com.mm မှ Marketing Manager မဇကေရီက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ကညနထုတ်ပြန်ချက်အပြီး ကားဈေးကွက်ရောင်းအားမှာ ယခင်ကထက် ပိုမိုဆိုးရွားစွာ ကျဆင်းသွားခဲ့

ရန်ကုန်တိုင်းအတွက် ပါကင်ပါမစ်ဆိုင်းငံ့ထားခြင်းနှင့် ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်း ထပ်တိုးကောက်ယူမှုတို့ကြောင့်ယခင်နှစ်များထက်အရောင်းအဝယ် ပိုအေးခဲ့သော ပြည်တွင်းကားဈေးကွက်မှာ လွန်ခဲ့သည့် ဇူလိုင် ၂၆ ရက်တွင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန(ရုံးချုပ်) မှ ထုတ်ပြန်ခဲ့သော "ပစ်ကပ်၊ လိုက်ထရပ်ယာဉ်များ ဖျက်သိမ်း အပ်နှံ၍ အစားထိုးတင်သွင်းပါက ကုန်တင်ယာဉ်အုပ်စု တင်သွင်းခွင့်ပြုရန်ကိစ္စ" အပြီးတွင် အရောင်းအဝယ် ပိုမိုဆိုးရွားသွားခဲ့သည်။

ကညန၏အဆိုပါ ထုတ်ပြန်ချက်အရ ဆလွန်း၊ ဂျစ်၊ ပစ်ကပ်၊ လိုက်ဗင်၊ စတေရှင်ဝက်ဂွန်၊မိုက်ခရိုဘတ်စ်အုပ်စုဝင်ကားများအတွက် အစားထိုးတင်သွင်းပါက ထိုအုပ်စုအတွင်းရှိ ယာဉ်တစ်မျိုးမျိုးကို ခွင့်ပြု၍ လိုက်ထရပ်၊ ထရပ်နှင့် ဘတ်စ်အမျိုးအစားတို့အတွက် အမျိုးအစားတူ ယာဉ်တစ်မျိုးမျိုးကိုသာ တင်သွင်းခွင့်ပြုမည်ဟု သိရသည်။ ထိုသို့ ထုတ်ပြန်ရခြင်းမှာ လိုက်ထရပ် တိုက်ကြေကားများဖြင့် စလစ်ထုတ်ကာ အိမ်စီးကားများ တင်သွင်းခြင်းကို ကာကွယ်ရန်အတွက် ရည်ရွယ်လို၍ဖြစ်ဟန် တူသော်လည်း လက်ရှိအချိန်တွင် လိုက်ထရပ်ကဲ့သို့ လုပ်ငန်းသုံးယာဉ်များအား စလစ်မလိုဘဲ ဖရီးပါမစ်ဖြင့် တင်သွင်းခွင့်ရှိသဖြင့် လုပ်ငန်းသုံးယာဉ် တင်သွင်းသူများအတွက် မည်သို့မျှ ထူးခြားချက်ရှိမည်မဟုတ်ပေ။ ယင်းကိစ္စနှင့် ပတ်သက်၍ motors.com.mm က သီရိမင်္ဂလာ၊ ရှင်စောပုနှင့် လှိုင်ကားရောင်းဝယ်ရေးစခန်းရှိ မော်တော်ယာဉ်တင်သွင်း ရောင်းချသူများအား မေးမြန်းကြည့်ခဲ့ရာ ဖရီးပါမစ်ဖြင့် တင်သွင်းခွင့်ရနေသော လုပ်ငန်းသုံးကားများနှင့် ပတ်သက်၍ မည်သူမှ စလစ်အတွက် အလုပ်ရှုပ်ခံမည် မဟုတ်ကြောင်းနှင့် လူစီးကား (အိမ်စီးကား) တင်သွင်းခွင့် စလစ်တွေ ဈေးမြင့်သွားနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ချက်နှင့် ပတ်သက်၍ အထင်ကရကားလုပ်ငန်းရှင်ကြီးများကလည်း တိုက်ကြေလုပ်စားသူများကို စနစ်တကျ ရှာဖွေစိစစ်ကာ ထိုက်သင့်သောအပြစ် ပေးသင့်ကြောင်း၊ ထိုသူများအား အကြောင်းပြုကာ ကားဈေးကွက်တစ်ခုလုံး ကမောက်ကမ ဖြစ်အောင် မပြုလုပ်သင့်ကြောင်း ဝေဖန်ခဲ့ကြသည်။ ယင်းထုတ်ပြန်ချက်ကို ကြေညာပြီးနောက်ပိုင်း ကားဈေးနှုန်းများမှာ ယခင်ကထက် (ကားအမျိုးအစားကိုလိုက်၍)၁၅ သိန်းမှ သိန်း ၂၀ အထိ ပိုမိုမြင့်တက်သွားခဲ့ပြီး ယခင်ကထက် ရောင်းအား ပိုမိုကျဆင်းသွားခဲ့သည်။

**မယ်သီတာ**




## "ဆင်နွှဲလန်းဆန်း R7 နဲ့ ကံစမ်း" အစီအစဉ်မှ ကံထူးရှင်ဂုဏ်ပြုပွဲကျင်းပ

Regal Seven မှ ကြီးမှူး၍ APB Alliance Brewery တွင် "ဆင်နွှဲ လန်းဆန်း R7 နဲ့ကံစမ်း" အစီအစဉ်မှ ရွှေခုနစ်ကျပ်သားကံထူးရှင်များကို ဂုဏ်ပြုပွဲနှင့် ကံစမ်းမဲနှိုက် ရွေးချယ်ထားသော ကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့ပါသည်။

ဆုပေးပွဲအခမ်းအနားမစမီတွင် အရည်အသွေးကောင်းမွန်သော Regal Seven ဘီယာချက်လုပ်ပုံကို ဘီယာချက်နည်းပညာရှင်များနှင့်အတူ လေ့လာခဲ့ကြသည်။

"ဆင်နွှဲလန်းဆန်း R7 နဲ့ကံစမ်း" သည် Regal Seven ပရိသတ်များအတွက် အရောင်းမြှင့်တင်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး မတ် ၁၅ ရက်မှ ဇွန်၁၅ရက်အတွင်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊မော်လမြိုင်၊ ပုသိမ်၊ မြစ်ကြီးနား၊ မကွေးမြို့တို့တွင် အဓိကပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပရိုမိုးရှင်းကာလအတွင်း ဝယ်ယူအားပေးသူများမှာ Regal Seven ပုလင်းအဖုံးတွင် ပါရှိသော ဆုမဲများကို ကံစမ်းနိုင်ခဲ့ပြီးဆုမဲများမှာ အပိုပုလင်းများအပြင် ငွေကျပ် ၄၀၀၊ ကျပ် ၇၀၀၊ ကျပ်၇၀၀၀ ဆုမဲများနှင့် ခုနစ်ကျပ်သားရှိရွှေဆွဲပြားများ ပါဝင်ခဲ့သည်။

Regal seven ပုလင်းအဖုံး အတွင်း R အမှတ်တံဆိပ်တွေ့ ရှိသူများကိုသာ ရွှေ ခုနစ်ကျပ်သားဆွဲပြား ကံထူးရှင်အဖြစ် သတ်မှတ်ခဲ့ပါသည်။

ဝယ်ယူအားပေးသူများအနက် ကံထူးရှင်ငါးဦးသည် အထူးကံကောင်းစွာဖြင့် ပုလင်းအဖုံးများအတွင်း Rအမှတ်တံဆိပ်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။၎င်းတို့မှာ ရန်ကုန်မှ ကိုအောင်ဘိုဘို၊ မကွေး မှ ကိုကြည်ဆွေ၊ မုတ္တမမှ ကိုဝင်းဇော်၊ ရန်ကုန်မှ ကိုအောင်ကျော်ခိုင်၊ မန္တလေး မှ ကိုအောင်ကျော်သူတို့ဖြစ်ပါသည်။

Regal Seven ၏ Marketing Manager ဖြစ်သူ မမြတ်ဖုန်းသန့်ကလည်း "ဆင်နွှဲလန်းဆန်း R7 နဲ့ကံစမ်း" ကို ပြုလုပ်ရတဲ့ရည်ရွယ်ချက်မှာ ဝယ်ယူအားပေးသူများအနေဖြင့် Regal Seven ကို သုံးဆောင်ရာမှ ပျော်ရွှင်မှု များနှင့် စိတ်လှုပ်ရှားမှုများကို မပြတ် ခံစားရရှိစေလိုတဲ့အတွက် ဖြစ်ပါတယ်။ပရိုမိုးရှင်းကာလအတွင်းမှာ ရွှေ ခုနစ် ကျပ်သားကံထူးရှင် ငါးဦးနဲ့ ကံထူးရှင် လေးဦး ပေါ်ပေါက်လာခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ရွှေ ၇ကျပ်သားဆုအား ကံမထူးခဲ့သော ဝယ်ယူအားပေးသူများအနေဖြင့် နောက်ထပ် ကံစမ်းမဲအစီအစဉ်တစ်ခုတွင် ပါဝင်၍ အထူးဆုတစ်ဆုလျှင် ကျပ် ၂၅သိန်းတန်ကြေးရှိသည့် အထူးဆုကြီး လေးဆုအား ထပ်မံကံစမ်းခွင့် ရရှိခဲ့ပါသည်။

အဆိုပါ ကံထူးရှင်များမှ မြင်းခြံမြို့မှ ကိုဇော်လင်း၊ ပေါင်မြို့မှ ကိုနေနိုင်ဝင်း၊ မိတ္ထီလာမြို့မှ ကိုတင်နိုင်ဝင်း၊ မန္တလေးမြို့မှ ကိုမင်းစိုးတို့ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**




# MPT က မြန်မာနိုင်ငံအနှံ့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆိုလာမီးအိမ် ၂၀၀၀ ကျော် ပေးအပ်လှူဒါန်းခဲ့

MPT သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆိုလာမီးအိမ်ပေါင်း ၂၀၁၄ လုံးကို လှူဒါန်းခဲ့ကြောင်း၊ ယင်းသို့ လှူဒါန်းပြီးခဲ့ကြောင်းကို ဇူလိုင်၂၇ ရက်ကပြုလုပ်ခဲ့သည့် လှူဒါန်းပြီးမြောက်ကြောင်း ဂုဏ်ပြုပွဲတွင် MPT မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

MPTသည် အဆိုပါအစီအစဉ်ကို "ရွှေသို့လှမ်းချီ လင်းလက်စေမည်" အစီအစဉ်အဖြစ်သတ်မှတ်၍ မန္တလေးမြို့ရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းအပါအဝင် တစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းပေါင်း ၆၃၂ ကျောင်းအား ဆိုလာမီးအိမ်ပေါင်း ၂၀၁၄ လုံးကိုလှူဒါန်းခဲ့သည်။

ယင်းဆိုလာမီးအိမ်များကို လှူဒါန်းနိုင်ရန်အတွက် MPT သည် ဖုန်းနံပါတ်အလှများအား လေလံတင်ရောင်းချခဲ့ရာ ကျပ်ငွေသန်းပေါင်း ၂၉၂ ဒသမ ၇ သန်း ရရှိခဲ့ပြီး အဆိုပါရောင်းချရငွေများအား ပင်နာဆိုးနစ်အမှတ်တံဆိပ် ဆိုလာမီးအိမ်များဝယ်ယူ၍ လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

"မြန်မာပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုရမယ်ဆိုတဲ့ အချက်က အရေးကြီးတယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။ ကျွန်တော်တို့ MPT အနေနဲ့ မြန်မာပြည်သူတွေရဲ့ ဘဝကို တိုးတက်စေဖို့အတွက် လျှပ်စစ်မီးမရရှိသေးတဲ့ ဒေသတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ထားပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ ပညာသင်ကြားနေကြတဲ့ ကလေးငယ်တွေအတွက် "ရွှေသို့လှမ်းချီလင်းလက်စေမည်"လူမှုအကျိုးပြုအစီအစဉ် အောင်မြင်ရခြင်းဟာလည်း MPT သုံးစွဲသူများရဲ့ စေတနာသဒ္ဓါတရားထက်သန်မှုကြောင့် ဖြစ်ပါတယ်။ အခုလို ဆိုလာမီးအိမ်တွေ လှူဒါန်းခြင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်" ဟု MPT-KSGM Joint Operation ၏ Chief Operation Officer ဖြစ်သူ မစ္စတာယိုရှိအာကီဘီနီနိုက ပြောကြားခဲ့သည်။

MPT သည် ဆိုလာမီးအိမ်များ လှူဒါန်းခြင်းကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ခဲ့ရာ ရန်ကုန်တိုင်း ဒေသကြီးတွင် ၂၃ လုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ၃၁၅ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၃၇ လုံး၊ မကွေးတိုင်းဒေသကြီးတွင် ၈၅ လုံး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အလုံး ၄၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၄၂ လုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၇၉ လုံး၊ ကယားပြည်နယ်တွင် ၇ လုံး၊ ကချင် ပြည်နယ်တွင် ၄၂ လုံး၊ ချင်းပြည်နယ် တွင် ၂၉ လုံး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)တွင် ၂၈ လုံး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် ၃၄ လုံး၊ မွန်ပြည်နယ်တွင် ၃၃ လုံး၊ ကရင်ပြည်နယ်တွင် ၇၉ လုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၂ လုံး၊ ရခိုင်ပြည်နယ်တွင် ၂၅၇ လုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄၄၂ လုံး၊ စုစုပေါင်း ၂၀၁၄ လုံး လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

MPT မှ ဝယ်ယူလှူဒါန်းခဲ့သည့် ဆိုလာမီးအိမ်များမှာ ပင်နာဆိုးနစ်အမှတ်တံဆိပ်များဖြစ်ပြီး Eneloop Solar Storage များဖြစ်သည်။ အဆိုပါဆိုလာမီးအိမ်သည် နေ့ပိုင်းတွင် နေရောင်ခြည်ဖြင့် အားသွင်းထားချိန်တွင် မိုးအုံ့ခြင်း၊ မိုးရွာနေခြင်းတို့ကြောင့် အလင်းအားနည်းနေပါက ၆ နာရီမှ ၈ နာရီကြာ အသုံးပြုနိုင်မည်ဖြစ်သည်။

နေရောင်ခြည်ဖြင့် တစ်ကြိမ်အားသွင်းလျှင် ငါးနာရီကြာမျှ အားသွင်းထားရုံဖြင့် ၂၄ နာရီ ခန့်အသုံးပြုနိုင်မည် ဖြစ်သည်။ မီးအိမ်ကို ငါးနှစ်ကြာအသုံးပြုနိုင်မည်ဖြစ်ပြီး ဘက်ထရီများကို လဲလှယ်အသုံးပြုနိုင်မည်ဖြစ်သည်။ ပြင်ဆင်ထိန်းသိမ်းစရိတ်ကုန်ကျမှုမရှိသည့်အတွက် ငွေကုန်ကြေးကျသက်သာမည်ဖြစ်ပြီး ယူအက်စ်ဘီကြိုးမှတစ်ဆင့် မိုဘိုင်းဖုန်းများကိုလည်း အားသွင်းနိုင်မည်ဖြစ်ရာ ဆက်သွယ်ရေးလုပ်ငန်းများတွင် ပိုမိုအဆင်ပြေမှုရှိလာမည်ဖြစ်သည်။

ထို့ပြင် အဆိုပါအခမ်းအနားတွင် MPT သည် မန္တလေးမြို့ရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းအားဆိုလာမီးအိမ် အလုံး ၅၀ကို ထပ်မံလှူဒါန်းခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# ကမ္ဘောဇဘဏ်က ဘဏ္ဍာရေးဆိုင်ရာ ချစ်စဖွယ် Viber Sticker များအား စတင်မိတ်ဆက်

ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံ ရှိ Viber သုံးစွဲသူ ၂၄ သန်းကျော်အကြား ပုဂ္ဂလိက ဘဏ္ဍာရေးဆိုင်ရာများအကြောင်း စိတ်ဝင်စားမှုမြင့်တက်လာစေရန် Strength of Myanmar အမည်ရ sticker များကို အခမဲ့ ဖြန့်ဝေခဲ့သည်။ အဆိုပါ sticker များတွင် ငွေကြေးဆိုင်ရာအခြေအနေ မျိုးမျိုးကို ပျော်စရာဟာသ sticker များ၊ မှတ်မိလွယ်သည့် စကားစုများနှင့် ပုံဖော်ထားသည်။ မြန်မာနိုင်ငံ၏ နံပါတ်တစ်ဆိုရှယ်မီဒီယာ application တစ်ခုဖြစ်သည့် Viber sticker ဈေးကွက်တွင် ဘဏ်လုပ်ငန်းစုတစ်ခုအနေဖြင့် ဘဏ္ဍာရေးနှင့်ပတ်သက်သည့်အကြောင်း အရာများကို sticker အသွင်ဖြင့် ဖြန့်ဝေသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

မြန်မာတို့သည် chat application များနှင့် sticker အသုံးပြုမှုကို နှစ်သက်သည့်အလျောက် ကမ္ဘာ့ထိပ်တန်းအက်ပလီကေးရှင်းဖြစ်သည့် Viber ကို မြန်မာနိုင်ငံလူဦးရေ၏ ၂၄ သန်းကျော်က သုံးစွဲနေပြီဖြစ်ရာ ကမ္ဘောဇဘဏ်မှ ယခုကဲ့သို့ sticker ဖြန့်ဝေမှုသည် ကောင်းမွန်သည့် နည်းလမ်းတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

"မြန်မာနိုင်ငံမှာ ဆိုရှယ်မီဒီယာများရဲ့ အခန်းကဏ္ဍက ဘယ်လောက် အရေးပါတယ်။ မိမိပြောချင်တာကို ကိုယ်စားပြောပေးမယ့် sticker တွေကို ဘယ်လိုကြိုက်တယ်စတဲ့ အကြောင်းအရာတွေကို ကျွန်မတို့သိရှိနားလည်ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်မတို့ရဲ့ နေ့စဉ်ဘဝမှာ အရေးပါတဲ့ငွေကြေးဆိုင်ရာ ကိစ္စရပ်တွေကို လူတွေပိုမိုသိရှိနား လည်လာစေဖို့၊ သတိပြုမိလာစေဖို့ ခုလို ပျော်စရာ sticker လေးတွေကနေတစ်ဆင့် ဆောင်ရွက်လိုက်တာဖြစ်ပါတယ်"ဟု ကမ္ဘောဇကုမ္ပဏီအုပ်စုမှ Creative Director နှင့် Brand Communications တာဝန်ခံဖြစ်သူ ဒေါ်ဇင်မာဝင်းက ပြောကြားခဲ့သည်။




"ကမ္ဘောဇအုပ်စုမှ ဝန်ထမ်း ၈၀,၀၀၀ ကျော်နှင့်အတူ ကမ္ဘောဇဘဏ်ဝန်ဆောင်မှုများကို အသုံးပြုနေကြသူတွေနဲ့ မိဘပြည်သူတွေ ဒီ Viber sticker လေးတွေကို ကြိုက်နှစ်သက်ကြမှာ သေချာပါတယ်။ ကမ္ဘောဇဘဏ်ဟာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့အတွက် သုံးစွဲသူများထက် အမြဲရှေ့ပြေးနေတဲ့အလျောက် အခုလိုဆန်းသစ်တဲ့ နည်းလမ်းတွေကို သုံးပြီးသုံးစွဲသူများနဲ့ ရင်းနှီးအောင် ကြိုးပမ်းရတာဖြစ်ပါတယ်" ဟု ဒေါ်ဇင်မာဝင်းက ထပ်မံပြောကြားသည်။

မြန်မာနိုင်ငံတွင် ရေပန်းစားလျက်ရှိသည့် Viber ကို အသုံးပြုပြီး Strength of Myanmar sticker ကို ဖြန့်ဝေခြင်းသည် မြို့ပြကျေးလက်မကျန် စမတ်ဖုန်းအသုံးပြုသူများအကြား ငွေကြေးဆိုင်ရာနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှုများမြင့်တက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ယင်း sticker များတွင် မောင်မောင်နှင့် မီးမီးဟူ၍ လူငယ်ကောင်လေးနှင့် ကောင်မလေးပုံစံဖြင့် ဇာတ်ကောင်နှစ်ဦးပါဝင်ပြီး ငွေကြေးနှင့် ဘဏ္ဍာရေး ဆိုင်ရာအကြောင်းအရာများကို မြန်မာ့ယဉ်ကျေးမှုအပေါ် အခြေခံကာ နေ့စဉ်ဘဝတွင် သုံးစွဲနေကျ ဘန်းစကားတို့ဖြင့် ဟာသမြောက်စွာ သရုပ်ဖော်ထားသည်။

**မယ်သီတာ**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တာမွေမြို့နယ်၊ ဗိုလ်ကြီးရေအိုးစင်လမ်းသွယ် | ၆၅၀ စ/ ပေ | အခန်းဖွဲ့ လေးလွှာ | ၃၈၀ သိန်း | | ၀၉/ ၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ ပေ | အခန်းဖွဲ့ ငါးလွှာ | ၃၅၀ သိန်း | | ၀၉/ ၂၅၀/၃၇၂၁၅၈ |
| ၃။ | မြေ | ဒဂုံမြို့သစ်(မြောက်)၊ (၄၈) ရပ်ကွက် | (၆၀ x ၈၀) ပေ | မြေသီးသန့် | ၁၂၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | ဒဂုံမြို့သစ်(မြောက်)၊ (၄၄) ရပ်ကွက်၊ နဝရတ်လမ်းသွယ် | (၄၀ x ၆၀) ပေ | မြေသီးသန့် | ၇၉၀ သိန်း | မင်းရဲကျော်စွာအနီး | ၀၉/၉၇/၆၃၁၁၂၃ |
| ၅။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/ခ) ရပ်ကွက် လမ်းသွယ် | ၇၅၀ စ/ ပေ | တိုက်ခန်းသစ် အခန်းဖွဲ့ (၄) လွှာ | ၄၅၀ သိန်း | | ၀၉/၉၇/၆၃၁၁၂၃ |
| ၆။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | ၃၀၀၀ စ/ပေနီးပါး အိမ် (၃၀ x ၃၅) ပေ | RC ၁ထပ်၊ ၂လုံးပါ BR (၁) ခန်း | ၅၅၀ သိန်း | ၂ကွက်တွဲ | ၀၉/၅၆/၃၀၇၀ |
| ၇။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အပိုင်း(၁) | မြေ(၆၄၀၀)စ/ ပေ အိမ်(၂၄၀၀) စ/ပေ | RC (၂) ထပ် MB (၃) ခန်း | ၃၅ သိန်း | ညှိနှိုင်းနိုင် ၁လ အငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကားလမ်း | (၄၀ x ၆၀) ပေ | ရွာအနီးမြေသီးသန့် | ၆၅ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ ဆင်ခေါင်းလေး | (၄၀ x ၆၀) ပေ | မြေသီးသန့် | ၂၅၀ သိန်း | ရွာမြေ | ၀၉/၅၁/၁၇၂၆၂ |

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ကလူဂျာ | 9H | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | တိုယိုတာ (အစ်စလန်) (၂၀၀၃) | 5K | ၂၁၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ်(၂၀၀၃) | 5I | ၂၅၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | စက်ရုပ်ကာလ်ဒီးနား(၂၀၀၂) | 7F | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | 9D | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ခွေးဘီလူး/ပစ်ကပ် | 3F | ၅၀ သိန်း | ၆၆၀ စီစီ |
| ၈။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ဗီလ်ဒါ (၂၀၀၃) | EE အနီ | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ |

# ရှေးခေတ်ဟောင်းမှ အောက်မေ့ဖွယ် အနှစ်ကလေးများ

|ကြည်ဟန်- ဟသ်ာတ|

လူတိုင်းလူတိုင်းမှာ မမေ့နိုင်တဲ့ဖြစ်ရပ်ဟောင်းကလေးတွေ ရှိစမြဲပါ။ အဲဒီဖြစ်ရပ်ဟောင်းကလေးတွေက ဟောင်းနေပေမယ့်လည်း တိုက်ဆိုင်မှုရှိခဲ့ရင်တော့ ပြန်လည်သတိရတတ်တာက ဓမ္မတာလို့ပြောရမှာပါ။ အထူးသဖြင့် ကျွန်တော်တို့လို ကုန်သွယ်လယ်ယာ ဝန်ထမ်းတွေအနေနဲ့ကတော့ တစ်နယ်ကနေတစ်နယ်၊ တစ်မြို့ကနေတစ်မြို့ ပြောင်းရွှေ့အမှုထမ်းနေရလေတော့ မမေ့နိုင်တဲ့ ဖြစ်ရပ်ကလေးတွေဟာ အမြို့မြို့အနယ်နယ်မှာ ထင်ကျန်ရစ်နေဆဲပါ။

ဝန်ထမ်းဘဝတစ်လျှောက်လုံး ဒီနေ့အထိ သင်ယူခဲ့သင်ယူဆဲ လေ့လာခဲ့လေ့လာဆဲတွေဟာလည်း ကျွန်တော့်အတွက် မမေ့နိုင်သလို အဖိုးမဖြတ်နိုင်တဲ့ အမှတ်တရလေးတွေလို့ဆိုရမှာပါ။ ပြီးခဲ့တဲ့ဇွန်လ ၁၃ ရက်နေ့က ဧရာဝတီတိုင်းစားသုံးသူရေးရာဦးစီးဌာနရုံးမှာ “ ဆန်စပါးလုပ်ငန်းနဲ့ပတ်သက်၍ အခြေခံပြန်လည်မွမ်းမံခြင်းနှင့်ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း ” ကိုပို့ချပေးခဲ့ပါတယ်။ အဲဒီသင်တန်း ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်ဦးစီးမှူးတွေ အကုန်တက်ရောက်ခဲ့ကြရပါတယ်။ အဲဒီ သင်တန်းမှာ ပို့ချခဲ့တဲ့ အကြောင်းအရာတွေကို ကြားခဲ့ရတဲ့အခါမှာတော့ ကျွန်တော်ရဲ့ဝန်ထမ်းဘဝအစမှာ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ကုန်သွယ်လယ်ယာ ခေတ်တစ်ခေတ်ဆီက အကြောင်းအရာလေးတွေ၊ သင်ကြားခဲ့ရတာတွေ၊ အလွတ်ကျက်မှတ်ခဲ့ရတာတွေကို ပြန်ပြောင်းသတိရ မိခဲ့ပါတယ်။

ကျွန်တော် ၁၉၈၁ခုနှစ်က အမြဲတမ်းဝန်ထမ်းဖြစ်တော့ မြို့နယ်မန်နေဂျာ က စက်တာဝန်ခံအဖြစ် ကျွန်တော့်ကို အမိန့်ထုတ်ပေးတယ်၊ ဆရာကပြောတယ်။ အဝယ်ပိုင်းထက်စာရင်ဆန်စက်ကပိုပြီးပညာ ပါတယ်၊ မင်းကိုတတ်စေချင်တယ်တဲ့။ ဒီလိုနဲ့ ကျွန်တော်လည်း ဘာမှ မသိဘဲဒိုင်ဝန်ထမ်းဘဝကနေ ဆန်စက်တစ်စက်ရဲ့ စက်တာဝန်ခံ (Inspector) ဖြစ်ခဲ့ရတယ်၊ စက်ကိုမသွားရသေးခင်မြို့နယ်ရုံးမှာပဲ ဝယ်ရောင်း မန်နေဂျာဖြစ်တဲ့ ကျွန်တော်ဆရာကစာမျက်နှာငါးမျက်နှာလောက်ရှိတဲ့ သူ့ရဲ့ဒိုင်ယာရီထဲက စာပိုဒ်တွေကို ကူးခိုင်းတယ်၊ ပြီးတော့ အလွတ်ကျက်ပြီးသုံးရက်မြောက်တဲ့နေ့လာဆိုခိုင်းတယ်၊ ကျွန်တော်လည်းကူးပြီး အလွတ်ကျက်ကာ ပြန်ဆိုခဲ့ရတယ်၊ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ အခုချိန်ထိ တချို့မှတ်မိနေမိတယ်။ ဆန်ထွက်နှုန်းကောင်းဖို့စက်တာဝန်ခံ လုပ်ဆောင်ရမယ်ဆိုတဲ့ကဗျာတွေပါ။

**စက်ထဲမရောက်ခင်စပါးကိုစစ်ဖို့အတွက်တော့** “ အစို၊ ဖုံသဲ၊ မျိုးကွဲ၊ ဆန်နီ၊ မညီလုံးညှပ်၊ သိမှတ် ဝါရောင်၊ စဉ်းပေါင်ကတ္တား စစ်လေငြားတည့် ”တဲ့။ ဆန်စက်မှာကြိတ်ခွဲရေး စက်ပစ္စည်းပိုင်းမှာ ဖုံချ ဆန်ကာအပိုင်း၊ စပါးအခွံခွာပိုင်း၊ စပါးနဲ့လုံးတီးခွဲတဲ့ အပိုင်း၊ ဆန်ဖြူဖွပ်တဲ့ အပိုင်းနဲ့၊ ဆန်ချဆန်ကာပိုင်း ဆိုပြီး ငါးပိုင်းရှိပါတယ်။ စပါးကြိတ်ရင်ထွက်လာတဲ့ဆန်နဲ့ ဆန်ထွက်ပစ္စည်းကဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဆန်နုတ်၊ ဖွဲကြမ်းဆိုပြီး ငါးမျိုးထွက်ရှိပါတယ်။ ငါးပုံဆိုပြီး နာမည်ပေးထားတဲ့ ကျောက်က ငါးပုံ ပုံလျှင် စပါးတစ်ပုံချန်ပြီး အခွံခွာနိုင်လို့ ငါးပုံလို့နာမည်ပေးတာတဲ့”

ဖုန်ချဆန်ကာ “အပေါ်ဆန်ကာအမှိုက်ခါ၍ အောက်ထပ်ဆန်ကာဖုန်ကိုခါသည်၊ လှဲကျရှိမရှိကြည့်လေဘိလော့”၊

**ငါးပုံ** “ ငါးပုံကောင်းလျှင်ခွဲစာတွင်သွင်ပြင်စာ ပါးစပ်၊ ခွဲစာများလျှင် ကျောက်မြင့်တင်၊ ကျိုးလျှင်ကျောက်နှိုပ်အပ်၊ စပါးယက်ကြိုး၊ ပန်းတောင်း ဆိုးကောင်းကျိုးမပေးတည့် ”

**ဆန်ဖြူကျောက်** “ ကစ်ဆန်ကာ ခြောက်တစ်မတ် ကျောက်မတ်တပ်တွဲနေ စဉ်မပြတ်လုံးတီးတွေကို ပွတ်မလေသူချည်း၊ ကျောက်နောက်သို့ ဆန်မပါအောင်၊ ရော်ဘာထောင် ဘေးကကာဆီး၊ ဆန်ကာပေါက်ဖွဲနုကျော် ဆန်ဖြူနော်ဖြစ်ပြီး မှန်မမှန် စစ်နည်း-------- အဲဒါတွေကျက်ခဲ့ဆိုပြီး ပြန်ဆိုခိုင်းတယ်။ အဲဒီတုန်းကဆန်စက်တွေရဲ့ ဖွဲ့စည်းပုံကို စက်ထဲမရောက်ဘူးသေးပေမယ့် ကဗျာတွေအလွတ်ကျက်ရင် တစ်ခုချင်း ဘာလုပ်တယ်ဆိုတာသိနေသလိုပါပဲ၊ ကျန်တာတွေမေ့နေလို့ပါ၊ ကျွန်တော်ပြောချင်တာက ယခုဆန်စက်ယူနစ်တွေက တိုးတက်လာကြတယ်၊ မတူတော့ပါဘူး၊ ပိုကောင်းတာတွေ့ရပါတယ်၊ ဖုန်ချဆန်ကာနေရာမှာ Paddy Cleaner, Destoner ပါလာပြီး၊ ငါးပုံနေရာမှာ ၁၄ လက်မ ရော်ဘာရိုလာ ” တွေ ဆန်ဖြူကျောက်နေရာမှာ 15 A တို့ 18E တွေဖြစ်လာတယ်၊ ဆန်ဖြူဆန်ကာမှာဆန်ကာလုံးတို့ “color sorter” တို့ရှိလာတယ်။ စပါးအရည်အသွေးကောင်းလာတယ်၊ စက်ယူနစ်ကောင်းလာတယ်၊ ကျွန်တော်တို့ စက်တာဝန်ခံဘဝတုန်းကတော့ ဆန်အရည်အသွေး၊ ဆန်ကွဲအရည်အသွေးစစ်ဖို့ ဆန်ထိုးကလောင်ရယ်၊ ဆန်ကောရယ်၊ ၇လက်မဖန်ပြွန်ရယ် ဆန်ကာလုံးရယ်၊ ဆန်ကွဲချဆန်ကာရယ်၊ ဆန်အရှည်တိုင်းတဲ့ နဖာကလော်လို အချောင်းလေးတွေရယ်ရှပ်နေတာပါ။ ဆန်စက်တာဝန်ခံသာမက မြို့နယ်ရုံး လက်ထောက်တိုင်းရုံးမှာလည်း ဆန်ရွေးအဖွဲ့တွေဟာ လက်ညှိုးသိပ်ညောင်းတယ် ၊ဆန်ရွေးရတာ(ဆန်ရွေးတာအဓိကလိုပါပဲ)ယခုတော့မရှိတော့ပါ၊ ဆန်စက်တွေမှာလည်း အဲဒီမြင်ကွင်းတွေမရှိတော့ပါ၊ ကျွန်တော်တို့အနံ့မဲ့ ပေါင်းဆန်ကြိတ်တဲ့ အချိန်တုန်းက ပေါင်းကပ်ဆန်အမဲစေ့လေးတွေတော်တော်ဒုက္ခပေးတယ်၊ အဲဒီတုန်းကကျွန်တော့်ဆရာ လက်ထောက်တိုင်းမန်နေဂျာကြီးကပြောတယ်၊ အနက်စေ့ကောက်စားတတ်အောင်ကြက်တွေကို Train လုပ်လို့ရရင် ကောင်းမယ်လို့ရယ်စရာပြောတယ်၊ အဲဒီတုန်းက အနံ့မဲ့မှာပါတဲ့ အနက်စေ့ကို လုပ်သားနဲ့ကောက်ရတယ်၊ အခုတော့ color sorter တဲ့၊ ဆန်ထဲဘာ မပါချင်လဲပြောအားလုံး ဖြစ်တယ်။

အဲဒီတုန်းက နိုင်ငံခြားကိုရောင်းတဲ့ဆန်က Super 100% ကစပြီး၊ Super 5% , Super 10% , E,Bur 15% , 25% နဲ့ 35 % တို့တွေရှိတယ်၊ အဲဒီဆန်တွေမှာ သတ်မှတ်တဲ့ (ဆန်သား၊ ဆန်ကွဲကြီး၊ ဆန်ကွဲ)ရာနှုန်းတွေရှိတယ်။ (spec-တွေရှိတယ်)၊ မပါရမယ့် ဆန်ကွဲကိုဆန်ကာနဲ့ချတာရှိတယ်၊ အရှည်နဲ့တိုင်းတာရှိတယ်၊ ကျွန်တော်ပြောတဲ့ နဖာကလော်ဆိုတာ ပျမ်းမျှဆန်လုံးပြည့်အရှည်နဲ့ တွက်ချက်ပြီး(ဆန်သား၊ ဆန်ကွဲကြီး၊ဆန်ကွဲ) တို့ရဲ့ အရှည်တွေကိုတိုင်းဖို့ ဒန်ချောင်းကို ထိပ်ပြားပြီး ပြန်သွေးထားတာ နဖာကလော်ပုံစံပေါ့၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အရန်ဆန်ကြိတ်ပို့တဲ့အချိန် ကျွန်တော်က မြို့နယ်တာဝန်ခံ၊ ကျွန်တော့်မြို့နယ်က WFP ကို ပေးရတဲ့ဆန်မှာလာယူတဲ့သူက ဆန်သားဆိုတာ လုံးဝမကျိုးတဲ့ဆန်လုံးပြည့် ဆိုပြီး 75% ယူတယ်၊ ကျွန်တော်က ဆန်လုံးပြည့်ရယ် ဆန်သားရယ်ဆိုတာမတူဘူး၊ ဆန်လုံးပြည့် အရှည်ပေါ်မှာ (. ၇၅)တို့ (. ၈၀)တို့ဆိုပြီးအရှည်ရှိတယ်၊ စာချုပ်ထဲမှာ ရေးထားတာ ရှင်းပြတယ်မရဘူး၊ ဒါပေမယ့် စက်ပိုင်ကသူပြောတဲ့အတိုင်း ဆန်ကာချပြီး ပေးလိုက်တယ်၊ E-25% က ဆန်သား ၈၀ လောက်ဖြစ်နေတယ်၊ကျွန်တော်တို့ စက်တာဝန်ခံဘဝတုန်းက ဆန်သား ၆၀ သတ်မှတ် တာကို ၆၅ ဖြစ်ရင် ဆန်ထွက်ဘယ်လောက်နာတယ်ဆိုတာ တွက်ရတယ်၊ ဆန်တိုင်းကြည့်လို့ ဆန်သား တွေသိပ်များနေရင် လာစစ်တဲ့ဆရာက နိုင်ငံတော်ဆန်တွေကို အသားလွတ်ဖြုန်းနေတယ်၊ အရေးယူ မယ်လို့ဆူတော့ဆဲတော့တာပဲ၊ ချက်ချင်းကလောင်ထိုးပြီး စက်ပေါ်တင် ဆန်ကွဲရောရတယ်၊ ယခုတော့ ထိပ်စ၊ အလတ်စ၊ အောက်စဆန်တွေပဲရှိတယ်။

ဟိုတုန်းက စပါးတင်း ၁၀၀ မှာ အပေါ်ပတ်လည် (ဆန်၊ ဆန်ကွဲ၊ ဖွဲနု) ပေါင်ချိန်ပေါင်းရင် (၃၄၀၀) ပေါင် အောက်က ဆန်နုတ်ကပေါင် ၃၀၊ ဖွဲကြမ်းကပေါင် ၁၀၀၊ ဖုန်သဲခဲပေါင် ၇၅၊ စပါးခွံ ၉၉၅ပေါင်၊ ပေါင်၁၂၀၀ စုစုပေါင်းတော့ ၄၆၀၀ ပေါင်တဲ့၊ အဲဒီတုန်းက “ ဖုန်ခဲသဲ စပါးတစ်တင်းတစ်ပေါင်ကျော်ရင် အပေါ်ပတ်လည်ထိခိုက်တယ်တဲ့၊ ဆန်ထွက်နှုန်းထိခိုက်တယ်တဲ့ စပါးခွံပေါင် ၁၀၀၀ ကျော်ရင် စပါးခွံထဲမှာ ဆန်ကွဲပါတယ်၊ ဖွဲခွဲပိုက်ကိုအိတ်ကြီးနဲ့စွပ်ပြီး ဖမ်းရတာကတမျိုး ဆန်ထွက်နည်းမှာ စိုးလို့ပါ၊ (ဆန်ဖြူကျောက်)နောက်ဆုံးကျောက်ထွက်နဲ့ ဆန်ထွက်နှုန်းတွက်လို့ရတယ်၊ ဆန်ကွဲမှာလည်း အရည်အသွေးခွဲတာရှိတယ်၊ Aဆန်ကွဲ B ဆန်ကွဲခွဲတယ်။ ပြီးတော့ ဆန်ကာပေါ်တင်တာကြည့်ပြီးခွဲတယ်၊ အဲဒီတုန်းက ဆန်ကာအမှတ်တွေက ဆန်ချဆန်ကာအမှတ်တွေပဲ (6 မှ 8 ½)ထိ ဆန်ခွဲချရာမှာ သုံးတယ်၊ ကျွန်တော်တို့က အလွယ်မှတ်တယ်၊ (8½ ,8, 7, 6½ ,6) အဲဒီဆန်က(၆) ချပ် မှာ

➲ စာမျက်နှာ ၂၄ သို့





## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
### စီးပွားရေး အကြံပေး ဟောကိန်း
### ၁-၈-၂၀၁၆ မှ ၇-၈-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ဆရာသမားများနှင့်တွဲဖက်လုပ်ကိုင်ခြင်းကြောင့် စီးပွားရေးအောင်မြင်မှုရရှိပြီး စည်းစိမ်ရှင်ဖြစ်နိုင်ပါသည်။ ပညာရေးတွင် ကြိုးစား မှုပေါ် မူတည်၍ ပညာတတ်ကြီးဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိ ကအလွန်စိတ်ကောင်းထား၍ အလိုလိုက်သော်လည်း နောက်ဆုံး၌ မိမိကိုလှမ်းမိုး၍ သွားမည့်သူနှင့်သာဆုံဆည်းရတတ်ပါသည်။ ကျန်းမာရေးတွင် ပင်ပန်းနွမ်းနယ်မှု ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ အုတ်၊ သဲကျောက်ဖြင့် လမ်းခင်းခြင်းဒါနပြုပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ကောင်းနှလုံးကောင်းရှိနေမည်။ ထက်မြက်၍စိတ်လိုက်မာန်ပါပြုလုပ်တတ်သည်။ ရည်ရွယ်ချက်မရှိဘဲ အလုပ်အကိုင်များကို လုပ်ကိုင်နေမည်။ ပညာဉာဏ်ကောင်းမည်။ ပညာရေးထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး တွင် ကောင်းသော ချမ်းသာသောသူနှင့် အကြောင်းပါ၍ ချမ်းသာစွာနေရတတ်ပါသည်။ ကျန်းမာရေးတွင် အစားအသောက်ဆင်ခြင်မှုအားနည်းသောကြောင့် ဝမ်းဗိုက်ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ **ယတြာ။ ။ ဘယာကျော်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်ကိစ္စမဆိုမဖြစ်မနေလုပ်တတ်သောဝါသနာရှိနေမည်။ လုပ်ငန်းခွင်အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိနေမည်။ စီးပွားရေးတွင် ဝင်ငွေထွက်ငွေ တန့်နေလိမ့်မည်။ လုပ်ငန်းအဆင်ပြေမှုအားနည်းနေမည်။ ပညာရေးတွင် အလွန်မကြိုးစားဘဲ အောင်မြင်နိုင်သော ဦးနှောက်ကောင်းရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ညီတူညီမျှရှိနေမည် သာယာပျော်ရွှင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် ထိခိုက်ဒဏ်ရာရတတ်သည်။ ၎င်းဒဏ်ရာမှ ဝေဒနာဖြစ်တတ်ပါသည်။ **ယတြာ။ ။ ကြာဆန်ကြော်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မှန်မှန်အေးအေးနေတတ်ပြီး နေရာတကာ၌ ဆရာလုပ်လိုစိတ်ရှိသဖြင့် ဩဇာအာဏာရှိသူအကြီးအကဲဖြစ်မည်။ စက်ရုံ၊ အလုပ်ရုံတို့တွင်ကြီးပွားချမ်းသာမှုရရှိမည်။ ဉာဏ်ပညာထက်မြက်နေမည်။ အမြဲသူများနှင့်ယှဉ်ပြိုင်နေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လှပချောမောပြီးစွဲမက်စရာရှိသူနှင့်ကြုံမည်။ တော်ဝင်သူဖြစ်မည်။ ကျန်းမာရေးတွင် အရေပြားအနာများဖြစ်သော ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ဖျော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** အပေါင်းအသင်းကောင်းသဖြင့် အပေါင်းအသင်းထဲမှ စီးပွားရေးတူညီမှုရရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ယခုလက်ရှိလုပ်ငန်းထက်တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ပညာရေးကံကောင်းပြီး အောင်မြင်မှုရရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးမှုရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အဖျားကြီးသော ရောဂါတိုက်ဖွိုက်ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** မှန်မှန်နှင့် အေးအေးနေတတ်ပြီး စီးပွားရေးတွင် သိုသိပ်သပ်ရပ်မှုရှိနေမည်။ ရတနာပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနေလိမ့်မည်။ ပညာဉာဏ်ထက်မြက်ပြီး အောင်မြင်မှုရရှိမည်။ အချစ်ရေးတွင် ချစ်ခင်သူများ ဝိုင်းဝိုင်းလည်နေတတ်သည်။ ရွေးချယ်ရန်ခက်နေမည်။ အိမ်ထောင်ပြုရန်ကြန့်ကြာနေမည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်ဥပဒ် ပေးတတ်သည်။ ရောဂါမကြာရှည်တတ်ပါသဖြင့်ဒည့်ရောဂါဖြစ် မည်။

**ယတြာ။ ။ ဘုရား၊ ကျောင်း၊ ဇရပ်တို့တွင် သန့်ရှင်းရေးတံမြက်လှည်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေး အောင်မြင်နေမည်။ စွန့်ပစ်ပစ္စည်းများ လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေကောင်းမည်။ ကုမ္ပဏီလုပ်ငန်း တိုးတက်မှုရှိနေမည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့်ပြန်လည်ဆုံတွေ့ရလိမ့်မည်။ အိမ်ထောင်ရေး တာဝန်ပျက်ကွက်မှုများနေမည်။ ကျန်းမာရေးအနေဖြင့် လေရောဂါဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။သောက်သုံးရေလှူပါ။**

# ပင်းတယမြို့နှင့် တောင်ကြီးတက္ကသိုလ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူးရုံးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနနှင့် ပူးပေါင်း၍ ဇူလိုင် ၁၃ ရက်တွင် ပင်းတယမြို့ အထက နှင့် ပင်းတယမြို့နယ် ပွေးလှရွာ အထကတို့တွင် လည်းကောင်း၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေ ဦးဆောင်ပြီး ရုံးအုပ် ဦးခွန်ကျော်ဌွေးနှင့် အငယ်တန်း စာရေး ဒေါ်မွန်မွန်သီတာထွန်းမြင့်တို့ပါဝင်သော ဝန်ထမ်းများသည် ဇူလိုင် ၁၅ ရက်တွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် တာဝန်ရှိသူအသီးသီးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်များ၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ အန္တရာယ်ရှိသော စားသုံးဆီ၊ ဆိုးဆေးနှင့် ခဲဆိပ်ပါသော စားသောက်ကုန်၊ အေးခဲအသားများ အကြောင်း၊ ကွမ်းယာ၊ ဆေးလိပ်၊ အရက်၊ ဘီယာ သုံးစွဲခြင်း၏ ဆိုးကျိုးများကို အသိပညာပေး ဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၄၅၁ ဦး တက်ရောက်ခဲ့ကြပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရှမ်းပြည်နယ်အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ပထမ သုံးလပတ်ကာလအတွင်း လုပ်ငန်းရှင်များနှင့် ဆွေးနွေးခြင်း၊ ဈေးနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ သက်တမ်းလွန်ဆေးပစ္စည်းနှင့် စားသောက်ကုန်များ မီးရှို့ဖျက်ဆီးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၆၈ ကြိမ်၊ ရှမ်းပြည် နယ်အရှေ့ပိုင်းတွင် ၄၄ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၇၇ ကြိမ်၊ စုစုပေါင်း ၁၈၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး တက်ရောက် သူ ၃၃၀၀၀ ဦးရှိကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# ပရဆေး အပို့ရော အသွင်းပါရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇူလိုင်လ တတိယပတ်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၄ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၁ မျိုး၊ ၁၉၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ မာလာဥခေါင်း၊ တောချင်း၊ တောင်လုံးကျော်၊ ဆီးဆန်၊ ရွှေရွက်၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ချဉ်ပေါင်ဖာလာ၊ ဝဥခြောက်၊ ဒရင်ကောက်မြစ်နဲ့ ကွမ်းစားဂမုန်းတို့ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ လည်း အမေရိကန်ဒေါ်လာ ၂၀၆၈၅၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၂၉၅ တန်ခွဲ တင်ပို့ ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၉၂၈၉ တန်ဖိုးရှိ နွယ်ချို ၃၆ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ပရဆေးကုန်ကြမ်းတွေကို တင်ပို့မှုရှိသလို တင်သွင်းမှုလည်းရှိတာ တွေ့ရပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၄၉၁၄ တန်ဖိုးရှိတဲ့ တောင်လုံးကျော် တစ်တန်၊ ဆောင်းမေခါး တစ်တန်နဲ့ ဟင်းရိုင်း နီ တန်ဝက်ခန့် တင်သွင်းခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်နီးပါးကို တင်သွင်းမှုရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်မျိုးစုံ တင်သွင်းမှုလျော့ကျ

ဇူလိုင်လ တတိယပတ်အတွင်း ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၂၃ သန်း တန်ဖိုးရှိ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယတို့မှ ဆိုင်ကယ် ၁၁၄၆၄ စီးတင်သွင်းခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်ထက် စီးရေ ၂၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ပေမယ့် တရုတ်နယ်စပ်မှ မူဆယ်၊ လွယ်ဂျယ်၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ တရုတ်ဆိုင်ကယ်စီးရေ ၁၀၀၀၀ ကျော်၊ တာချီလိတ်နဲ့ မြဝတီကုန်သွယ်ရေးစခန်းများမှ ယိုးဒယားဆိုင်ကယ် ၁၂၉၂ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အန္ဒိယဆိုင်ကယ် ၅၅ စီး အသီးသီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ ဆိုင်ကယ်များ တင်သွင်းမှု လျော့ကျသော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၉ သန်း တန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၂၃၄ စီး တင်သွင်းခဲ့တဲ့အတွက် ဇူလိုင်ဒုတိယပတ်ထက် သုံးဘီးဆိုင်ကယ် ၁၇၇ စီး ပိုမိုတင်သွင်းနိုင်တယ်လို့ ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

➲ စာမျက်နှာ ၂၃ ရှေးခေတ်ဟောင်းမှ အောက်မေ့ဖွယ် မှအဆက်

(8 ½) ပေါ်တင်ရင်(Extra- အထူးဆန်ကွဲ)8 ပေါ်တင်ရင်၊ နံပါတ် 1,7 ပေါ်တင်ရင်၊ နံပါတ်2, 6 ½ ပေါ်တင်ရင်နံပါတ် 3, 6 ပေါ်တင်ရင် 4, 6 အောက်ကျရင် ၅၊ ၆ (ပွိုင့်)တဲ့၊ အဲဒီဆန်ကွဲမှာ အမှတ် ၁၀၀ ဖန်ပြွန်ထဲမှာထည့်ပြီး အဲဒီဘန်ကာနဲ့ချကြည့် (2,3,4)ဆန်ကွဲဆိုတာ 7 ပေါ်မှာ တင်တာ 25%, 6 ½ ပေါ်မှာတင်တာ 50%, 6 ပေါ်မှာတင်တာ 25% တင်ရမယ်တဲ့၊ အဲဒါမှ (2,3,4) တဲ့ အရင်တုန်းကတော့ တော်တော်မှတ် ရတဲ့ကိစ္စတွေပါ၊အခုတော့ ဘယ်မှာမှမတွေ့ရ သလောက်ပါ။

ကျွန်တော်တို့ ကုန်သွယ်၊ လယ်ယာခေတ် စပါးဝယ်ယူချိန်က နိုင်ငံခြားကို ဆန်တွေပို့တာမှာ ကျွန်တော်ဝယ်/ဂျာဖြစ်တဲ့အထိ နမူနာထုပ်တွေနဲ့ နပန်းလုံးခဲ့ရတာတွေပါ။ အဲဒီတုန်းကတက်လိုက် ရတဲ့ ကြိတ်ခွဲရေးသင်တန်းတွေ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆန်နမူနာထုပ်တွေချပြီးတိုင်းကြ၊ ငြင်းကြ လုပ်လိုက်ကြ ရတာတွေ၊ စပါးနမူနာကို အခွံခွာကြည့်ပြီး အထွက်နှုန်းခန့်မှန်းတာတို့၊ ငါးပုံတို့၊ ဆန်ဖြူကျောက်တို့ အထွက်တွေကို ကြည့်ဆန်အိတ် ၁၀ အိတ်လောက် (ဟော့ပါ)က ကျတာကိုကြည့်ပြီး အထွက်နှုန်းကို ကြိုပြီး လောင်းကြေးစားကြေးခန့်မှန်းကြရတာ။ ဟိုအချိန်ကပျော်စရာပေ့ါ။ အခုတော့ ဒါတွေဟာ အသုံးမဝင်တော့ဘူးလားလို့ တွေးနေချိန်မှာ ယခုလို တိုင်းဦးစီးမှူးကြီးရဲ့အခြေခံပြန်လည်မွမ်းမံသင်တန်းကိုတွေ့တော့ ဝမ်းသာ အားရဖြစ်သွားမိပါတယ်။ သင်တန်းတက်နေချိန်အတွင်းမှာ ငယ်ဆရာများကိုရော ကြိတ်ခွဲရေး သင်တန်းတွေကိုရော ငြင်းကြခုန်ကြစိတ်ညစ်ရစိတ်ပျော်ရတဲ့ ရှေးခေတ်ဟောင်းကို ပြန်လည်မြင်ယောင်အောက်မေ့ သတိရမိပါတော့သတည်း။

## မြို့ကြီးများ၏ ၁-၈- ၂၀၁၆ မှ ၅-၈- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁-၈-၂၀၁၆) | အင်္ဂါ(၂-၈-၂၀၁၆) | ဗုဒ္ဓဟူး(၃-၈-၂၀၁၆) | ကြာသပတေး(၄-၈-၂၀၁၆) | သောကြာ(၅-၈-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၄၀% ၃၂°C/၉၀°F | ၃၀% ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၈၉°F |
| မြစ်ကြီးနား | ၆၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | ၃၀% ၃၂°C/၉၀°F | ၆၀% ၃၁°C/၈၈°F |
| လားရှိုး | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| ကျိုင်းတုံ | ၅၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၅၀% ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၅°C/၇၇°F |
| တောင်ကြီး | ၅၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F | ၄၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| ဘားအံ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| တောင်ငူ | ၉၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မုံရွာ | ၅၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၂°F | ၅၀% ၃၄°C/၉၃°F | ၆၀% ၃၄°C/၉၄°F | ၈၀% ၃၃°C/၉၂°F |
| ပုသိမ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F |
| စစ်တွေ | ၃၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၂°F | ၅၀% ၂၄°C/၇၅°F | ၆၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F |

## တရုတ်နိုင်ငံတစ်ဝန်းရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ၄၀ ကျော် ဆုံးရှုံး၊ နှစ်ပေါင်း ၂၀အတွင်း အဆိုးရွားဆုံးသောဆုံးရှုံးမှုဟုဆို

တရုတ်နိုင်ငံ အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ယခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၇ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်း ကမ္ဘာ့စီးပွားရေးမဂ္ဂဇင်းကြီး တစ်စောင်ဖြစ်သည့် Forbe မဂ္ဂဇင်းက ထုတ်ဖော်ရေးသားခဲ့သည်။

တရုတ်နိုင်ငံသည် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ယခုနှစ်တွင် မိုးရွာသွန်းမှုမှာ ယခင်နှစ်များကထက် ၂၁ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုများကို ယခုအချိန်အထိ ခံစားနေရဆဲပင်ဖြစ်သည်ဟုဆိုသည်။

တရုတ်နိုင်ငံ တောင်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ ပြည်နယ်ပေါင်း ၂၈ ခုရှိ ကျေးရွာပေါင်း ၁၀၀ ကျော်တို့တွင် အဆိုးရွားဆုံး ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် အဆိုပါဒေသများတွင် နေထိုင်ကြသည့်ပြည်သူပေါင်း သန်း ၆၀ ခန့်မှာ ရေဘေးဒုက္ခကိုခံစားနေကြရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ပြည်သူငါးသိန်းကျော်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။

ဇူလိုင် ၂၃ ရက်တွင်လည်း တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ လူပေါင်း ၁၄၄ ဦးသေဆုံးခဲ့ရပြီး ၁၁၁ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ သေဆုံးသူအရေအတွက်မှာ တိုးလာဖွယ်ရာရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ အိမ်ရာဆောက်လုပ်ရေးနှင့် မြို့ပြ-ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ခဲ့သည့် စာရင်းများအရ ဟူဘေးပြည်နယ်တွင် နေအိမ်ပျက်စီးမှုစုစုပေါင်းမှာ ပြည်နယ်တစ်ခုလုံး၏ ၅၀ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

ထို့ပြင် တရုတ်နိုင်ငံ မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ ဝူဟန်ပြည်နယ်တွင် မိုးရွာသွန်းမှုသည် တစ်နာရီလျှင် ၃၅ မီလီလီတာအထိ ရွာသွန်းခဲ့ပြီး ရှန်ဟဲတွင် တစ်နာရီလျှင် ၃၆ မီလီလီတာအထိ ရွာသွန်းခဲ့သည်ဟုဆိုသည်။

**မယ်သီတာ**



## တောင်အာရှဒေသနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများကြောင့် လူ ၁၀၀ ကျော် သေဆုံး

တောင်အာရှဒေသနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရပြီး လူတစ်သန်းကျော်မှာ ရေဘေးဒုက္ခကို ခံစားနေကြရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထား သည်။

တောင်အာရှဒေသတွင် ပါဝင်သည့် နိုင်ငံများအနက် နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် မုတ်သုံရာသီအဝင်ကာလတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် မြေပြိုမှုများလည်းဖြစ်ပေါ်လျက်ရှိသဖြင့် လူသေဆုံးမှုများမှာ မြင့်တက်လာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နီပေါနိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ နိုင်ငံ၏ အနောက်ပိုင်းဒေသများမှာ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ နီပေါနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း မုတ်သုံရာသီဖြစ်သည့် ဇွန်လမှ စက်တင်ဘာလအထိကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်း မိုးမှုများဖြစ်ပွားလျက်ရှိရာ နှစ်စဉ် လူပေါင်း ၁၀၀ ကျော် သေဆုံးလျက်ရှိသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ တစ်ပတ်အတွင်း လူပေါင်း ၇၅ ဦး သေဆုံးခဲ့ရပြီး သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရာရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အလားတူ အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ် ပေါ်လျက်ရှိရာ လူပေါင်း ၂၂ ဦးသေဆုံးပြီး လူပေါင်း ၁ ဒသမ ၆သန်းကျော်မှာ ရေဘေးဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါရေဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းပေါင်း ၄၇၂ ခုဖွင့်လှစ်၍ အကူအညီပေးရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဗြဟ္မပုတ္တရမြစ်ရေမြင့်တက်လာမှုကြောင့် အဆိုပါမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည့် မြစ်လက်တက်ငယ်လေးများတွင် အဆိုးရွားဆုံးမြစ်ရေမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းတွင် ရေလွှမ်းမိုးများ ဖြစ်ပေါ်နေကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၁ ဒသမ ၅ သန်းခန့်ထိခိုက်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိရာ ပန်ဂျပ်ပြည်နယ်တစ်ခုတည်းတွင် လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။

**မယ်သီတာ**

# မန်းတောင်ရိပ်မှာ အဆိပ်အတောက်ကင်းစေဖို့

စားသုံးသူ အကာအကွယ်ပေးရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ အုတ်အုတ်ကျက်ကျက်တက်တက်ကြွကြွနဲ့ လှုပ်ရှားဆောင်ရွက်နေကြတာ အားလုံးအသိပဲဖြစ်မှာပါ။ လှုပ်ရှားရမှာပေ့ါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေဟာ ဟိုယခင်နှစ်ကာလများက ရေးဆွဲထားခြင်းမရှိတော့အားနည်းချက်ကို အခွင့်ကောင်းယူပြီး မြေနိမ့်ရာလှံစိုက်ဆိုသလို စားသုံးရန်မသင့်တဲ့ အစားအစာ၊ လူသုံးကုန်ပစ္စည်းများ နည်းမျိုးစုံ နဲ့ ဒလဟောဝင်လာလိုက်ကြတာ ဈေးနှုန်းချိုသာတယ်ဆိုပြီး ရွှေမြန်မာတွေက ဝယ်စားလိုက်ကြတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ဒီနေ့ ဒီအချိန်ကြတော့ ဆေးရုံတွေမှာ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ စသည်ဖြင့် မကြားဖူးတဲ့ ရောဂါတွေ စုံလို့ပါပဲ။

အမေရိကန်နိုင်ငံမှာ ၁၉၆၂ ခုနှစ်၊ မတ်လ ၁၅ ရက်က ဂျွန်အက်ဖ်ကနေဒီက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို လွှတ်တော်မှာတင်သွင်းပြီး အတည်ပြုလှုပ်ရှားခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ နှစ်ပေါင်းဘယ်လောက်ကွာသွားပြီလဲ၊ နောက်အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို လေ့လာကြည့်မယ်ဆိုလျှင်လည်း ၁၉၇၉ ခုနှစ်မှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အကောင်အထည်ဖော်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး သူတို့နိုင်ငံအတွင်းမှာ စားသုံးသူနဲ့ ကုန်ထုတ်လုပ်သူတွေရဲ့ကြားမှာ အငြင်းပွားမှုတွေကိုဖြေရှင်းဆောင်ရွက် အောင်မြင်မှုတွေရလာတော့ စားသုံးရန်မသင့်တဲ့ အစားအစာတွေ လျော့နည်းသွားခဲ့ကြတယ်။ ဒါဟာ ထုတ်လုပ်သူ လုပ်ငန်းရှင်များက ဥပဒေပါ အချက်အလက်တွေကို လေးစားလိုက်နာကြလို့ဖြစ်ပါတယ်။

ဒီနောက် ပြည်သူတွေပါဝင်လှုပ်ရှားလာပြီး ၃၇ နှစ်ကြာမြင့်လာတဲ့အခါမှာ စားသုံးသူဥပဒေဟာ တည်ငြိမ်လာပြီး လိုက်နာဆောင်ရွက်ခဲ့ကြလို့ ရောဂါမျိုးစုံကာကွယ်ကုသနိုင်တဲ့ ခေတ်မီဆေးရုံကြီးတွေပိုင်ဆိုင်သွားကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများ (ငွေကြေးတတ်နိုင်သူများ) တောင် ထိုင်းဆေးရုံတွေကို သွားရောက်ကုသကြတာ လူတိုင်းအသိဖြစ်မှာပါ။ လူမှု ဒုက္ခတွေ၊ ကျန်းမာရေးဒုက္ခတွေဖြစ်နေတဲ့ကျွန်တော်တို့နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ပြည်သူတွေကို ဒီအတိုင်းလက်ပိုက်ကြည့်နေမှာလား။ ဒါကြောင့် မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်မှာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကိုပြည်ထောင်စု လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းလိုက်ပါတယ်။ ဥပဒေထွက်လာပြီဆိုတော့ ကျွန်တော်တို့ မန္တလေးတိုင်းအတွင်းမှာ ရှိတဲ့ စားသုံးသူရေးရာဦးစီးဌာန အသီးသီးဟာ မြို့နယ် ကျေးရွာအနှံ့ ကျောင်းတွေ၊ ဈေးတွေကို စားသုံးသူရေးရာ အဖြာဖြာ ၊ အထွေ ထွေ ဗဟုသုတတွေကို သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီး စားသုံးသူ ပြည်သူတွေကို စေတနာထား၍ ကွင်းဆင်းပညာပေး လုပ်ငန်းဆောင်ရွက်ခဲ့ကြပါတယ်။ မန္တလေးတိုင်း ဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်၊ (ဧပြီ၊ မေ၊ ဇွန်) သုံးလမှာ ကွင်းဆင်းပညာပေးဆွေးနွေးပွဲတွေကို စီမံချက်ရေးဆွဲခဲ့ပါတယ်။ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်တို့ မှာရှိတဲ့ မြို့နယ်၊ ကျေးရွာ၊ အမက၊ အလက၊ အထက၊ တက္ကသိုလ်၊ ကောလိပ်၊ အလုပ်ရုံစက်ရုံများ၊ ဈေးများစာရင်းကောက်ယူပြီး ကွင်းဆင်းရန်လအလိုက် စီမံချက်ရေးဆွဲပြီးနောက်ကွင်းဆင်းပညာပေး ဟောပြောကြမည့်ဝန်ထမ်းများကို လူထုနှင့်တွေ့ဆုံဆွေးနွေးရမယ့် နည်းပညာများကို သင်ကြားပေးပြီး သတ်မှတ်စီမံချက်ပါအတိုင်းဖွဲ့စည်းထားသော စားသုံးသူရေးရာဦးစီးဌာန ၊ စည်ပင်၊ ကျန်းမာရေး၊ FDA အဖွဲ့၊ စိုက်ပျိုးရေး ပညာပေးရေး ဦးစီးဌာနများ စသည့် တိုင်းဒေသကြီးမှဖွဲ့စည်းပေးထားသော အဖွဲ့စုံလင်စွာဖြင့် ပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာတာ မကြာသေးဘူး၊ နုနယ်သေးတယ်၊ ပြည်သူလူထုတွေသိအောင် ပညာပေးဆွေးနွေးရဦးမှာပါပဲ။ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ဌာနသိက္ခာကျအောင် မလုပ်မိစေဖို့လည်း အထူးဂရုစိုက်ရမှာဖြစ်ပါတယ်။ ဆွေးနွေးဟောပြောပွဲတွေလုပ်ပါများတော့ ပြည်သူတွေ သဘောပေါက်လာကြတယ်။ ဝိုင်းဝန်းလက်တွဲဆောင်ရွက် ဆွေးနွေးမှုများ လုပ်လာခဲ့တယ်။ လက်တွေ့အားဖြင့် ကျောင်းများမှာ စားသုံးရန်မသင့်တဲ့ အစားအစာများပပျောက်လာတာကို မြင်လာရတယ်။ ဒါတွေဟာ ပိုက်စိပ်တိုက်ဟော ပြောပွဲများရဲ့ ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း ဖော်ညွှန်းလိုက်ရပါတယ်။

**ကျော်ဦး(မန္တလေး)**



## မွန်ပြည်နယ်တွင် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း Mobile Training ကျင်းပ

မွန်ပြည်နယ် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း Mobile Training ကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၂ ရက်အထိ စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှာ ကျင်းပခဲ့ပါတယ်။ အဆိုပါသင်တန်းကို စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းဦးဆောင်၍ သင်တန်းဆရာ၊ ဆရာမများနှင့် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) မှ သင်တန်းဆရာမ သုံးဦးနဲ့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဆရာတစ်ဦးတို့ လာရောက်သင်ကြားပို့ချခဲ့ရာ စားသုံးသူရေးရာနှင့် ပတ်သက်သော ဘာသာရပ်များကို ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဘာသာရပ်နဲ့ရုံးစာရေးသားရာမှာ လိုက်နာရမည့်အချက်များအား ပို့ချခဲ့ပါတယ်။

ဇူလိုင် ၂၁ ရက်တွင် ပို့ကုန်နဲ့ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက လည်းကောင်း၊ ဥပဒေပါအချက်များနှင့် စားသုံးသူရေးရာနှင့်ပတ်သက်သော ITC ကတ်နှင့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းနဲ့ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးနွယ်အေးကလည်းကောင်း၊ ယှဉ်ပြိုင်မှုဥပဒေအား ဦးစီးအရာရှိ ဒေါ်ခင်ကလျာဦးနဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာသိန်းတို့က မူဝါဒနဲ့ပတ်သက်သော သင်ခန်းစာများအားလည်းကောင်း သင်ကြားပို့ချခဲ့ကြပါ တယ်။

ဇူလိုင် ၂၂ ရက်တွင် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဘာသာရပ်အားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက သတင်းအချက်အလက်နည်းပညာနဲ့ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ဆွေက စားသုံးသီးနှံများတွင် ကျရောက်တတ်သော အဏုဇီဝမှိုဆိပ်သင်ခန်းစာတို့အား ပို့ချခဲ့ပြီး Brainstroming Section အား အုပ်စုသုံးစုခွဲ၍ ပြုလုပ်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၅၀ ဦးနှင့် ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၆၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**W.M (Consumer Mon)**

## စားသုံးသူရေးရာအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ မုံရွာခရိုင်တွင် ဇူလိုင်လအတွင်း ၃၉ ကြိမ်ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးခင်ဇော်၏ ကြီးကြပ်မှု၊ စစ်ကိုင်းခရိုင် ဦးစီးမှူးဦးမြင့်စိုး၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော်မြို့နယ်များမှ အခြေခံပညာကျောင်းများ၊ ဈေးများသို့ ကွင်းဆင်း သွားရောက်ကာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲ ၃၉ ကြိမ်ကျင်းပနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ကွင်းဆင်းဟောပြောရာတွင် သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများအပြင် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်ဦးစီးမှူးများပါ ပူးပေါင်းပါဝင်ကာ ဈေးများ၊ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းကြောင်းများ၊ မျှော်မှန်းချက်ဖြစ်သည့် “ စားသုံးသူများလုံခြုံစိတ်ချရမှု ရှိစေ ရန် ” နှင့် ရည်မှန်းချက်တာဝန်များ၊ ယနေ့ပြည်တွင်းဈေးကွက်အတွင်းရှိစားသောက်ကုန်မျိုးစုံတို့တွင် တွေ့ရှိရသည့် ဓာတုဆိုးဆေးအသုံးပြုထားခြင်း၊ တာရှည်ခံဆေး၊ မှည့်ဆေးအသုံးပြုထားခြင်း၊ အသင့်စားမုန့်ထုပ်များ၏ အညွှန်းမပြည့်စုံခြင်း၊ ဈေးနှုန်းနှင့် အရည်အသွေး မညီညွတ်ခြင်း၊ ရက်လွန်မုန့်များ ရောင်းချခြင်းစသည့် ကင်ဆာနှင့် အခြားဘေးထွက်ဆိုးကျိုး များဖြစ်စေသော အန္တရာယ်များအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြပြီး၊ စားသုံးသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ရာ နားထောင်သူပရိသတ်အရွယ်မျိုးစုံက လက်ခံနှစ်သက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရှိရပါသည်။

**ထွန်းလှိုင်-မုံရွာ**

## ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ တာဝန်နှင့် ဖြေရှင်းနည်း သရုပ်ပြပွဲ ကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ပုသိမ်ခရိုင်စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ရှင်းလင်းခြင်းနှင့်ဖြေရှင်းနည်းသရုပ်ပြပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့ ရာ ခရိုင်အဆင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူကိုယ်စားလှယ်များ၊ စီးပွားရေးကိုယ်စားလှယ်များနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ယခုအချိန်သည် ထုတ်လုပ်သူ စားသုံးသူနဲ့ ရောင်းချသူများမှာ အလွန်ပင်အရေးကြီးပါကြောင်း၊ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်ကလည်း စားသုံးသူရေးရာကိစ္စသည် အရေးကြီးသောကဏ္ဍဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ စားသုံးသူအသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ ဇူလိုင် ၁၆ ရက်က နေပြည်တော်ရှိ Royal ACE ဟိုတယ်တွင် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)နှင့် USAID တို့ ပူးပေါင်း၍အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ အငြင်းပွားမှုဖြေရှင်းရေးပုံစံရလဒ် (မူကြမ်း)ကို ရေးဆွဲပြုစုပြီး ပိုမိုပေါ်လွင်အောင် သရုပ်ပြဇာတ်လမ်းဖြင့် ရှင်းလင်းပြသသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် USAID ရဲ့ ကူညီပံ့ပိုးမှုနဲ့ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ရှိလာတဲ့ အငြင်းပွားမှုရလဒ်ဖြေရှင်းနည်းနမူနာ ပုံစံ(မူကြမ်း)နှင့် သရုပ်ဖော်မှုများကို ထပ်ဆင့်ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များအတွက် စံလုပ်ထုံးလုပ်နည်း စနစ်တစ်ခုကိုလည်း ပြုစုလျက်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် ထုတ်လုပ်သူ၊ ရောင်းချသူများနှင့် စားသုံးသူများအကြား ဖြစ်ပွားလေ့ရှိသည့် အငြင်းပွားမှုပုံစံများကို ဇာတ်လမ်းသရုပ်ဖော်ပုံစံသုံးမျိုးဖြင့် လက်တွေ့သရုပ်ဖော်ရှင်း လင်းပြသခဲ့ကြောင်း သတင်းရရှိပါတယ်။

**ထွန်းထွန်း(ဧရာဝတီ)**

## ရောဝတီယူနိုက်တက်အသင်း လုပ်ပွဲကစားခြင်း မရှိခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးရေးကော်မတီက ဆုံးဖြတ်ချက်ချ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးရေးကော်မတီမှ ရောဝတီယူနိုက်တက်အသင်း လုပ်ပွဲကစားခြင်းမရှိခဲ့ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့် ဇွန်လအစပိုင်းမှာ စတင်သတင်းထွက်နေခဲ့သည့် ရောဝတီယူနိုက်တက်အသင်းနှင့်ပတ်သက်သူတစ်ဦးက လုပ်ပွဲကစားခဲ့သည်ဟု ရောဝတီယူနိုက်တက်အသင်းထံ သတင်းပေးလာသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှစုံစမ်းစစ်ဆေးခဲ့ပြီးနောက် အခုလိုလုပ်ပွဲကစားခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လုပ်ပွဲကစားခြင်းမရှိဘူးလို့ သတ်မှတ်ပါတယ်။ အဲဒီကိစ္စကိုလည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကိုလည်း တင်ပြထားပါတယ်။ အဖွဲ့ဝင်တွေအားလုံးကလည်း အခုလိုပဲသုံးသပ်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးရေးကော်မတီမှ ဦးမိုးဆန်းအောင်က ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးရေးကော်မတီသည် ဇူလိုင် ၁၀ ရက်တွင် အသင်းတာဝန်ရှိသူများ၊ ကစားသမားများနှင့် သတင်းပေးသူတို့ကို ခေါ်ယူမေးမြန်းပြီးနောက် စုံစမ်းစစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများကခုလိုထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ အလုပ်အမှုဆောင်အဖွဲ့များအား ရွေးချယ်တင်မြောက်သည့်စနစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မပါ) ၏ အလုပ်အမှုဆောင်အဖွဲ့များအား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အားကစားကို စိတ်ပါဝင်စားစွာ ဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားဝါသနာရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အားကစားကလပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အားကစားကလပ်/အသင်းအဖွဲ့များ၊ တတ်ကျွမ်းနားလည်သည့် အားကစားနည်းပြများ၊ ဒိုင်များ၊ လက်ရွေးစင်အားကစားသမားဟောင်းများအား အစုအဖွဲ့အလိုက် ကိုယ်စားပြုရွေးချယ် တင်မြောက်သည့်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းသွား မည်ဖြစ်ပါသည်။

ယင်းသို့ ပြန်လည်ဖွဲ့စည်းရာတွင် အားကစားလုပ်ငန်းတာဝန်များ၊ အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဦးအောင်ဒင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးစိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ ဦးစိုးသိန်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ ဦးရဲထွဋ်တင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါက်တာမြလေးစိန် (ညွှန်ကြားရေးမှူး-ငြိမ်း)တို့ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ဖွဲ့စည်း ရွေးချယ် တင်မြှောက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်လိုသည့် ဝါသနာရှင်ပုဂ္ဂိုလ်များသည် ကြီးကြပ်အဖွဲ့ ဖုန်း-၀၁-၄၀၀၈၆၄၊ ဖက်စ်-၀၁-၄၀၀၈၉၁ သို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါကြောင်း သတင်းရရှိပါသည်။

## မြန်မာလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန် အခွင့်အရေးများစွာရှိနေ



မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပလျက်ရှိသည့် AFF Myanmar Women's Championship 2016 ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် တီမောအသင်းကို ၁၇ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မလေးရှားအသင်းကိုလည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးများသွားခဲ့ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အဆိုပါပွဲ၏ ပထမပွဲစဉ်အဖြစ် တီမောအသင်းနှင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့ကာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲနိုင်ရမှတ် ၆မှတ်ရရှိကာ ဩစတြေးလျအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဩစတြေးလျ အမျိုးသမီးအသင်းသည် တီမောအသင်းကို ဂိုး ၂၀ပြတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် အုပ်စုပထမနေရာကို ရယူရန် အခွင့်အရေး ပိုမိုများခဲ့သည်။

အုပ်စု(က) ပွဲစဉ်များတွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့က နှစ်ပွဲနိုင် ခြောက်မှတ်စီဖြင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမနှင့် ဒုတိယနေရာတို့တွင် ရပ်တည်နေကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင် ၃၁ ရက်တွင် ဩစတြေးလျအသင်းနှင့် အုပ်စုပထမနေရာကို လုယူရမည်ဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းသည် အုပ်စု(က)မှ ထိုင်းအသင်း သို့မဟုတ် ဗီယက်နမ်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ်များတွင် သွင်းဂိုး အများဆုံးကစားသမားအဖြစ် ဗီယက်နမ်အသင်းမှ ငုယင်သီမွန်က ခြောက်ဂိုး၊ မြန်မာအသင်းမှ ဝင်းသီဂီထွန်းက ငါးဂိုးဖြင့် ဦးဆောင်နေကြောင်း သိရသည်။ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ် သည်။

## ကိုယ်အလေးချိန်တိုးလာမှုကြောင့် အသင်း၏ရာသီကြိုလေ့ကျင့်ရေးအစီအစဉ်မှ နာဆရီကိုဖယ်ရှား

မန်ချက်စတာစီတီး၏ ကွယ်လယ်ကစားသမား နာဆရီကို ကိုယ်အလေးချိန်တိုးလာသဖြင့် အသင်း၏ရာသီအကြို လေ့ကျင့်ရေးအစီအစဉ်မှ ဖယ်ရှားထားကြောင်း အသင်း၏မန်နေဂျာဖြစ်သူ ပက်ပ်ဂွာဒီယိုလာက ပြောကြားခဲ့သည်။ အသက် ၂၉ နှစ်အရွယ်ရှိ နာဆရီသည် တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ဘိုရုရှားဒေါ့မန်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အပြည်ပြည်ဆိုင်ရာချန်ပီယံများဖလားပြိုင်ပွဲတွင် အရန်ခုံတန်းတွင်ပင် ထိုင်ခွင့်မရခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲမတိုင်မီက ပက်ဂွာဒီယိုလာသည် ၎င်း၏အသင်းသားများအား သတ်မှတ်ကိုယ်အလေးချိန်နှင့် ကိုက်ညီမှုမရှိဘဲ ဝလွန်းနေသည့် ကစားသမားများကို ကစားခွင့်ပိတ်ပင်သွားမည်ဖြစ်ပြီး ကိုယ်အလေးချိန်ပုံမှန်ပြန်ဖြစ်မှသာ ကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂွာဒီယိုလာသည်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ၎င်း၏ကစားသမားများကို စစ်ဆေးခဲ့ရာ သတ်မှတ်ကိုယ်အလေးချိန်ထက် ကျော်လွန်နေသည့်ကစားသမားများကို တွေ့ရှိခဲ့ရသဖြင့် ယခုကဲ့သို့ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ကစားသမားအချို့ကိုလည်း လေ့ကျင့်ရေးကွင်းသို့ လာရောက်ခြင်းမပြုရန် ပြစ်ဒဏ်ပေးခဲ့သည်ဟု နောက်ခံလူတစ်ဦးဖြစ်သူ ဂျီးလ်ကလစ်ချီက ပြောကြားခဲ့သည်။

ဂွာဒီယိုလာက"သူ(နာဆရီ)ဟာကိုယ်အလေးချိန် နည်းနည်းတိုးလာတယ်။ ပြီးခဲ့တဲ့ရာသီက သူဒဏ်ရာရခဲ့တယ်။ ဒဏ်ရာရခဲ့တာမှန်ပေမယ့် ကိုယ်အလေးချိန် တိုးလာတာမျိုးကိုတော့ ကျွန်တော် ဘယ်လိုမှခွင့်မပြုပါဘူး။ ကိုယ့်ကိုယ်ကို ကျန်းမာရေးကောင်းအောင် လုပ်ထားရပါမယ်"ဟု ပြောကြားခဲ့သည်။

## ဘရာဇီးအိုလံပစ်အားကစားပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြင်သစ်အားကစားအဖွဲ့ ရီအိုဒီဂျနေးရိုးလေဆိပ်တွင် တင်းတင်းကျပ်ကျပ်စစ်ဆေးခံရ

ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ဩဂုတ် ၅ ရက်မှ စတင်ကျင်းပမည့် နွေရာသီအိုလံပစ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြင်သစ်အိုလံပစ်အသင်းအား ရီအိုဒီဂျနေးရိုးလေဆိပ်တွင် တင်းတင်းကျပ်ကျပ် စစ်ဆေးခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဖြစ်ပေါ်ခဲ့သည့် ဘတ်စတီးလ်တိုက်ခိုက်မှုအပြီးတွင် ဘရာဇီးနိုင်ငံသို့ရောက်ရှိလာမည့် အိုလံပစ်ပြိုင်ပွဲဝင် ပြင်သစ်အသင်းအား ယခုကဲ့သို့တင်းတင်းကျပ်ကျပ် စစ်ဆေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



ထို့ပြင် ပြင်သစ်အသင်း တည်းခိုနေထိုင်မည့် ဟိုတယ်သို့ လေဆိပ်မှသွားရောက်ရာလမ်းကြောင်းတစ်လျှောက်တွင်လည်း ဘရာဇီးရဲတပ်ဖွဲ့က မော်တော်ဆိုင်ကယ်များ၊ ရဟတ်ယာဉ်များဖြင့် လိုက်ပါစောင့်ရှောက်ခဲ့သည်ဟု ဆိုသည်။

ထို့ပြင် အဆိုပါပြင်သစ်အသင်း လေ့ကျင့်ရေးကွင်းများသို့ သွားရောက်သည့်အချိန်တိုင်းတွင်လည်း ဘရာဇီးရဲတပ်ဖွဲ့သည် မော်တော်ဆိုင်ကယ်များဖြင့် လိုက်ပါစောင့်ရှောက်ခဲ့သည့်အပြင် ဟိုတယ်၏ အပြင်ဘက်တွင်လည်း ရဲတပ်ဖွဲ့ဝင်များကို လုံခြုံရေးချထားခဲ့သည်။

ရီအိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် ယခင် လန်ဒန်အိုလံပစ်ပြိုင်ပွဲကျင်းပခဲ့စဉ်ကထက် လုံခြုံရေးအင်အားကို နှစ်ဆတိုး၍ချထားခဲ့သည်။ ဘရာဇီးနိုင်ငံတစ်ဝန်းတွင် ရဲတပ်ဖွဲ့ဝင်ပေါင်း ၈၅၀၀၀နှင့် လက်နက်များအပြည့်အစုံ တပ်ဆင်ထားသည့် စစ်သားများကိုလည်း လုံခြုံရေးအင်အားတွင် ဖြည့်တင်းထားခဲ့သည်။

ပြင်သစ်နိုင်ငံ ဘတ်စတီးလ်မြို့တွင် ထရပ်ကားဖြင့် လိုက်လံတိုက်ခိုက်မှုတွင် လူပေါင်း ၈၄ ဦး သေဆုံးခဲ့ရသည်။

Vol: 16, No.28 Monday August 1 2016

➲ စာမျက်နှာ ၁၈ အကောက်ခွန်တန်ဖိုးသင့်ခြင်းနှင့် ဈေးနှုန်းစိစစ်ခြင်းဆိုင်ရာ သတင်းမှအဆက်

အကောက်ခွန်များ ကောက်ခံရာတွင် မျှတမှု၊ သင့်တင့်မှုနှင့် စနစ်တကျတူညီမှုတို့ကို မြှင့်တင်ရန် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၀ကျော်က လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်မှ စာတမ်းတွင် ဖော်ပြထားချက်မှာ လက်ရှိ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ အကောက်ခွန်တန်ဖိုးသတ်မှတ်သည့် သဘောတူညီချက်ကို တရားဝင်လက်မှတ်ရေးထိုးထားသော်လည်း ပြည်တွင်းမှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများသည် သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ကြောင်း၊ ၂၀၁၅ ခုနှစ်ပင်လယ်ရေကြောင်း အကောက်ခွန်ပြင်ဆင်ချက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်း၊ အာဆီယံတွင်လည်း အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် သဘောတူညီချက်အရ လိုက်ပါအကောင်အထည်ဖော်ကြရမည်ဟု ပါဝင်သည့်အတွက် အာဆီယံတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဆက်လက်၍ ဘာသာရပ်အသုံးအနှုန်းများကို အသေးစိတ်ရှင်းလင်းပေးပြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တန်ဖိုးကို အကောက်ခွန်မှမှီ၍ တွက်ချက်ကျင့်သုံးခြင်းမှာ မရှင်းလင်းကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လိုလားချက်နှင့်လည်း ကိုက်ညီမှုမရှိကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးကို ထိခိုက်စေနိုင်ကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံတို့တွင် သဘောတူညီထားသည့်အတိုင်း WTO Agreement on Valuation ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ ပြင်ဆင်ပြီးသည့် ဥပဒေအပိုဒ် ၃၀ ကလည်း ဆောင်ရွက်ရန် ခွင့်ပြုထားပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စည်းမျဉ်းစည်းကမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်သည့်အခါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း အလားတူတန်ဖိုးကို လက်ခံပေးလာမည်ဖြစ်ကြောင်းဖြင့် အကြံပြုဆွေးနွေးပေးခြင်း၊ ရှင်းလင်းဆွေးနွေးပေးခြင်းများ ဆောင်ရွက်ပါသည်။

**သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်တို့အကြား ယုံကြည်မှု တည်ဆောက်ရန်လို**

မည်သည့်ကိစ္စမျိုးမဆို လုပ်ဆောင်ရာမှာ ယုံကြည်မှုရှိရန် အရေးကြီးလှပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် ယုံကြည်မှုရှိမှသာ လုပ်ဆောင်သမျှအရာရာတိုင်းတွင် အောင်မြင်မှုရရှိမည်မှာ အသေအချာပင်။ ယခုလုပ်ဆောင်ရမည့် ကိစ္စရပ်များတွင်လည်း သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်တို့အကြား ယုံကြည်မှု တည်ဆောက်ရေးသည် အရေးကြီးလှပေသည်။

**ပုဂ္ဂလိကကဏ္ဍမှလည်း အမှန်အကန်ဖြစ်ရန်လို**

ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များသည် အစိုးရဌာနအသီးသီးနှင့် ဆက်နွှယ်ဆောင်ရွက်ရသည်ဖြစ်ရာ ရိုးသားမှုကို အခြေခံသည့် ယုံကြည်မှုကို တည်ဆောက်ကြမှသာ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုင်စင် လျှောက်ထားရာတွင် ကုမ္ပဏီမှတင်ပြသော Invoice နှင့် Sale Contract ပါ တန်ဖိုးဈေးနှုန်းအတိုင်း လိုင်စင်ကိုခွင့်ပြု၍ ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲ ဖြေလျှော့ရေးကို ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဖြေလျှော့မှုများကို ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များက ၎င်းတို့ဘက်မှလည်း အမှန် Invoice နှင့် Sale Contract များဖြစ်စေဖို့ လုပ်ငန်းရှင်များအား တိုက်တွန်းပေးသွားမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ယခင်က အမူအကျင့်ဟောင်းများကို ဖျောက်ဖျက်၍ လာမည့် အနာဂတ်ကာလတွင် ကောင်းမွန်စွာလက်တွဲ၍ ယုံကြည်မှု တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ ပိုမိုပွင့်လင်းမြန်ဆန်စွာ ရရှိရေးမှာလည်း အရေးကြီးကြောင်း ပြောကြားခဲ့ကြပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တစ်ဖက်တွင် ဌာနဆိုင်ရာများမှ ပြင်ဆင်ဖြေလျှော့ပေးသည့်နည်းတူ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်အခ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံး**

လုပ်ငန်းလုပ်ဆောင်ချက်တိုင်းတွင် အောင်မြင်မှုရရှိစေရန်အတွက် ဆုပေး ဒဏ်ပေးစနစ်ကျင့်သုံးပြီး တရားမျှတသည့်လုပ်ဆောင်ချက်များကို ကျင့်သုံးကြမှသာ ပိုမိုကောင်းမွန်တဲ့လမ်းကြောင်းကို ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေး လုပ်ဆောင်မှုများတွင် မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံး တူညီခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းကို စတင်ဆောင်ရွက်စဉ်က စိုးရိမ်ပူပန်မှုများရှိခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဆုပေး ဒဏ်ပေးစနစ် Carrot & Stick ကို ကျင့်သုံးနိုင်ပါက ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ယင်းသို့ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကျွမ်းကျင်အဆင့်အထိ ဖြစ်သင့်ပေသည်။ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများကို လိုအပ်သည့် သင်တန်းများ ပို့ချပေးသင့်ကြောင်း ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင် ဟာရယ်က ပြောကြားခဲ့သည်။

ထို့ပြင် ကုန်သွယ်မှုကဏ္ဍတွင် နာမည်ကောင်းရရှိထားသည့်ကုမ္ပဏီများကိုလည်း မှတ်တမ်းပြုစုထားရှိပြီး အခါအားလျော်စွာ ထုတ်ပြန်ပေးခြင်းများကိုလည်း ဆောင်ရွက်သင့်ပေသည်။

**မြန်မာနိုင်ငံ၏အခွန်အခမှရငွေ**

မြန်မာနိုင်ငံတွင် အခွန်အခမှ ရငွေများသည် နိုင်ငံ၏ GDP အချိုးတွင် ၇ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရှိရသည်။ သို့သော် ၂၀၁၇ ခုနှစ်တွင် လက်ရှိရာခိုင်နှုန်းထက် ပိုမိုရရှိရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ ယခုလက်ရှိတွင် အခြားနိုင်ငံများ၌ အခွန်အခမှ ရငွေသည် GDP တွင် ဆယ်ဂဏန်းအထိရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အခွန်အခမှ ရငွေသည် နည်းနေသေးသည်ကိုတွေ့ရှိရသဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် အခွန်အခများသည် GDP တွင် ၁၀ ရာခိုင်နှုန်းကျော်အထိ ဖြစ်လာစေရန် ရည်မှန်းလျက်ရှိသည်။

အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်း မှန်ကန်မှုသည် Tariff တွက်ချက်ရရှိမှုကို သက်ရောက်မှုရှိသည့်အတွက် အခွန်အခမှရသည့်ငွေသည် နိုင်ငံတော်ဘဏ္ဍာအပေါ်တွင်လည်းကောင်း ကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

**ကမ္ဘာ့ဘဏ်က ကူညီပေးမည်**

ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်ခြင်း သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် ကူညီလုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ အထက်ပါ အချက်များအား ဩစတြေးလျနိုင်ငံ အကောက်ခွန်ဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အနှစ်လေးဆယ်ကျော် ဆောင်ရွက်ခဲ့ သည့် မစ္စတာဘရိုင်ယန်ဟာရယ် က ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်သည်။

**ဝင်းမင်းဖြိုး**



## ကရင်ပြည်နယ်၊ အထက(၁) တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြော

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၃) ရပ်ကွက်ရှိ အ. ထ. က(၁)ကျောင်းတွင် ဇူလိုင် ၂၀ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ကြောင်းသိရှိရပါတယ်။

ကျောင်းကျန်းမာရေးအဖွဲ့နှင့် စားသုံး သူရေးရာဦးစီးဌာနတို့မှ ပူးပေါင်းပြီး ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးရာတွင် ကျောင်းဈေးသည်များအား လတ်ဆတ်သော၊ သန့်ရှင်းမှု ရှိသော အာဟာရပြည့်ဝသော ရက်မလွန်သောမုန့်များ ရောင်းချပေးရန်၊ ဆိုးဆေးမသုံးကြရန် သတိပေးပြောကြားကာ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ထို့ပြင် အဆိုပါကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၃၉ ဦးအား စားသုံးသူရေးရာဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူး ဦးလှဝင်းက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များကို လိုက်နာမှတ်သားရမည့်အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အစားအစာများကို ဝယ်ယူစားသောက်ရာတွင် ရွေးချယ်စားသောက်ကြရန်မှာကြားခြင်းတို့ ပြုလုပ်ခဲ့ပြီး ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး ဒေါက်တာစိုင်းကျော်ခမ်းလောင်က မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးအန္တရာယ်ကို ရုပ်ပုံများနှင့်တကွ ရှင်းလင်းပြသခဲ့ပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဦးဝင်းကိုကိုက သန့်လေးသန့်အကြောင်းကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မာမာအေး(ကရင်)**

## မကွေးမြို့ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းဦးစီး၍စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၄ ရက်က မကွေးမြို့ အထက(၂)၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊သူများ စုစုပေါင်း ၇၆၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူများ၏ အခွင့်အရေး နှင့်တာဝန်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူအကာအကွယ်ပေးရေး၏ အဓိပ္ပာယ်များကို ကလေးများနားလည်အောင် အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး ကလေးများအား ဆွေးနွေးချက်များမှ အရေးကြီးသည့် အချက်များအား ပြန်လည်မေးမြန်းပြီး အဖြေမှန်သည့် ကျောင်းသား၊ သူများအား ဆုများပြန်လည်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ဆက်လက်၍ စားသုံးသူရေးရာဌာန တာဝန်ခံ ဒေါ်အေးအေးမိုးက စားသုံးသူများ သတိပြုဖွယ်ရာ အစားအသောက်နှင့် ကုန်စည်များ ကြောင့် လတ်တလောနှင့် ရေရှည်ထိခိုက်မှုတို့ကို ခေါင်းစဉ်တစ်ခုချင်းအလိုက် အသေးစိတ်ရှင်းလင်းပြီး၊ ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ၇၀၀ ကျော်တို့အား ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိသည့် သဘာဝဆီး ဖျော်ရည်ကို နမူနာ ရှင်းပြ၍ လက်တွေ့ဖျော်စပ်ကာ အချိုရည်များတိုက် ကျွေးခဲ့ပြီး ကလေးငယ်များအား ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲထားသည့် အစားအစာများ၊ သီးနှံများတွင် ပော်မုန်းဆေးများသုံး၍ ထုတ်လုပ်ထားသည့် အစားအစာများကြောင့် ခန္ဓာကိုယ် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုဗွီဒီယိုခွေအားပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**အိဇာဖြူ(မကွေး)**

# ဟားခါးမြို့အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်း ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၁ ရက်က ဟားခါးမြို့ရှိ အခြေခံပညာမူလတန်းကျောင်း ဒင်လို၌လည်းကောင်း၊ ဇူလိုင် ၂၃ ရက်က ဟားခါးမြို့ရှိမြို့ဟောင်းရပ်ကွက်၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားများသို့ အမက ဒင်လိုမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၉၀ ဦးခန့်၊ ဈေးဟောင်းရပ်ကွက် (မြို့သစ်စီမံကိန်း)မှ အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီမြေပဲဆီ စာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထုအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် Projector၊ Power Point ၊ Video Clip များဖြင့် ရှင်းလင်းဟောပြောခဲ့ပြီး ဦးရှန်ဗျက်လျန်းမှ ချင်းဘာသာစကားဖြင့် ပြန်လည်ဟောပြောခဲ့ပါသည်။

**ဒေါ်ကြယ်(ဟားခါးမြို့)**

# ပဲခူးမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးမြို့နယ်တာဝန်ခံ ဦးမင်းဆွေနှင့် ဝန်ထမ်းများ ပါဝင်သော အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဇူလိုင် ၁၀ ရက်က ပဲခူးမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (YMBA) ခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆေးဆိုင်ပိုင်ရှင်များ၊ ရေသန့်စက်ရုံပိုင်ရှင်များ စုစုပေါင်း ၁၀၀ ဦးအား၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ ထုတ်ကုန် လုံခြုံစိတ်ချမှုဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အလားတူ ဇူလိုင် ၁၁ ရက်တွင်လည်း ပဲခူးမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (YMBA) ခန်းမ၌ပင် ကျောင်းသား၊ ကျောင်းသူများနှင့် ဈေးဆိုင်ပိုင်ရှင် ၄၀၀ ဦးအား ကျန်းမာရေးနှင့် ညီညွတ်သော၊ အာဟာရဖြစ်စေသော အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသောက်ကြစေရန်၊ အစားအသောက်တွင် ပါဝင်သော ခွင့်မပြုဆိုးဆေးများ၏ အန္တရာယ်နှင့်ဖြစ်ပေါ်တတ်သော ဆိုးကျိုးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့်အတူ ကျောင်းမုန့်ဈေးတန်းကို စစ်ဆေးပြီး၊ FDA မှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သောမုန့်အမည်စာရင်းများကို ကျောင်း၏ ကြော်ငြာသင်ပုန်းနှင့် ကျောင်းမုန့်ဈေးတန်း၏ ထင်သာမြင်သာသော နေရာများတွင် ထားရှိနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် ဇွန် ၂ ရက်ကလည်း ပဲခူးမြို့နယ်၊ ဈေးညောင်ပင်ကြီးကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကို ကျင်းပခဲ့ရာ ကျေးရွာသူ၊ သား စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**သိန်းဌေး-ပဲခူး**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်နဲ့ ပြည်ကြီးတံခွန်မြို့နယ်တို့တွင်စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများကျင်းပ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသားစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကို မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြုလုပ်ခဲ့ပါသည်။

အောင်မြေသာစံမြို့နယ် ဆရာစံဈေး၌ ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အထက (၆) ၌ ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် အမက(၃)၌ ဇူလိုင် ၁၈ ရက်တွင် လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် အထက (၂၉) ၌ ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ မဟာအောင်မြေ မြို့နယ် အမက(၆) ၌ ဇူလိုင် ၂၁ ရက်တွင် လည်းကောင်း အသီးသီးကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲအခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဦးတင်အောင်ကျော်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူအသီး သီးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ၊ အန္တရာယ်ရှိ စားသောက်ကုန်များ၊ ဆိုးဆေးများ၏ အန္တရာယ်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ ဥပဒေပါ အချက်အလက်များ၊ အစားအသောက်များ ရောင်းချရာနှင့် ချက်ပြုတ်ရာတို့တွင် သိရှိထားသင့်သည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြသည်။

အောင်မြေသာစံမြို့နယ် ဆရာစံဈေးတွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ဈေးသူ ဈေးသား စုစုပေါင်း ၁၀၀ ခန့် တက်ရောက် ခဲ့ပြီး ချမ်းအေးသာစံမြို့နယ် အထက(၆) တွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

ပြည်ကြီးတံခွန်မြို့နယ် အမက(၃)တွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၀ ဦးခန့် ၊ ပြည်ကြီးတံခွန်မြို့နယ် အထက ၂၉ တွင် ပြုလုပ်သည့်ဟောပြောပွဲသို့ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၀ ခန့် ၊ မဟာအောင်မြေမြို့နယ် အမက ၆ တွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ဆရာ ဆရာမ စုစုပေါင်း ၁၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သီတာဝင်း၊ မျိုးထွန်း၊တင်ချစ်ကောင်း**

# စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းခွဲ၏ အလုပ်အမှုဆောင်ပြန်လည် ရွေးချယ်ပွဲကျင်းပ

စိုက်ပျိုးရေးကဏ္ဍမှ ပြည်ပပို့ကုန်သီးနှံများအနက် သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ဗဟို)မှ ပြည်နယ်/တိုင်း အသင်းခွဲများကို စဉ်ဆက်မပြတ် ဖွဲ့စည်းပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အသင်းခွဲကို ၂၀၁၂ ခုနှစ်ကတည်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (ယခင်) ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အသင်းခွဲများ၏ အသင်းဝင်အင်အား များပြားလာစေရန် နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းခွဲ၏ အလုပ်အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို မုံရွာမြို့ ကုန်စည်ဒိုင်ခန်းမတွင် ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့ရာ ဗဟိုဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့်တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးခင်ဇော်နှင့် ဝန်ထမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အလုပ်အမှုဆောင်ဟောင်းများ၊ ဖိတ်ကြားထားသည့်တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ညီနောင်အသင်းကိုယ်စားလှယ်များ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ (ဗဟို) အသင်းဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးစားသုံးရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးတို့မှ အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး၊ အလုပ်အမှုဆောင်အဖွဲ့ဟောင်း တာဝန်ရှိသူများက ငွေစာရင်းရှင်းတမ်းနှင့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများရှင်းလင်းတင်ပြကာ ဗဟိုအသင်း တာဝန်ရှိသူတစ်ဦးက အမှုဆောင်ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အသင်းခွဲအလုပ်အမှုဆောင်သစ် ရွေးချယ်ခြင်းကို ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

ရွှေဦးစွာတိုင်းအသင်းခွဲ အလုပ်အမှုဆောင် ၂၀ ဦးကို တက်ရောက်လာကြသည့် ဖရဲသခွားမွေးအစုအဖွဲ့၊ သရက်အစုအဖွဲ့၊ ဟင်းသီးဟင်းရွက် ၊ ပန်းမန်အစုအဖွဲ့နှင့် လက်လီလက်ကားရောင်းချသူများအစုအဖွဲ့တို့က အဆိုပြုရွေးချယ်ပေးခဲ့ကြပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းခွဲ ဥက္ကဋ္ဌအဖြစ် ချောင်းဦးမြို့နယ်၊ မင်းခေါင်ကျေးရွာ ဖရဲ၊ သခွားတောင်သူ ဦးစောမြင့်နှင့် ဒုဥက္ကဋ္ဌ သုံးဦး၊ အတွင်းရေးမှူးသုံးဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်နှစ်ဦး တို့ကို အများသဘောတူမဲဖြင့် ရွေးချယ်အတည်ပြုခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းခွဲ အလုပ်အမှုဆောင် ပြန်လည်ရွေးချယ်ခြင်း၊ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သိရှိရပါသည်။



**ထွန်းလှိုင်-မုံရွာ**

# စားသောက်ကုန်ပစ္စည်းများနှင့် ဓါတုပစ္စည်းများ၏ အန္တရာယ်

|ဒေါက်တာလပြည့်ခင်|



လူသားများ၏ နေ့စဉ်ဘဝ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော စားဝတ်နေရေး ဟူသည့် အဓိကအရေးကြီး သုံးပါးတွင် ပထမဆုံးနေရာတွင်ရှိနေသော စားရေးဖြစ်သည့် အစားအစာသည် လူသားတို့ အသက်ရှင်သန်ရေးအတွက် အရေးကြီးဆုံး ဖြစ်ပါသည်။ ထို့ပြင် သတ္တဝါ မှန်သမျှသည်လည်း မိမိတို့ ရှင်သန်မှုအတွက် အစာအာဟာရအပေါ် တည်မှီနေကြရပါသည်။ ထိုမျှ အရေးကြီးလှသော အစားအစာတွင် အာဟာရဓာတ်တန်ဖိုးမဲ့ အစားအစာနှင့် အာဟာရတန်ဖိုးရှိ အစားအစာဟူ၍ နှစ်မျိုးရှိရာ အာဟာရတန်ဖိုးမဲ့ အစားအစာကို စားသုံးခြင်းဖြင့် အာဟာရမပြည့်ဝနိုင်ပေ။ အာဟာရလွန်ကဲသော အစားအစာကို စားပါကလည်း ရောဂါထူပြောတတ်ပြန်ပါသည်။ ခန္ဓာနှင့် အစားအစာ မျှတအောင်စားမှသာ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံပြီး အသက်ရှည် ရှင်သန်ရပ်တည်နိုင်မည် ဖြစ်သည်။

လူသားတို့ အသက်ရှင်နေနိုင်ရေးအတွက် နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ကို ရရှိစေသည့် အသားဓာတ် (Protein)၊ အဆီဓာတ်(Fat)၊ ကစီဓာတ် (Carbohydrate)တို့ပါဝင်ပြီး ခန္ဓာကိုယ်ကြီးထွားမှုနှင့် ပြုပြင်မှုတို့အတွက် အသားဓာတ် (Protein)၊ သတ္တုဓာတ် (Mineral)၊ ရေ (Water) နှင့် ခန္ဓာကိုယ် ဇီဝကမ္မဖြစ်စဉ်များကို ထိန်းသိမ်းပေးရာတွင် လိုအပ်သော ဗီတာမင် (Vitermin) အစရှိသော သဘာဝဓာတုပစ္စည်းများ (Chemicals) ဖြင့် ဖွဲ့စည်းထားပါသည်။

ကာဗိုဟိုက်ဒရိတ်ဓာတ် ဟုခေါ်သည့် ကစီ/ကန်ဓာတ်သည် လူ့ခန္ဓာကိုယ် လှုပ်ရှားသွားလာနိုင်ရေးအတွက် လိုအပ်သည့် လောင်စာစွမ်းအင်ဖြစ်ပြီး ဆန်၊ ဂျုံ၊ ပြောင်းနှင့် အာလူးတို့မှ ရရှိနိုင်ပါသည်။ ဆီ (Oil) နှင့် အဆီဓာတ် (Fat)တို့သည် ကာဗိုဟိုက်ဒရိတ်ဓာတ်မှဖြစ်သော အားပေးထောက်ကူပြုသောဓာတ် ဖြစ်သည်။ ပင်ကိုအားဖြင့် ဆီမှာ အရည်ဖြစ်ပြီး အဆီမှာအခဲ ဖြစ်သည်။ အဆီဓာတ်တွင် ဗီတာမင် အေ (A)၊ ဒီ(D)၊ အီး (E) ပေးစွမ်းနိုင်သော သက်စောင့်ဓာတ်ဖြစ်ပြီး အဆီဓာတ်ကို ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့မှ ရနိုင်သကဲ့သို့ ဝက်သား၊ ဘဲသား၊ အမဲသားတို့မှ ရနိုင်ပါသည်။ ပရိုတင်းဓာတ် (Protein) သည် လူတို့အတွက် ခွန်အားကို ဖြစ်စေသကဲ့သို့ ခန္ဓာကိုယ်ရှိ ပျက်စီးသွားသော တစ်သျှူးမျှင်များကို အစားထိုးပေးနိုင်သော သတ္တိရှိလေသည်။ ထို့ကြောင့် ငယ်ရွယ်သူများ ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားရေးအတွက် မရှိမဖြစ်သော ဓာတ်ဖြစ်ပြီး အမဲသား၊ ငါး၊ ပဲ၊ ဥအမျိုးမျိုးနှင့် နွားနို့တို့ မှရရှိပါသည်။ သတ္တုဓာတ် နှင့် ဗီတာမင်ဓာတ်တို့မှာ ခန္ဓာကိုယ်အတွင်းရှိ ပျက်စီးသွားသော ကလာပ်စည်းများကို ပြုပြင် ထိန်းကျောင်းပေးသော ဓာတ်ဖြစ်ပြီး ဟင်းသီးဟင်းရွက်တို့မှ ရရှိနိုင်ပါသည်။ အထက်ဖော်ပြပါ ဓာတ်များအားလုံးသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဓာတ်များဖြစ်သည်။ အဆိုပါ ဓာတ်များပါသော အစာများကို စားသုံးလိုက်ခြင်းဖြင့် ရရှိလိုက်သော အာဟာရဓာတ်ကြောင့် ခန္ဓာကိုယ်ထဲတွင် အပူစွမ်းအင်ပါသော ဝမ်းမီးကို ဖြစ်ပေါ်စေသည်။ အစားအစာ သိပ္ပံပညာရှင်များက ထိုဝမ်းမီးကို ကယ်လိုရီ(Calorie) ဟုသတ်မှတ်ထားပြီး တစ်ကယ်လိုရီသည် ရေတစ်ဂါလန်ကို တစ်ဒီဂရီ ပူလာအောင် စွမ်းဆောင်ပေးနိုင်ပါသည်။ လူတစ်ယောက်သည် တစ်နေ့လျှင် နေ့စဉ် ကယ်လိုရီ ယူနစ်ပေါင်း ၂၄၀၀ မှ ၇၇၀၀ အတွင်း လိုအပ်ပါသည်။

နိဒါန်းတွင် ဆိုခဲ့သကဲ့သို့ အစားအစာတိုင်းတွင် မပါမပြီးသော အချိုမှုန့် (Monosodium Glutamate)ကဲ့သို့ အချိုဓာတ် သက်သက်သာပါရှိသည့် တန်ဖိုးမဲ့သော အစားအစာကို စားသုံးခြင်းဖြင့် မည်သည့် အာဟာရမှ မရနိုင်သကဲ့သို့ အပူစွမ်းအင် ကယ်လိုရီကိုလည်း မရရှိနိုင်ပါ။ သို့သော် အချို အရသာကြောင့် စားနေကျထက် ပိုမိုစားသုံးသဖြင့် အာဟာရဓာတ် ရနိုင်ပါသည်။ ဥပမာအားဖြင့် လက်ဖက်ရည်၊ ကော်ဖီတို့သည် အာဟာရတန်ဖိုးမဲ့ အဖျော်ယမကာ (Beverage) ဖြစ်သော်လည်း ဆေးဝါး အာနိသင်တွေ ရှိပြီး ၎င်းနှင့်တွဲဖက်ဖျော်စပ်ရသော သကြား၊ နို့၊ နို့ဆီတို့ကသာ အာဟာရကို ဖြစ်စေပါသည်။ ထို့ပြင် ခန္ဓာကိုယ်အတွင်းအပြင်ရှိ ကလာပ်စည်းများ အစဉ်နုပျိုနေစေရန်အတွက် ပဲပင်ပေါက်၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်ကဲ့သို့ ဟင်းသီးဟင်းရွက်များကိုလည်း နေ့စဉ် စားသင့်ပါသည်။ ထိုကဲ့သို့ လူတို့၏ ခန္ဓာကိုယ်ဇီဝကမ္မ ဖြစ်စဉ်များကို ထိန်းသိမ်းပေးရန်အတွက် သဘာဝ ဓာတုပစ္စည်းများ ဖြစ်သည့် အသားဓာတ်၊ အဆီဓာတ်၊ ကစီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ရေနှင့် ဗီတာမင်တို့ ညီညွတ်မျှတအောင် စားသောက်နေထိုင်မှသာ လူ့လောကကြီးတွင် ကျန်းမာသက်ရှည် ရှင်သန်ရပ်တည်နေနိုင်မည် ဖြစ်ပါသည်။

သို့သော် ယနေ့ခေတ်ကာလတွင်မူ အစားအစာများ၌ မူလသဘာဝအားဖြင့် ပါဝင်သော ယင်းဓာတု ပစ္စည်းများအပြင် ပြင်ပမှ မတော်တဆ ဝင်ရောက်လာသော ဓာတုပစ္စည်းများ ရှိသကဲ့သို့ လူတို့၏ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် တမင်ထည့်ပေးသည့် လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသော ဓာတ်မြေဩဇာများ (Fertilizer)၊ ပိုးသတ်ဆေးများ (Pesticide) သည် ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များအတွင်းသို့ ရောက်ရှိနိုင်သကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များအတွက် သုံးသော ကာကွယ်ဆေးများ၊ ပဋိဇီဝဆေးဝါးများသည် သားငါးများတွင် ပါဝင်လာနိုင်ပြီး ထုပ်ပိုးပစ္စည်းများဖြစ်သည့် ပလတ်စတစ်မှ ထွက်သည့် ဓာတုပစ္စည်းများသည်လည်း အစားအစာများထဲသို့ ဝင်ရောက်လာနိုင်ပါသည်။

ထို့ပြင် လူတို့သည် စားသုံးသင့်သော မူလအစားအစာ ပုံစံများကို ကျော်လွန်ပြီး အရောင်၊ အနံ့၊ အရသာ ပိုမိုကောင်းမွန်စေရန် ဓာတုပစ္စည်းများ (Chemicals)ကို ဖြည့်စွက်စာ (Food Additives) များအဖြစ် ကမ္ဘာတစ်ဝန်းလုံးတွင် ထည့်သွင်း သုံးစွဲလာကြသောကြောင့် ယင်းတို့နှင့် ပတ်သက်သည့် နောက်ဆက်တွဲ ပြဿနာများကိုလည်း သတင်းများတွင် မကြာခဏ တွေ့မြင်နေရပါသည်။ အထူးသဖြင့် မိမိတို့လူမျိုးများသည် အစားအစာကို လှလှပပနှင့် အမျိုးမျိုးပြုလုပ် စားသောက်တတ်ကြသူများ ဖြစ်သော်လည်း အစားအစာနှင့် ဆက်နွယ်နေသော ဓာတုပစ္စည်းများ၏ အန္တရာယ်ကို သိသူမှာ နည်းပါးလှပါသည်။ ထို့ကြောင့် အစားအစာများတွင် ပါဝင်ပတ်သက်နေသော ဓာတုပစ္စည်းအချို့၏ အန္တရာယ်များကို သိရှိနားလည်ပြီး ကာကွယ် ရှောင်ရှားနိုင်စေရန်အတွက် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

စီးပွားရေးသမားများသည် ၎င်းတို့၏ စီးပွားရေးအမြတ်အစွန်း များများရစေရန်အတွက်လည်းကောင်း၊ ရွေ့လျားပြောင်းလဲလာသည့် ခေတ်ရေစီးကြောင်းအရလည်းကောင်း စားသောက်ကုန်များတွင် သဘာဝအတိုင်း မဟုတ်သော လူတို့ဖန်တီးပြုလုပ်ထားသည့် ဖြည့်စွက်စာ (Food Additives) များကို ထည့်သွင်း လာကြပါသည်။ ထိုသို့ ထည့်သွင်းရာတွင် အရောင်လှမှ စားချင်ကြသော စားသုံးသူများအတွက် လတ်ဆတ်သည့် အမြင်ကိုပေးပြီး ဆွဲဆောင်နိုင်ရန် အလို့ငှာ အစားအစာများကို သစ်ခေါက်၊ သစ်သီး၊ ဟင်းသီးဟင်းရွက် စသည်တို့မှ ခက်ခဲစွာ ထုတ်လုပ်ရယူသည့် တန်ဖိုးကြီးမားသော သဘာဝ အရောင် (Natural Color)ကို ထုတ်လုပ်ပြီး မသုံးစွဲတော့ဘဲ သဘာဝအရောင်အတိုင်း တူအောင် တုပထားပြီး ဓာတုကုန်ကြမ်းမှ ထုတ်လုပ်ထားသော အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် ဓာတုအရောင် ဆိုးဆေးများ (Synthetic Color)ကို အသုံးပြုလာကြပါသည်။

ဓာတု အရောင်ဆိုးဆေးများ (Synthetic Color)များအကြောင်း အသေးစိတ်ကို နောက်တစ်ပတ်တွင် ဆက်လက်ဖော်ပြသွားပါမည်။

## Re-export နဲ့ ဘယ်လိုကုန်သွယ်ကြမလဲ

|မယ်သီတာ|

■ **ယခင်တစ်ပတ်မှ အဆက်**

Re-export စနစ်အတွက် မှတ်ပုံတင်ကြေး အဖြစ် ကျပ်ငါးသောင်း (၅၀၀၀၀ ကျပ်)သတ်မှတ်ထားပြီး မှတ်ပုံတင်သက်တမ်းမှာ တစ်နှစ်ဖြစ်ပါတယ်။

မှတ်ပုံတင်သက်တမ်းတစ်နှစ်ပြည့် မြောက်ပြီး ထပ်မံသက်တမ်းတိုးလိုပါက တစ်နှစ်စာအတွက် ကျပ်ငါးသောင်း (ကျပ် ၅၀၀၀၀)ပေးသွင်းရမှာဖြစ်ပါတယ်။

Re-export စနစ်နဲ့ကုန်သွယ်မှု ပြုနေတဲ့ ကုမ္ပဏီရဲ့အမည်၊ လိပ်စာနဲ့ ဒါရိုက်တာအဖွဲ့ဝင် စတဲ့ ကုမ္ပဏီနဲ့ ပတ်သက်သမျှကို ပြင်ဆင်လိုတယ်ဆိုရင်တော့ ပြင်ဆင်ချက်တစ်ချက်အတွက် ကျပ်တစ်ထောင်(ကျပ် ၁၀၀၀)ဖြစ်ပါတယ်။

ဒါ့အပြင် Re-export စနစ်နဲ့ ကုန်သွယ်မှုပြုဖို့ ထုတ်ပေးထားတဲ့ မှတ်ပုံတင်ကတ်ပြား ပျောက်ဆုံးသည်ဖြစ်စေ၊ ပျက်စီးသည်ဖြစ်စေ အသစ်ပြန်လည် လျှောက်ထားနိုင်ပါတယ်။

အဲဒီလိုလျှောက်ထားရာမှာ မိတ္တူမှန်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ မိတ္တူမှန်ရရှိဖို့အတွက် ပျောက်ဆုံးကြောင်း သတင်းစာကြော်ငြာမူရင်းနဲ့ ရပ်ကွက်/ ရဲစခန်း ထောက်ခံချက်တို့နဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။

**လိုင်စင်ဘယ်လိုလျှောက်ကြမလဲ**

Re-export လိုင်စင်လျှောက်ထားရာမှာ ကုမ္ပဏီအသစ်တွေ၊ ထပ်မံလျှောက်ထားသူတွေအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ စိစစ်ရေးအဖွဲ့ထံ ပထမဦးစွာ လျှောက်ထားရမှာဖြစ်ပါတယ်။

Re-export စနစ်အတွက် သွင်းကုန်/ပို့ကုန်လိုင်စင် လျှောက်ထားရာမှာ ပူးတွဲတင်ပြရမယ့် စာရွက်စာတမ်းများကို စိစစ်ရေးအဖွဲ့က စိစစ်ပြီး ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။

လိုအပ်တဲ့စာရွက်စာတမ်းတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ
(၂) Sale Contract & Invoice
(၃) တင်သွင်းခြင်း/ တင်ပို့ခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်
(၄) တင်သွင်းမည့် ကုမ္ပဏီနိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်၏ နိုင်ငံခြားငွေ လက်ကျန်သည် တင်သွင်းမည့် ကုန်ပစ္စည်းတန်ဖိုး၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းရှိရမည်။ (Re-export တင်သွင်း/ တင်ပို့ခြင်းကို တတိယအကြိမ်လျှောက်ထားခြင်းဖြစ်ပါကအနည်းဆုံး ပထမအကြိမ်အတွက် ဘဏ်ဝင်ငွေစာရင်း တင်ပြနိုင်ရမည်။)
(၅) Re-export နည်းလမ်းဖြင့် တင်သွင်းခြင်း/ တင်ပို့ခြင်းဆောင်ရွက်ရာတွင်သယ်ယူပို့ဆောင်မည့်လမ်းကြောင်းဖော်ပြရမည်။

➡ ဆက်လက်ဖော်ပြပါမည်။

# (၄၉) ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးမှ တောင်တရုတ်ပင်လယ်ပြင် အငြင်းပွားမှုအတွက် ပူးတွဲကြေညာချက်ထုတ်ပြန်

(၄၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး (AMM) ကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ဇူလိုင် ၂၆ ရက်က ကျင်းပပြီးဆုံးခဲ့ပါတယ်။ အစည်းအဝေးအပြီးမှာ တောင်တရုတ်ပင်လယ်ပိုင်နက်နယ်မြေ အငြင်းပွားမှုနဲ့ပတ်သက်ပြီး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။




"သဘောတူညီချက်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ဘုံအကျိုးစီးပွားကို ညီညီညွတ်ညွတ် ကာကွယ်ဆောင်ရွက်နေတယ်ဆိုတဲ့အချက်ကို ပြသလျက်ရှိနေတာကို တွေ့ရပါတယ်"လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်တနိုမာဆုဒီက ပြောပါတယ်။

အာဆီယံမူဘောင်နဲ့ အာဆီယံမူဘောင်ကို ကျော်လွန်နေတဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ ပြဋ္ဌာန်းချက်နဲ့အညီ ဥပဒေရေးရာနဲ့ သံတမန်ရေးရာ ကိစ္စများကို အဖွဲ့ဝင်နိုင်ငံ များက လေးစားလိုက်နာသွားမှာဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။

"အာဆီယံနိုင်ငံတွေက ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို လေးစားလိုက်နာမှာ ဖြစ်ကြောင်းကို ပူးတွဲကြေညာချက်က ဖော်ပြနေပါတယ်"ဟု ရက်တနိုက ပြောပါတယ်။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကိုလည်း အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ပြီး အစည်းအဝေးမှာ ထုတ်ပြန်ခဲ့ပါတယ်။ နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးကို အကောင်အထည်ဖော်ရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အာဆီယံပဋိညာဉ်စာချုပ်နဲ့ အရှေ့တောင်အာရှချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွေကို လိုက်နာသွားမှာဖြစ်ကြောင်းလည်း သူက ပြောပါတယ်။

အာဆီယံနဲ့ တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးတွေက တောင်တရုတ်ပင်လယ် အငြင်းပွားမှု ဖြေရှင်းရာတွင် Declaration of Conduct အကောင်အထည် ဖော်ရေးဆိုင်ရာ ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ပူးတွဲကြေညာချက်မှာ အခြားအရေးကြီးတဲ့ ပြဿနာတွေကိုလည်း ဖော်ပြခဲ့ရာ တရားမဝင်ငါးဖမ်းမှု ကာကွယ်ရေး၊ ရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်ပေးရေး၊ လူကုန်ကူးမှု ကာကွယ်ရေးနဲ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြိုခွင်းရေးဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။

ပူးတွဲကြေညာချက်တွင် နျူကလီးယားလက်နက်သုံးစွဲမှု ရှောင်ကြဉ်ရေး၊ ပါလက်စတိုင်း လွတ်လပ်ရေးကို ထောက်ခံရေး၊ အာဆီယံဆက်သွယ်ရေး တိုးတက် ကောင်းမွန်ရေးတို့အပြင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးနဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးအတွက် ၂၀၃၀ ပြည့် ကုလသမဂ္ဂရည်မှန်းချက် အကောင်အထည်ဖော်ရေးတို့ပါဝင်ပါတယ်။

## အာဆီယံပင်လယ်ရေကြောင်း အကျပ်အတည်းကြောင့် ကုန်သွယ်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ငါးထရီလီယံကျော် ထိခိုက်နိုင်

တောင်တရုတ်ပင်လယ်အတွက် ဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုတွေ ကြီးထွားနေတာကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က ရပ်တန့်အောင် မဆောင်ရွက်နိုင်ရင် ဒေသတွင်းမှာ စီးပွားရေးဂယက်ရိုက်ခတ်မှုတွေ ရှိလာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သတိပေးထားကြောင်း စတန်းဒတ်ဘစ္စနက်သတင်းမှာ ဖော်ပြပါတယ်။

"တောင်တရုတ်ပင်လယ်ကိုဖြတ်ပြီး နှစ်စဉ် ကုန်သွယ်ရေး လမ်းကြောင်းဖြတ်သန်းမှုက အမေရိကန်ဒေါ်လာ ၅ဒသမ ၃ ထရီလီယံအထိရှိပါတယ်။ စုစုပေါင်း ကုန်သွယ်မှုအနက် အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၁ဒသမ ၂ထရီလီယံရှိပါတယ်။ အကျပ်အတည်း ပေါ်လာပြီဆိုရင် အာမခံကြေး တိုးတက်လာပြီး တစ်ဆင့်ခံသယ်ယူမှုလမ်းကြောင်းမှ သယ်ယူစရိတ် မြင့်တက်လာမှာဖြစ်တဲ့အတွက် ကုန်သင်္ဘောတွေ လမ်းကြောင်းပြောင်းလဲမှုကြောင့် ဒေသတွင်း စီးပွားရေးတွေကို ထိခိုက်နိုင်ပါတယ်"လို့ အာရှ မဟာဗျူဟာနဲ့ အပြည်ပြည်ဆိုင်ရာ လေ့လာရေးစင်တာမှ အကြံပေး ဘွန်နီဂလက်ဆာက ပြောပါတယ်။

ဖိလစ်ပိုင်ပင်လယ်ပြင် အငြင်းပွားမှုနဲ့ပတ်သက်ပြီး အငြင်းပွားမှု ဖျန်ဖြေရေး တရားရုံးက ဖိလစ်ပိုင်နိုင်ငံကို အနိုင်ပေးဆုံးဖြတ်ပြီးနောက် အရေးယူဆောင်ရွက်မှုတွေကို အာဆီယံက အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ဂျကာတာအခြေစိုက် ဟာဘီဘီစင်တာမှ အေအီဘရာဟင်အယ်လ်မွတ်တာဂီက ပြောပါတယ်။

"ဆုံးဖြတ်ချက်ချနိုင်ဖို့သက်သက်ဆောင်ရွက်နေတာတောင် အာဆီယံအတွက် အခက်အခဲရှိနေတာကို တွေ့ရပါတယ်။ တောင်တရုတ်ပင်လယ်ပြဿနာဖြေရှင်းရာမှာ အာဆီယံက အရေးပါ အရာရောက်တဲ့နေရာက ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်စရာတွေ အများကြီး ရှိနေပါတယ်"လို့ မာကာတီစီးတီးမှာပြုလုပ်တဲ့ ဖိုရမ်တစ်ခုမှာ အယ်လ်မွတ်တာဂီက ပြောပါတယ်။

## ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေက ကုန်သွယ်မှု ကန့်သတ်ချက် အစီအမံတွေ တိုးမြှင့်ကျင့်သုံးလာ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ကုန်သွယ်မှုပြုရာမှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအမံများထက် ကုန်သွယ်မှုကန့်သတ်ချက် အစီအမံများကို ပိုမိုဆောင်ရွက်လာကြောင်း ဂျီတီရီဗျူးသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလလယ်မှ ၂၀၁၆ ခုနှစ် မေလလယ်ထိ ပြန်လည်သုံးသပ်တဲ့ ကာလအတွင်း အဖွဲ့ဝင်နိုင်ငံများက ကျင့်သုံးခဲ့တဲ့ ကုန်သွယ်ရေး ကန့်သတ်ချက် အစီအမံပေါင်း ၁၅၄ခု ရှိခဲ့ကြောင်း ဒဗလျူတီအိုမှ နောက်ဆုံးထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ယခုပမာဏက ယခင်စစ်တမ်း ကောက်ယူခဲ့တဲ့ကာလနဲ့ နှိုင်းယှဉ်ပါက ၄၇ရာခိုင်နှုန်း ပိုမိုတိုးတက်လာတာဖြစ်ပါတယ်။ လစဉ် ပျမ်းမျှ တွက်ချက်ပါက တစ်လကို ကုန်သွယ်မှု ကန့်သတ်ချက်အစီအမံ ၂၂ခု ထုတ်ပြန်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအစီအမံ ထုတ်ပြန်ချက်က ၁၉ ခုရှိပါတယ်။

"ကုန်သွယ်မှု ကန့်သတ်ချက် အစီအမံသစ်တွေက လစဉ်တိုးတက်နေတဲ့ အတွက် ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ လစဉ် တိုးတက်မှုနှုန်းကလည်း အမြင့်ဆုံးသို့ ရောက်ရှိနေပါတယ်။ ဒါကြောင့် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်"လို့ ဒဗလျူတီအိုအထွေထွေ အတွင်းရေးမှူး အဇယ်ဗယ်ဒိုက ပြောပါတယ်။

အကြောင်းတရားအမျိုးမျိုးကြောင့် ကိုယ်ကျိုးစီးပွားကာကွယ်မှု လုပ်ရပ်များက မြင့်တက်နေပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်း ဖွံ့ဖြိုးတိုးတက်မှုကို ဆန့်ကျင်တဲ့ စိတ်ဓါတ်မြင့်မားလာခြင်း၊ ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုအတွက် စိုးရိမ်ခြင်း၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ချုပ်ဆိုခဲ့တဲ့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူ စာချုပ်များကြောင့် ဖြစ်ပေါ်လာမယ့် အန္တရာယ်များကို ကာကွယ်လိုခြင်း စတဲ့ အခြေအနေများကြောင့် ပြည်တွင်းစီးပွားရေးများကို ပြန်လည်ထိခိုက်မယ့် အခြေအနေများကို တွေ့ရကြောင်း အစီရင်ခံစာမှာ သုံးသပ်ထားပါတယ်။

ခြုံငုံသုံးသပ်မယ်ဆိုပါက ဒီလိုအခြေအနေတွေကြောင့် ဒဗလျူတီအိုက ဆောင်ရွက်နေတဲ့ လွတ်လပ်စွာကုန်သွယ်မှု မြှင့်တင်ရေး ကြိုးပမ်းချက်များအတွက် စိန်ခေါ်မှုများကို ဖန်တီးလျက်ရှိပါတယ်။

## ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမှာ တီထွင်ဆန်းသစ်မှု တိုးတက်ကောင်းမွန်ရေးအတွက် နည်းလမ်းရှာမည်

စက်တင်ဘာလအတွင်း တရုတ်နိုင်ငံမှာ ကျင်းပမယ့် ဂျီ-၂၀နိုင်ငံတွေရဲ့ ထိပ်သီးဆွေးနွေးပွဲမှာ တီထွင်ဆန်းသစ်မှုကို ကမ္ဘာ့စီးပွားရေး နှေးကွေးမှု တိုက်ဖျက်ရေး နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်သွားမယ်လို့ အာဂျင်တီးနားမှ လေ့လာဆန်းစစ်ရေးမှူး ဂျော့ကတ်စထရိုက ပြောကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာတစ်ဝန်း စီးပွားရေးကျဆင်းမှုက ကမ္ဘာ့အုပ်ချုပ်ရေး လုပ်ငန်းတွေကိုထိခိုက်စေတဲ့အတွက် ဒီပြဿနာက ဂျီ-၂၀ အတွက် ပထမဆုံး ဦးစားပေးဖြေရှင်းရမယ့် ပြဿနာဖြစ်နေကြောင်း ဗျူနိုအေရီအခြေစိုက် မဟာဗျူဟာစီမံကိန်းအဖွဲ့ ညွှန်ကြားရေးမှူး ကတ်စထရိုက ပြောပါတယ်။

တီထွင်ဆန်းသစ်မှုရှိတဲ့၊ ပြန်လည်ရှင်သန်လာတဲ့၊ အပြန်အလှန်ချိတ်ဆက်မှုရှိတဲ့၊ အလုံးစုံပါဝင်တဲ့ ကမ္ဘာ့စီးပွားရေးစနစ် ထူထောင်ရေးက အဓိကရည်မှန်းချက် ဖြစ်ပါတယ်။ တီထွင်ဆန်းသစ်မှုကို စီးပွားရေးပြန်လည်ရှင်သန်စေမယ့် နည်းလမ်းတစ်ရပ်အဖြစ် ခံယူထားတဲ့ တရုတ်နိုင်ငံက ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမှာ ဖြစ်တဲ့အတွက် နည်းလမ်းတွေ ရှာဖွေဖော်ထုတ်ပေးနိုင်မယ်လို့ ယူဆရကြောင်း သူက ပြောပါတယ်။

တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးရေးက ကမ္ဘာမှာ ထိပ်တန်းဦးစားပေး အခြေခံအကြောင်းတရားတစ်ခု ဖြစ်နေကြောင်း သူက ပြောပါတယ်။

ဇူလိုင် ဒုတိယပတ်က ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးတွေက တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ချန်ဒူးမြို့မှာ တွေ့ဆုံဆွေးနွေး ခဲ့ကြပါတယ်။ ဒီအစည်းအဝေးက ထိပ်သီးအစည်းအဝေးမတိုင်မီ ကြိုတင်ပြင်ဆင်တဲ့ အစည်းအဝေးဖြစ်ပြီး ကမ္ဘာ့စီးပွားရေးအပေါ် ယုံကြည်မှုမြှင့်တင်ဖို့နဲ့ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများက ရနိုင်သမျှ မူဝါဒလက်နက်ကိရိယာတွေကို အသုံးပြုပြီးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အစည်းအဝေးအပြီး ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေး ပတ်ဝန်းကျင်မှာ စိန်ခေါ်မှုတွေရှိနေပြီး စီးပွားရေး တိုးတက်နှုန်း တစ်ဟုန်ထိုးကျဆင်းမယ့် အန္တရာယ်ရှိနေကြောင်း ကတ်စထရိုက ပြောပါတယ်။ ကုန်စည်ဈေးနှုန်းတွေ မတည်ငြိမ်မှု၊ နိုင်ငံ အများအပြားမှာ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းမှုနဲ့ ဈေးကွက်မတည်မငြိမ်မှု၊ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ဒုက္ခသည်အကျပ်အတည်းနဲ့ အကြမ်းဖက်တိုက်ခိုက်မှု၊ ဘရက်ဇစ် စတဲ့ ပြဿနာတွေကြောင့် ဒီအခြေအနေမျိုးတွေဖြစ်ခဲ့ရကြောင်း သူက ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဝါရှင်တန်

ဆမ်ဆောင်း အီလက်ထရွန်းနစ် ကုမ္ပဏီက ယခုနှစ် ဒုတိယသုံးလပတ်မှာ စမတ်ဖုန်း ၇၇သန်း ရောင်းချရတဲ့အတွက် ယခင်နှစ်ကထက် ၅ ဒသမ ၅ရာခိုင်နှုန်း ပိုမိုတိုးတက်ကာ ဈေးကွက်ဝေစုရဲ့ ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ဒါကြောင့် ၁၅ရာခိုင်နှုန်း အရောင်းကျဆင်းပြီး ဈေးကွက်ဝေစုရဲ့ ၁၁ ဒသမ ၈ ရာခိုင်နှုန်းကို ရယူနိုင်တဲ့ အက်ပဲလ်ကုမ္ပဏီကို ကျော်တက်နိုင်ခဲ့တယ်လို့ သုတေသနလုပ်ငန်း IDC က ပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

ဂျပန်နိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်းက ဇွန်လမှာ ၃ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ၂၁ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့တဲ့အတွက် ဂျပန်ကုမ္ပဏီများက အလုပ်သမားဈေးကွက်အတွင်းမှ လုပ်သားများကို ပိုမိုခန့်ထားဖို့ ဆန္ဒရှိတာကို ပြသနေကြောင်း ဇူလိုင် ၂၉ရက်ကထုတ်ပြန်တဲ့ကိန်းဂဏန်းများကို ကိုးကားပြီး ဂျပန်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းအမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်း-၂ (၂၀၁၇-၂၀၂၁ခု) ကို ခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာနက ရေးဆွဲပြီး တင်ပြထားရာ မူကြမ်းကို ဝန်ကြီးအဖွဲ့က အတည်ပြုပြီးပါက ခရီးသွားလုပ်ငန်းအတွက် မဟာစီမံကိန်း (Master Plan) ဖြစ်လာလိမ့်မယ်လို့ ဝန်ကြီးဌာနရဲ့ အမြဲတမ်းအတွင်းဝန်ရုံးက ပြောကြားကြောင်း တီတီအာဝိကလီးသတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

စက်တင်ဘာမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးမယ်ဆိုပါက ဖိလစ်ပိုင် အပါအဝင် ဖွံ့ဖြိုးဆဲဈေးကွက်တွေအတွက် အကျိုးဖြစ်စေနိုင်တယ်လို့ ဖိလစ်ပိုင်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး အာမန်ဒိုတက်တန်ကို ဂျူနီယာကပြောကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## SOUTH ASIA

# အိန္ဒိယ ဒစ်ဂျစ်တယ်စီးပွားရေးအနာဂတ်အတွက် အနုပညာတီထွင်ဖန်တီးမှုကို ဦးစားပေးဆောင်ရွက်မည်

အိန္ဒိယဒစ်ဂျစ်တယ် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အွန်လိုင်းမှဆက်သွယ်မှု လွယ်ကူရေး၊ ဆက်သွယ်မှု ကုန်ကျစရိတ်သက်သာရေး၊ အရည်အသွေးပြည့် အနုပညာဖန်တီးမှု ပေါ်ပေါက်ရေးနဲ့ အွန်လိုင်းမှမီဒီယာ တင်ဆက်မှုများရဲ့ ပိုင်ဆိုင်ခွင့်များကို အကာအကွယ်ပေးရေးတို့က အဓိက မောင်းနှင်အားဖြစ်လိမ့်မယ်လို့ အိန္ဒိယကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FICCI) က မကြာသေးမီက ဆောင်ရွက်ခဲ့တဲ့ နှီးနှောဖလှယ်ပွဲမှာ အိန္ဒိယရုပ်ရှင်လုပ်ငန်းနဲ့ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းမှ အကြီးတန်း အမှုဆောင်များကပြောကြောင်း တယ်လီဗီးရှင်းပို့စ်သတင်းမှာ ဖော်ပြပါတယ်။

FICCI က လေ့စ်အိန်ဂျယ်လိ အိန္ဒိယရုပ်ရှင်ကောင်စီနဲ့ပူးတွဲပြီး အိန္ဒိယဒစ်ဂျစ်တယ် အနုပညာစီးပွားရေးလုပ်ငန်းကို လေ့လာစိစစ်တဲ့ "Fast Track Inldia: Bolstering Growth In The Digital Content Economy" ဆိုတဲ့ နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါတယ်။ နှီးနှောဖလှယ်ပွဲမှာ ရုပ်ရှင်လုပ်ငန်းက အိန္ဒိယဒစ်ဂျစ်တယ်စီးပွားရေးရဲ့ အဓိက မောင်းနှင်အားအဖြစ် ပါဝင်မှုအနေအထားကို သုံးသပ်ခဲ့ပါတယ်။

အနုပညာတီထွင်ဖန်တီးမှုလုပ်ငန်းများမှ အမှုဆောင်တွေက လက်ရှိဖြစ်ပေါ်နေတဲ့ ကြီးကြပ်ထိန်းသိမ်းရေးနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ စိန်ခေါ်မှုတွေကို အကဲဖြတ်သုံးသပ်ပြီး အနာဂတ်ဖွံ့ဖြိုးမှုအလားအလာများကို သုံးသပ်ခဲ့ပါတယ်။ အိန္ဒိယဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်အားပေးနိုင်ရေးအတွက် ဒစ်ဂျစ်တယ် အနုပညာဖန်တီးမှု လုပ်ငန်းများမှ ငွေကြေးရရှိနိုင်မယ့် နည်းလမ်းများကို ဖော်ထုတ်ခဲ့ကြပါတယ်။

ဆက်သွယ်မှု နည်းပညာတီထွင်ဆန်းသစ်မှုနဲ့ အနုပညာတင်ဆက်နိုင်မယ့် ပလက်ဖောင်းတွေတိုးတက်များပြားလာမှုတွေ ပေါင်းစည်းဖြစ်ပေါ်မှုက စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်မှာဖြစ်ကြောင်း ရုပ်ရှင်ထုတ်လုပ်သူနဲ့ FICCI ရဲ့ အနုပညာဖျော်ဖြေရေးဌာနခွဲ ပူးတွဲဥက္ကဋ္ဌ ရာမက်စစ်ပီက နှီးနှောဖလှယ်ပွဲဖွင့်ပွဲမှာ ပြောပါတယ်။ အနုပညာတင်ဆက်မှု ပလက်ဖောင်းတွေ အကာအကွယ်ပေးဖို့နဲ့ လျင်မြန်စွာပြောင်းလဲနေတဲ့ ဈေးကွက်မှာရှိနေတဲ့ အလားအလာတွေကို အပြည့်အဝသုံးနိုင်ဖို့ အနုပညာလုပ်ငန်းဖြင့် ငွေရရှိအောင် ရှာဖွေဖို့အတွက် ဆောင်ရွက်ရာမှာ အစိုးရရဲ့ အခန်းကဏ္ဍကလည်း အရေးပါကြောင်း သူကပြောပါတယ်။

## SOUTH EAST ASIA

# ဗီယက်နမ်မှဒစ်ဂျစ်တယ်မားကက်တင်းက ကုန်အမှတ်တံဆိပ်များ ဈေးကွက်ဝင်ရေးအတွက် အရေးပါ

အပြည်ပြည်ဆိုင်ရာ ဈေးကွက်အတွင်းသို့ ဗီယက်နမ် ကုန်အမှတ်တံဆိပ်များက ထိုးဖောက် ဝင်ရောက်ရာမှာ ဒစ်ဂျစ်တယ်နည်းနဲ့ ဈေးကွက်ရှာဖွေမှု (ဒစ်ဂျစ်တယ်မားကက်တင်း) က ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးတယ်လို့ ဇူလိုင် ၂၇ ရက်က ဟနွိုင်းမြို့မှာ ကျင်းပတဲ့ ၂၀၁၆ခု ဗီယက်နမ်စီးအီးအို ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်လာသူတွေကပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။



ဒစ်ဂျစ်တယ် မားကက်တင်းက ကုန်ပစ္စည်းသစ်တွေကို ဈေးကွက်သို့ လျင်မြန်စွာ စတင် တင်ပို့ပေးနိုင်တဲ့အတွက် အနာဂတ်ကာလမှာ ဒီလုပ်ငန်းက ဗီယက်နမ်မှာ ခိုင်မာစွာ ဖွံ့ဖြိုးနိုင်ပါတယ်။ ဒါကြောင့် ကုန်အမှတ်တံဆိပ်တွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် သမားရိုးကျ ကြော်ငြာလုပ်ငန်းတွေက ဒစ်ဂျစ်တယ် မားကက်တင်းကို အသုံးပြုသင့်ပါတယ်။

ဖောက်သည်တွေအကြောင်းကို နက်နက်ရှိုင်းရှိုင်း နားလည်မယ်ဆိုရင် စွမ်းအားကောင်းတဲ့ ဈေးကွက်ရှာဖွေရေး မဟာဗျူဟာတွေကို ချမှတ်နိုင်မှာဖြစ်ကြောင်း၊ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခဂျွန်ကွဲက ထိပ်သီးအစည်းအဝေးမှာပြောပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းဖြင့် ကုန်အမှတ်တံဆိပ်များအတွက် စီးပွားရေးမဟာဗျူဟာများ၊ ထုတ်ကုန်များ၊ ဆက်သွယ်ရေးနဲ့ ဈေးနှုန်းများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။

ဈေးကွက်များကလည်း ဈေးကွက်အစိတ်အပိုင်း အသီးသီးမှ ဝယ်လိုအားတွေနဲ့အညီ ချိန်ညှိပေးရန် လိုအပ်သလို ပြောင်းလဲလာတဲ့ နည်းပညာ၊ ဖောက်သည်နဲ့ လူ့အဖွဲ့အစည်းတို့နဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။

ငါးနှစ်ကျော် ကာလအတွင်း အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တရုတ်နဲ့ အရှေ့တောင်အာရှဒေသမှာ လုပ်ငန်းသစ်တွေ အများကြီး ပေါ်ထွန်းခဲ့ပါတယ်။ လူငယ်လူရွယ်ဦးရေ ဖွံ့ဖြိုးမှုနဲ့ စမတ်ဖုန်းသုံးစွဲမှု မြင့်တက်လာတဲ့ အခြေအနေတွေက လူတွေရဲ့ စားသုံးမှုပုံစံနဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်တဲ့ နည်းလမ်းကို ပြောင်းလဲစေခဲ့ပါတယ်။ ဒါကြောင့် ဗီယက်နမ်မှာ လုပ်ငန်းသစ်ထူထောင်ရာမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လုပ်ငန်းသစ်များအနေဖြင့် မိမိတို့အခြေအနေနဲ့ သင့်တော်တဲ့ ဈေးကွက်မဟာဗျူဟာ ချမှတ်လိုကြောင်း ပါမောက္ခက ပြောပါတယ်။

## EAST ASIA

# အလုပ်သမားဆန္ဒပြမှုများကြောင့် ပို့ကုန်ထပ်မံကျဆင်းမယ်လို့ တောင်ကိုးရီးယား ကုန်သွယ်ရေးဝန်ကြီး ခန့်မှန်း

မော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေမှာ အလုပ်သမားသပိတ်များ အဆက်မပြတ် ဖြစ်ပွားခဲ့တဲ့အတွက် တောင်ကိုရီးယား ရဲ့ ဇူလိုင် ပို့ကုန်က ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် ဆက်လက်ကျဆင်းခဲ့တယ်လို့ ဇူလိုင် ၂၅ ရက်မှာ ကုန်သွယ်ရေးဝန်ကြီးက ပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

မော်တော်ကား ထုတ်လုပ်ရေး လုပ်ငန်းကြီးဖြစ်တဲ့ ဟွန်ဒိုင်းမော်တာကုမ္ပဏီနဲ့ ကီးယာမော်တာကုမ္ပဏီတွေမှာ အလုပ်သမား ဆန္ဒပြမှုတွေ ဖြစ်ပေါ်လာတဲ့အတွက် ဇူလိုင် မော်တော်ကားထုတ်လုပ်မှုက ကားစီးရေ ၁၆၀၀၀ ထိ ကျဆင်းနိုင်ကြောင်း ဆီဂျောင်းမြို့မှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ ကုန်သွယ်ရေးဝန်ကြီး ဂျူးဟွန်ရှန်က သတင်းထောက်တွေကို ပြောပါတယ်။

“ဒီနှစ် ပထမနှစ်ဝက်မှာ မော်တော်ကားထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၅ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မော်တော်ကားတင်ပို့မှုကလည်း ၁၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းတာကို တွေ့ရပါတယ်။ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းတစ်ခုလုံး ပြင်းထန်တဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရပြီး ကမ္ဘာ့ယှဉ်ပြိုင်မှုကြီးထွားနေချိန်မှာ အလုပ်သမားဆန္ဒပြမှုကြောင့် မော်တော်ကား ထုတ်လုပ်မှု ဆက်လက်ကျဆင်းမယ့် အခြေအနေကို တွေ့ရတာက ဝမ်းနည်းစရာကောင်းပါတယ်”လို့ ဝန်ကြီးက ပြောပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှု ဂယက်နဲ့အတူ ယခုနှစ် ဇူလိုင်လဆန်းမှာ အလုပ်ချိန်တွေ ကျဆင်းတဲ့အတွက် ပို့ကုန်တွေ ဆက်လက်ကျဆင်းနိုင်ပါတယ်။

## USA

# ဈေးနှုန်း အခြေအနေကြောင့် ရေနံဝယ်လိုအား ကျဆင်းခဲ့တာကို အမေရိကန်စိုးရိမ်

အမေရိကန် ပြည်ထောင်စုရဲ့ ရေနံစိမ်းဈေးနှုန်းက ဇွန်လ အတွင်းမှာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၀ အထိ ရောက်ရှိပြီး အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ နှစ်နှစ်ကြာ ရေနံစိမ်းဈေးနှုန်း ကျဆင်းမှုလည်း အဆုံးသတ်ပြီလို့ ယူဆလာကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ နောက်ထပ်ရက်သတ္တပတ် ခြောက်ပတ်အကြာမှာတော့ ရေနံဈေးတွေ ပြန်လည်နာလန်ထူမယ်ဆိုတဲ့ ရည်မှန်းချက် မပြည့်ဝသေးတာကို တွေ့ရပါတယ်။

ထုတ်လုပ်မှုများတိုးတက်ပြီး ရေနံတွင်းတူးစင်များ ပိုမိုများပြားလာချိန်မှာ ဝယ်လိုအားက မျှော်မှန်းထားသလောက်ဖြစ်မလာတဲ့အတွက် ရေနံဈေးနှုန်းတွေ ပြန်လည်နာလန်ထူမြင့်တက်လာဖို့အတွက် နောက်ထပ်တစ်နှစ် သို့မဟုတ် တစ်နှစ်ကျော်လောက် အချိန်ယူရဦးမယ်လို့ လေ့လာဆန်းစစ်သူတွေက ယုံကြည်ထားပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေက တစ်စည်ကို အမေရိကန်ဒေါ်လာ ၆၀ အထိ တိုးတက်လာမယ့်အစား ဝယ်လိုအားက ပြဿနာဖြစ်နေခြင်းနဲ့ ရောင်းလိုအားအတွက် စိုးရိမ်မှုများဖြစ်ပေါ်နေခြင်းတို့ကြောင့် ရေနံစိမ်းဈေးနှုန်းတွေ ထပ်မံကျဆင်းမယ့်သဘောကိုပြသနေပါတယ်။ ယခုနှစ် ကျန်ကာလများမှာ ဓာတ်ဆီဝယ်လိုအား အလားအလာကျဆင်းမယ်လို့ အမေရိကန်ပြည်ထောင်စု စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။ မူလက ဓာတ်ဆီအသုံးပြုမှုကို တစ်ရက် စည် ၂၂၀၀၀ ရှိမယ်လို့ ခန့်မှန်းထားရာမှ ၁၆၀၀၀၀ ရှိမယ်လို့ ဝန်ကြီးဌာနက ပြင်ဆင်ခန့်မှန်းထားပါတယ်။

ဘရက်ဇစ်ဂယက်ကြောင့် ဥရောပဒီဇယ်ဝယ်လိုအားကလည်း ခန့်မှန်းထားတာထက် ပိုမိုကျဆင်းနိုင်တယ်၊ တရုတ်နိုင်ငံကလည်း ဒီဇယ်ကိုသိုလှောင်ထားပြီး ဖြစ်တဲ့အတွက် အာရှဝယ်လိုအားကို ထိန်းချုပ်မှုဖြစ်စေနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

■



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်အဖြစ် အမေရိကန် ဒေါ်လာ ၂၆၅ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း ဂျပန် ဗဟိုဘဏ်က ဇူလိုင် ၂၉ ရက်မှာ ကြေညာခဲ့ပါတယ်။ ဗဟိုဘဏ်ရဲ့ ကြေညာချက်က ဈေးကွက်က မျှော်မှန်းထားသလောက်ဖြစ်မလာတဲ့အတွက် အာရှငွေကြေး အများစုရဲ့ တန်ဖိုးတွေ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာမြင့်တက်လာခဲ့ရပါတယ်။

အမေရိကန်နိုင်ငံ ပြင်ပမှာ စီးပွားရေးအရ အထိတ်တလန့်ဖြစ်မှုတွေ ရှိလာမယ်ဆိုရင် အမေရိကန် စီးပွားရေးအတွက် စိုးရိမ်စရာ မရှိတော့ဘူးလို့ အမေရိကန် ဗဟိုဘဏ်က ဇူလိုင် ၂၉ ရက်မှာ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် စက်တင်ဘာမှာ ကျင်းပမယ့် နောက်မူဝါဒ အစည်းအဝေးမှာ အတိုးနှုန်းမြှင့်တင်ရေး ကိစ္စအတွက် ပြတ်ပြတ်သားသား ပြောကြားခဲ့ခြင်း မရှိပါဘူး။

ဇွန်လအတွင်းက အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ ဆုံးဖြတ်ပြီးနောက်ပိုင်း ကမ္ဘာ့ဗဟိုဘဏ်တွေက ငွေကြေးတွေ ပိုမိုရိုက်ထုတ်လာမယ်လို့ ခန့်မှန်းကြတဲ့အတွက် လအလိုက်ကြည့်ရင် အာရှငွေကြေးအများစုတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

### တရုတ်ယွမ်

အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကို ဖြည်းဖြည်းချင်းသာ တိုးမြှင့်သွားလိမ့်မယ်လို့ ခန့်မှန်းကြတဲ့အတွက် တရုတ်ယွမ်ငွေ တန်ဖိုးရဲ့ ရက်သတ္တပတ်အလိုက် မြင့်တက်မှုက လေးလအတွင်း အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။

ဇူလိုင် ၂၉ရက် နံနက်က ရှန်ဟဲမှာ ယွမ်ငွေကြေး တန်ဖိုးက သုည ဒသမ ၃၆ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၅၅၈ ယွမ်နှုန်းရှိခဲ့ရာ ငါးရက်အတွင်း မြင့်တက်နှုန်းက ဧပြီလ ၁ ရက်နောက်ပိုင်း အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က ရည်ညွှန်း ဖလှယ်နှုန်းကို သုည ဒသမ ၁၃ ရာခိုင်နှုန်း မြှင့်တင်ခဲ့ပါတယ်။ ဟောင်ကောင်ရဲ့ Offshore ယွမ်ဖလှယ်နှုန်းက သုညဒသမ ၀၄ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၅၈၇ ယွမ်နှုန်း ရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယရူပီးတန်ဖိုးက စောစောပိုင်းမှာ မြင့်တက်နေခဲ့ရာမှ ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်များရဲ့ အမေရိကန်ဒေါ်လာရောင်းချမှု နှေးကွေးလာတဲ့အတွက် ရူပီးတန်ဖိုးက သုညဒသမ ၀၃ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၀၇ ရူပီးနှုန်းရှိခဲ့ပါတယ်။

### ဂျပန်ယန်း

ဇူလိုင် ၂၉ရက်က တိုကျို ဈေးကွက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၀၄ ဒသမ ၅ ယန်းနှုန်း ဝန်းကျင်နဲ့ ဖလှယ်လျက်ရှိပါတယ်။

ဒေါ်လာယန်း ဖလှယ်နှုန်းက ဇူလိုင် ၂၈ရက်က အမေရိကန် တစ်ဒေါ်လာကို နယူးယောက်ဈေးကွက်မှာ ၁၀၅ ဒသမ ၂၃ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ဒေါ်လာကို ၁၀၄ ဒသမ ၇၈ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက ဇူလိုင် ၂၈ရက် ညနေက နယူးယောက် ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၇၁ ဒေါ်လာနဲ့ ၁၁၆ ဒသမ ၅၄ ယန်းဖြင့် လည်းကောင်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၁၀၂ ဒေါ်လာနဲ့ ၁၁၆ ဒသမ ၂၂ ယန်း နှုန်းဖြင့် လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ ၁ဒသမ ၁၀၈၂ ဒေါ်လာနဲ့ ၁၁၆ ဒသမ ၁၁ ယန်းနှုန်း ရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ဗဟိုဘဏ် အတိုးနှုန်းကို ဆက်လက်ထိန်းသိမ်းထားမယ်လို့ အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူတွေက လုံခြုံစိတ်ချရတဲ့ ငွေကြေးတွေ ဘက်ကို ဦးတည်သွားတဲ့ အတွက် ယခင်နေ့က မြင့်တက်ခဲ့တဲ့ ရင်းဂစ်တန်ဖိုးက ဇူလိုင် ၂၉ရက်က ပြန်လည် ကျဆင်းခဲ့ပါတယ်။

ဇူလိုင် ၂၈ ရက်က အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၀၄၇၀ ရင်းဂစ်ရှိခဲ့ရာမှ နောက်တစ်ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၅၃၀ ရင်းဂစ်နှုန်းသို့ ရောက်ရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း တန်ဖိုး ကျဆင်းခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

နည်းပညာဆိုင်ရာ ကုမ္ပဏီရှယ်ယာတန်ဖိုး မြင့်တက်ခဲ့တဲ့ အတွက် ဇူလိုင် ၂၉ ရက်မှာ တောင်ကိုရီးယားရှယ်ယာတန်ဖိုးတွေ မြင့်တက်ခဲ့ပါတယ်။ အလားတူ ပြည်တွင်းငွေကြေး တန်ဖိုးကလည်း ယခင်နေ့ကထက် သုည ဒသမ ၇၀ ဝမ်နှုန်း ပိုမို မြင့်တက်ကာ ဇူလိုင် ၂၉ ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၁၂၃ ဒသမ ၇၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းနိုင်ငံအတွင်းသို့ နိုင်ငံခြားမှ မတည်ရင်းနှီးငွေတွေ စီးဝင်မှုကြောင့် ဘတ်ငွေတန်ဖိုးကလည်း ယခုလ လဆန်းမှ ယခုအချိန်ထိ သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ရိုက်တာသတင်း ဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဆိုပါက ဘတ်ငွေတန်ဖိုးက ဇူလိုင် ၂၈ ရက်ကအတိုင်း အပြောင်းအလဲ မရှိဘဲ အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၈၆ ဘတ်နှုန်းရှိခဲ့ပါတယ်။

## တောင်ကိုးရီးယားဘဏ်များက နိုင်ငံခြားငွေ အရန်ငွေ တိုးမြှင့်ထားရန်လိုအပ်

နိုင်ငံခြားငွေ မတည်ငွေများ အလုံးအရင်းနဲ့ စီးထွက်သွားပါက ကောင်းစွာထိန်းသိမ်းထားရှိနိုင်ဖို့အတွက် လာမယ့်နှစ်ကစပြီး အရန်ငွေကြေးများကို ပိုမိုထားရှိဖို့ ပြဋ္ဌာန်းမယ်လို့ ဇူလိုင် ၂၅ ရက်က တောင်ကိုရီးယား ထိပ်တန်းဘဏ္ဍာရေး ကြီးကြပ်မှုအဖွဲ့ကပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ပြည်တွင်းဘဏ်တွေက ထားရှိရမယ့် ငွေဖြစ်လွယ်မှု အချိုးကို ၂၀၁၇ ခုနှစ်မှာ ၆၀ ရာခိုင်နှုန်းထားရှိရမှာဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာ ၈၀ ရာခိုင်နှုန်းအထိ ထားရှိဖို့ လိုကြောင်း ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (Financial Services Commission) က ပြောပါတယ်။ ငွေဖြစ်လွယ်မှုအချိုး (Liquidity Coverage Ratio) ဆိုတာက ရက်ပေါင်း ၃၀ အတွင်း အသားတင် ပြန်လည်စီးထွက်သွားမယ့် နိုင်ငံခြားငွေကို ဖြေရှင်းပေးဖို့အတွက် ငွေဖြစ်လွယ်မှုရှိတဲ့ နိုင်ငံခြားရရန် ပိုင်ခွင့်များ လက်ဝယ်ထားရှိနိုင်မှု အချိုးဖြစ်ပါတယ်။ သဘောကတော့ ရေတိုကာလအတွင်း ပြန်လည်စီးထွက်သွားမယ့် နိုင်ငံခြားငွေကို ဖြေရှင်းပေးဖို့ လက်ဝယ်ထားရှိရမယ့် နိုင်ငံခြားငွေပမာဏ ဖြစ်ပါတယ်။

ယခုချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေကို နိုင်ငံခြားငွေများ ပြည်ပကိုအသားတင်စီးထွက်မှုရှိရင် ပြည်တွင်းဘဏ်တွေက ရေရှည်တည်ငြိမ်မှုရှိအောင် ထိန်းပေးနိုင်ဖို့အတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အများကရှုမြင်ထားကြပါတယ်။ ဒါပေမယ့် ငွေဖြစ်လွယ်မှုတင်းကျပ်ထားတဲ့ ပြဋ္ဌာန်းမှုတွေထဲမှာ တောင်ကိုရီးယားက လာရောက် လုပ်ကိုင်နေတဲ့ နိုင်ငံခြားဘဏ်တွေနဲ့ ကိုရီးယား ပို့ကုန်သွင်းကုန်ဘဏ်တွေ မပါဘူးလို့ ဆိုပါတယ်။ ပါဝင်ခြင်းမရှိတဲ့ အခြားဘဏ်တွေထဲမှာ နိုင်ငံခြား ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အောက်ရှိပြီး စုစုပေါင်းကြွေးမြီရဲ့ ၅ ရာခိုင်နှုန်း အထိမရောက်ရှိတဲ့ ပြည်တွင်းဘဏ်တွေ ဖြစ်ပါတယ်။

## ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒတွေ လျှော့ချမယ်လို့ ဈေးကွက်လေ့လာဆန်းစစ်သူအများစုခန့်မှန်း

ငွေကြေးဖောင်းပွမှုနှုန်းနဲ့ ဈေးနှုန်းအလားအလာတွေကို မြှင့်တင်ပေးဖို့အတွက် ဂျပန်ဗဟိုဘဏ်က လာမယ့် အစည်းအဝေးမှာ ငွေကြေးမူဝါဒတွေကို လျှော့ချပေးမယ်လို့ ဈေးကွက်လေ့လာသူတွေက ခန့်မှန်းထားတယ်လို့မကြာမီကထုတ်ပြန်တဲ့ လေ့လာချက်အစီရင်ခံစာမှာ ဖော်ပြထားကြောင်း နီကေးသတင်းမှာ ဖော်ပြထားပါတယ်။

Nikkei quick News က “ဗဟိုဘဏ်စောင့်ကြည့်သူများ” အဖွဲ့ အဖွဲ့ဝင်များကို ဇူလိုင် ၁၉ရက်မှ ၂၄ရက်အထိ စစ်တမ်း ကောက်ယူခဲ့ရာ ဗဟိုဘဏ်နဲ့ အတွေးအမြင်ချင်းနီးစပ်တဲ့ ဘဏ်လုပ်ငန်းနဲ့ အကျိုးဆောင်လုပ်ငန်းများမှ စီးပွားရေးပညာရှင်တွေ ပါဝင်ပါတယ်။ ဇူလိုင် ၂၈ ရက်နဲ့ ၂၉ ရက်မှာ ပြုလုပ်ဖို့စီစဉ်ထားတဲ့ ငွေကြေးမူဝါဒအစည်းအဝေးမှာ ငွေကြေးမူဝါဒ လျှော့ချမှုတွေအတွက် ဆက်လက်ပြုလုပ်လိမ့်မယ်လို့ လေ့လာဆန်းစစ်သူ ၂၈ ဦးက ခန့်မှန်းထားပါတယ်။

ဗဟိုဘဏ်က အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင်မှာပဲထားမယ်။ ETF လို့ခေါ်တဲ့ စတော့ဒိုင်တွေကနေ ရောင်းဝယ်တဲ့ ရန်ပုံငွေတွေကို ဝယ်ယူကြလိမ့်မယ်လို့ ခန့်မှန်းကြပြီး အစိုးရရဲ့ ဘွန်းစာချုပ်တွေကို ဝယ်ယူလိမ့်မယ်လို့ ခန့်မှန်းသူက အနည်းငယ်သာရှိပါတယ်။

ဂျပန်ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှုန်းကို ရည်မှန်းချက်အတိုင်း မြှင့်တင်နိုင်ဖို့အတွက် စီးပွားရေးလှုံ့ဆော် အားပေးမှု အစီအစဉ်တွေကို သုံးနှစ်ခန့် ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း ဒီအစီအမံတွေရဲ့ ထိရောက်မှုကို ပြန်လည်စဉ်းစားလာရပြီ ဖြစ်ပါတယ်။



ဂျပန်ဗဟိုဘဏ်ရဲ့ မူဝါဒအစည်းအဝေးကို ဇူလိုင် ၂၈ ရက်နဲ့ ၂၉ ရက်မှာကျင်းပခဲ့ပါတယ်။ မူဝါဒအစည်းအဝေးမှာ အစိုးရရဲ့ဘွန်းစာချုပ်တွေကို ပိုမိုဝယ်ယူခြင်းမပြုခဲ့သလို အတိုးနှုန်းတွေကိုလည်း တိုးမြှင့်မပေးဘဲ ညှိနှိုင်းမှု အနည်းငယ်သာ ပြုလုပ်ပေးခဲ့တဲ့အတွက် ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ပျက်စရာ ဖြစ်ခဲ့ရပါတယ်။


CAR SALE CENTER
UN YAN KHA SERVICES COMPANY LIMITED.
Facebook page: wun yan kha service company limited
G-mail :wunyankha.autocentre@gmail.com
website :www.wykmotors.com


RIXS
RIXS International Company Limited
TOYOTA LEXUS IS
2005 Model
G Grade
2500 cc
355 Lakhs
TOYOTA CROWN (Royal Saloon)
2004 Model
2500 cc
215 Lakhs
TOYOTA ALPHARD
2003 Model
2400 cc
205 Lakhs
TOYOTA WISH
2003 Model
1800 cc
125- Lakhs
TOYOTA MARK II
2003 Model
2000 cc
145 Lakhs
TOYOTA RAV 4
2003 Model
1800 cc
175- Lakhs
HONDA CRV
2003 Model
2000 cc
170 Lakhs
HONDA CIVIC (HYBRID)
2006 Model
1300 cc
110- Lakhs
TOYOTA MARK II
2003 Model
35th Anniversary
2000 cc
130 Lakhs
TOYOTA NOAH
2003 Model
1990 cc
130 Lakhs
TOYOTA PROBOX
2010
GL
1500 cc
5L/-------
140 Lakhs
TOYOTA COROLLA FIELDER (TAXI)
2007 Model
1490 cc
100 Lakhs
Head Office No.74 , 31st Street, Pabedan Township, Yangon, MYANMAR . Tel : 01 243737, 01 245732, Fax : 01 243737 Mobile : 09 43171713
Show Room No. 296, (E-2), Aye Yar Won Road, Tharkayta Township, Yangon, MYANMAR. Mobile : 09-425297240, 09 43171713
Email : contact@rixsmyanmar.com // Website : www.rixsgroup.com

C B BANK

# International Banking Services

## Trade Services

### Export Services

- Execution of Advance Payment
- LC Advising
- LC Amendment
- Bill Examination & Negotiation
- Executive of Export Bill Proceed
- Export Document Preparation of Privilege Customers




### Import Services

- L/C Issuance
- Import Bill for Collection
- Payment under LC
- Issuing of Shipping Guarantee

## International Funds Transfer

(Telegraphic Transfer- T.T)

- Global Inward T.T
- Global Outward T.T
- Payment Order

## Foreign Currency Deposit Account

- Opening Foreign Currency Deposit Account (Individual & Corporate)
- Funds Transfer (Inside & Outside)

## Global Money Express (Inward Only)

- Western Union - From World Wide countries to Myanmar
- International Money Express- (IME) From Malaysia to Myanmar
- May Bank - From Malaysia to Myanmar
- Sing- Post - From Singapore to Myanmar

www.cbbank.com.mm contact@cbbank.com.mm CBBankMyanmar

COMMERCE INTERNATIONAL

# စင်ကာပူစီးပွားရေး ကျဆင်းမှုကြောင့် အလုပ်လက်မဲ့နှုန်းနဲ့ အလုပ်မှ ထုတ်ပယ်မှုမြင့်တက်



ယခုနှစ် ဒုတိယ သုံးလပတ်မှာ အလုပ်လက်မဲ့နှုန်း မြင့်တက်ပြီး ခုနစ်နှစ်အတွင်း အလုပ်မှ ထုတ်ပယ်မှု အမြင့်ဆုံးကို ရောက်ရှိလာတဲ့အတွက် စင်ကာပူ လုပ်သားဈေးကွက်မှာ အကျပ်အတည်းဖြစ်မယ့် လက္ခဏာတွေ မြင့်တက်လာခဲ့ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူ နိုင်ငံရဲ့ ပြည်ပဝယ်လိုအားကလည်း နွေးကွေးနိမ့်ကျနေဆဲဖြစ်ပြီး ဖော်ပြပါ ပြည်ပဝယ်လိုအားကိုပဲ စင်ကာပူစီးပွားရေးက မှီခိုနေရတဲ့အတွက် လက်ရှိအခြေအနေအတိုင်း ယခုနှစ်ကုန်ထိ ဆက်လက်တည်ရှိနေလိမ့်မယ်လို့ စီးပွားရေးကျွမ်းကျင်သူတွေက ခန့်မှန်းပါတယ်။ စင်ကာပူ နိုင်ငံသားနဲ့ အမြဲတမ်း နေထိုင်ခွင့်ရသူတွေရဲ့ အလုပ်လက်မဲ့နှုန်းက ဇွန်မှာ ၃ရာခိုင် နှုန်းရှိခဲ့ရာ မတ်လကရှိခဲ့တဲ့ ၂ဒသမ ၇ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးနှုန်းလည်း ဖြစ်ပါတယ်။

စုစုပေါင်း အလုပ်လက်မဲ့နှုန်းက ဇွန်မှာ ၂ဒသမ ၁ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ဒီနှုန်းက လွန်ခဲ့တဲ့ သုံးလက ရှိခဲ့တဲ့ ၁ ဒသမ ၉ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် မြင့်တက်နေပေမယ့် ၂၀၀၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ချိန်က ရှိခဲ့တဲ့ ၃ဒသမ ၃ ရာခိုင်နှုန်းအောက် ကျဆင်းခဲ့ပါတယ်။ အလားတူ အလုပ်မှ ထုတ်ပယ်မှုတွေလည်း မြင့်မားခဲ့ပါတယ်။

ယခုနှစ် ဒုတိယသုံးလပတ်မှာ အလုပ်မှ ထုတ်ပယ်ခံရသူ ဦးရေက ၅၅၀၀ ဦး ရှိခဲ့တဲ့အတွက် ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၇၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ပါတယ်။ အလုပ်မှ ထုတ်ပယ်ခံရသူ အများစုမှာဝန်ဆောင်မှု ကဏ္ဍမှဖြစ်ပြီး အလုပ်မှ ထုတ်ပယ်ခံရသူ လုပ်သားဦးရေက ၃၄၀၀ အထိ ရှိခဲ့ပါတယ်။

ကျွမ်းကျင်ပညာရှင်တွေ၊ မန်နေဂျာတွေနဲ့ အမှုဆောင်အရာရှိတွေက အလုပ်မှ ထုတ်ပယ်ခံရပြီးရင် အလုပ်ပြန်ရဖို့ ရှာဖွေရတာ အချိန်ပိုကြာတာဖြစ်လို့ သူတို့အတွက် ပိုမိုစိုးရိမ်မိကြောင်း လူအင်အားဆိုင်ရာ အစိုးရပါလီမန်ကော်မတီ ဥက္ကဋ္ဌ မစ္စတာ ပက်ထရစ်တေက ပြောပါတယ်။

ယခုနှစ်အတွင်း အလုပ်မှ ထုတ်ပယ်ခံရသူ ဦးရေမှာ ၁၀၂၁၀ ဦး ရှိသွားပြီဖြစ်တဲ့အတွက် တစ်နှစ်လုံး အခြေအနေကို ကြည့်ပါက ယခင်နှစ်က အလုပ်မှ ထုတ်ပယ်ခံရသူ ဦးရေဖြစ်တဲ့ ၁၅၅၈၀ ဦးထက် ပိုမိုကျော်လွန်သွားနိုင်တယ်လို့ ဒီဘီအက်စ်ဘဏ်မှ စီးပွားရေးပညာရှင် အိုင်ဗင်ဆီးဟားက ပြောပါတယ်။

"အလုပ်လက်မဲ့နှုန်း ဆက်လက်မြင့်မားလာတာကြောင့် ကားနဲ့ အိမ်ဝယ်ယူမှုအပါအဝင် စားသုံးသူ သုံးစွဲမှုနဲ့ လက်လီစီးပွား ရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ထိခိုက်နိုင်ပါတယ်" လို့ သူက ပြောပါတယ်။

ညဏ်တင်




Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 1st August 2016

<< JUNE And JULY Sailing Schedule >>

| KOREA/JAPAN / MYANMAR | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘပ္ပနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။